# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်တွင် ပထမဆုံး စတင်ထုတ်ဝေခဲ့သည့် ကြေးမုံ သတင်းစာ

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၇၉ ခုနှစ် ပြာသိုလဆန်း ၁ ရက်၊ တနင်္လာနေ့။ Monday, 18 December 2017 ၉၁၄၂


# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ဇနီး ဒေါ်စုစုလွင်နှင့် အဖွဲ့သည် တိုကျိုမြို့၌ ကျင်းပခဲ့သည့် Universal Health Coverage Forum 2017 အဆင့်မြင့် ခေါင်းဆောင်များ ဆွေးနွေးပွဲသို့ တက်ရောက်ပြီး ဒီဇင်ဘာ ၁၇ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ဂျပန်နိုင်ငံမှ All Nippon Airways လေကြောင်းဖြင့် ထွက်ခွာကြသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာတရှိဟီဂူချိ၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်ဇင်၊ မြန်မာစစ်သံမှူး ဗိုလ်မှူးချုပ်စောမင်း၊ မြန်မာသံရုံးနှင့် မြန်မာစစ်သံရုံးတို့မှ တာဝန်ရှိသူများနှင့် သံရုံးမိသားစုများက ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ နာရီတာ (Narita)လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

သတင်းစဉ်



ဂျပန်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။

# ၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၈၁၃ တွဲ ရောင်းချနိုင်ခဲ့



## ယနေ့အထိ ကျောက်မျက်(၃၂)တွဲမှ ရောင်းရငွေ ယူရိုငွေ သုည ဒသမ ၇၆၆ သန်း၊ ကျောက်စိမ်း ၁၈၁၂ တွဲမှ ယူရိုငွေ ၈၇ ဒသမ ၈၀၆ သန်းဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဆဋ္ဌမနေ့အဖြစ် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့တွင် အခြေခံဈေး ယူရိုငွေ ၄၀၀၀ နှင့် ၁၀၀၀ အထက် တန်ဖိုးသတ်မှတ်ထားသည့် ကျောက်စိမ်းအတွဲအမှတ်(၂၃၀၀)အနက်မှ ကျောက်စိမ်းတွဲ စုစုပေါင်း ၈၁၃ တွဲအား ပြည်တွင်းပြည်ပရတနာကုန်သည်များထံ ရောင်းချပေးနိုင်ခဲ့သည်။

အဆိုပါ ကျောက်စိမ်းအတွဲ ၈၁၃ တွဲကို အိတ်ဖွင့် တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ခြင်းဖြစ်ပြီး စုစုပေါင်းတန်ဖိုး ယူရိုငွေ ၅၀ ဒသမ ၀၁၉ သန်းခန့်ရှိကြောင်း သိရသည်။

သို့ပါ၍ ယနေ့အထိ ကျောက်မျက်(၃၂)တွဲမှ ရောင်းရငွေ ယူရိုငွေ သုည ဒသမ ၇၆၆ သန်း၊ ကျောက်စိမ်း ၁၈၁၂ တွဲမှ ယူရိုငွေ ၈၇ ဒသမ ၈၀၆ သန်းဖြစ်ကြောင်း သိရသည်။

ပြပွဲဆဋ္ဌမနေ့သို့ ပြည်တွင်း ပြည်ပ ရတနာကုန်သည် စုစုပေါင်း ၄၄၁၆ ဦးတက်ရောက်ခဲ့ကြပြီး ကျောက်မျက်၊ အချောထည်ကျောက်စိမ်းအတွဲများအား စိတ်ကြိုက်ကြည့်ရှုလေ့လာကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✳

**ခရစ္စမတ်အကြိုဝတ်ပြုဆုတောင်းခြင်းနှင့် ညစာစားပွဲကျင်းပ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး တက်ရောက်**

စာမျက်နှာ - ၈

**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသို့ တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာ ငါးသိန်း ပေးအပ်လှူဒါန်း**

စာမျက်နှာ - ၃




# ကြေးမုံ

## စီးပွားရေးအဓိကမောင်းနှင်အားကို မြှင့်တင်

နိုင်ငံ၏စီးပွားရေးနယ်ပယ်တွင် အကြီးစားစီးပွားရေးလုပ်ငန်းများမှာ တစ်ရာခိုင်နှုန်းသာရှိပြီး အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများမှာ ၉၉ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။ ထို့ကြောင့် နိုင်ငံ၏စီးပွားရေးကို စွမ်းရည်မြှင့်တင်ပေးမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသော မောင်းနှင်အားမှာ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖြစ်ပါသည်။

နိုင်ငံတော်စီးပွားရေးမူဝါဒ (၁၂)ရပ်၏ အဓိကအချက်တွင် 'အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးတိုးတက်မှုတို့ကို အထောက်အကူပြုသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ SME ကို ပံ့ပိုးကူညီပေးရန်'ဟု ဖော်ပြထားသည်။ SME ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ ဖွင့်ဆိုချက်နှင့်အညီ အသေးစားနှင့် အလတ်စားထုတ်လုပ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်းများကို ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်ရန် နိုင်ငံတော်အဆင့် ဗဟိုကော်မတီဖွဲ့စည်းပြီး ကူညီဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။

SME လုပ်ငန်းသည် နိုင်ငံတော်၏စီးပွားရေးကို လွှမ်းခြုံထားသောကြောင့် ထိုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ခြင်း ရှိ၊ မရှိကို စောင့်ကြည့်လေ့လာပြီး လိုအပ်သည်များကို ကူညီဖြည့်ဆည်းပေး၍ အကြီးစားလုပ်ငန်းများအထိ တိုးတက်အောင် အားထုတ်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ စီးပွားရေးနယ်ပယ်တွင် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများမှာ ယခင်က သူ့နည်းသူ့ဟန်ဖြင့် ရှင်သန်ရပ်တည်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် အသေးစား၊ အလတ်စား ဥပဒေပြဋ္ဌာန်းပြီးနောက် SME လုပ်ငန်းကို နိုင်ငံတော်က ပါဝင်ပံ့ပိုးကူညီပေးနေခြင်း ဖြစ်သည်။

SME လုပ်ငန်းများမှာ နိုင်ငံတစ်ဝန်း ကျယ်ပြန့်လှသဖြင့် အချိန်ကာလ နှစ်နှစ်ကျော်အတွင်း ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် နှေးကွေးနေသေးသည်ဟု ဆိုရမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် SME လုပ်ငန်းများ၏ ပကတိအခြေအနေကို လေ့လာသုံးသပ်ကာ လက်တွေ့ကျသည့် ပံ့ပိုးကူညီဆောင်ရွက်ပေးမှုများနှင့် မြှင့်တင်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ညွှန်ပြဖြည့်ဆည်းပေးလျက်ရှိသည်။

SME လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် လက်တွေ့ကျသော ချဉ်းကပ်မှုမျိုးနှင့် ဆောင်ရွက်မှသာ ရေရှည်တည်တံ့ခိုင်မြဲသော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မည်ဟု ယုံကြည်ထားသည်။ နိုင်ငံအတွင်း ငွေကြေးအရင်းအမြစ်၊ လူသားအရင်းအမြစ်၊ အတတ်ပညာအရင်းအမြစ်နှင့် ဒေသတွင်းရရှိနိုင်သော အရင်းအမြစ်များကို ဖော်ထုတ်အသုံးချနိုင်ခြင်းသည် အရေးကြီးသော အချက်ဖြစ်သည်။

ဈေးကွက်အခြေခံစီးပွားရေးစနစ်တွင် စီးပွားရေးတိုးတက်သည်ဆိုရာ၌ အမြတ်နှုန်း အမြင့်ဆုံးဆောင်ရွက်နိုင်ခြင်းထက် သင့်တင့်လျောက်ပတ်သည့် အမြတ်နှုန်းတစ်ခုကို အချိန်ကာလ အတိုင်းအတာတစ်ခုအထိ တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ခြင်းဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်သည်။ စီးပွားရေးစနစ် အားကောင်းလာစေရန် ဆောင်ရွက်ရာတွင် အမြတ်များများရရှိရေးထက် ဈေးကွက်တွင် သင့်တင့်လျောက်ပတ်သော အမြတ်အစွန်းဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ထွန်းရေးသည် အရေးကြီးသည်။

SME လုပ်ငန်းဖွံ့ဖြိုးရေးအတွက် လက်တွေ့ကျသောချဉ်းကပ်မှုတွင် ငွေကြေးအရင်းအမြစ်သည် ပထမ အရေးကြီးပြီး လုပ်ငန်းရှင်များလိုအပ်သောအရင်းအနှီးကို စနစ်တကျထုတ်ပေးနိုင်ရန် လိုအပ်သည်။ လေ့လာတွေ့ရှိသည့်စာရင်းများအရ အရင်းအနှီးအတွက် ချေးငွေများထုတ်ပေးရာ၌ နိုင်ငံတစ်ဝန်းတွင် အသေးစား၊ အလတ်စား စက်မှုလက်မှုနှင့် အိမ်တွင်းမှုလုပ်ငန်းရှင် နှစ်သိန်းကျော်ရှိရာ ယင်းတို့အနက် လုပ်ငန်းရှင် ရာဂဏန်းသာ ထုတ်ချေးနိုင်ပြီး အတိုးနှုန်းလည်း များနေသည်ဟု သိရသည်။ ကနဦးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပ ငွေကြေးအရင်းအမြစ် တိုးပွားအောင် အားထုတ်ကြရမည်ဖြစ်သည်။ လုပ်ငန်းရှင် နှစ်သိန်းကျော်အား သက်သာသောအတိုးနှုန်းဖြင့် လိုအပ်သည့်ငွေကြေးကို ထုတ်ချေးပေးခြင်း၊ နည်းပညာနှင့်ဈေးကွက်ကို အခြားနိုင်ငံများနှင့်ပူးပေါင်းကာ ကူညီဆောင်ရွက်ပေးခြင်းဖြင့် ပြည်တွင်းထုတ်ကုန်များ တိုးတက်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသော အသေးစား၊ အလတ်စား SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရန် ငွေကြေး၊ နည်းပညာ၊ ဈေးကွက် ဤသုံးချက် တိုးတက်ဖြစ်ထွန်းလာအောင် ဝိုင်းဝန်းဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု အလေးအနက် ယုံကြည်ပါသည်။ ။

## ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း စိန်ပန်းမြိုင်ဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး 66/ 33/ 6.6 kV Sub-Station နှင့် Control Room တို့ကို ကြည့်ရှုစစ်ဆေးသည်။



လျှပ်စစ်ဓာတ်အား လက်ခံဖြန့်ဖြူးမှုအနေဖြင့် သာကေတဓာတ်အားလိုင်း အမှတ်(၁) နှင့် အမှတ်(၂)တို့ဖြင့် 66 kV ဓာတ်အားလိုင်းမှ ဓာတ်အား လက်ခံရယူပြီး 66/ 33 kV, 30 MVA ထရန်စဖော်မာ အမှတ်(၁) နှင့် အမှတ်(၂) တို့ဖြင့် 33 kV သို့ ဗို့အားလျှော့ချကာ အာအိုင်အာခွဲရုံ၊ ကမ္ဘာအေးခွဲရုံနှင့် 10 MVA ထရန်စဖော်မာဖီဒါများသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိသည်။

လော့်ကားအဝင် AA၊ AB ဓာတ်အားလိုင်း နှစ်လိုင်းဖြင့် 33 kV ဓာတ်အား လက်ခံပြီး ၁၀ မိုင် ဖီဒါနှင့် မရမ်းကုန်းခွဲရုံအတွက် AA၊ AB ဖီဒါများဖြင့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပြီး 33/ 6.6 kV ,10 MVA ထရန်စဖော်မာမှတစ်ဆင့် 6.6 kV ဓာတ်အားလိုင်းများကို ဆက်သွယ်ရေး+ ကမ္ဘာအေးဗီလာဖီဒါ၊ ပါရမီဖီဒါ၊ သဇင်ရုံ ဖီဒါ၊ ၁၀ မိုင်ဖီဒါ၊ ရေစက်+ ရွှေနေချုပ်ဖီဒါများကို ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသည်။

ဗို့အားတည်ငြိမ်မှု ရှိစေရန်နှင့် ပါဝါဖက်တာကိန်း ကောင်းမွန်စေရန် အတွက် 33 kV Bus -Bar တွင် 6 MVAR Capacitor Bank တပ်ဆင်ထားရှိကာ ဓာတ်အားဖြန့်ဖြူးရေးစနစ်ကို GIS စနစ်သို့ ပြောင်းလဲရန် ယခုနှစ် ဖေဖော်ဝါရီလမှ စတင်တည်ဆောက်ကာ နိုဝင်ဘာလတွင် GIS စနစ်ဖြင့် တိုးချဲ့ဓာတ်အားလက်ခံဖြန့်ဖြူးပေးနိုင်ခဲ့ကာ GIS စနစ်တွင် Line ခုနစ်လိုင်းနှင့် ထရန်စဖော်မာ လေးဖီဒါပါရှိပြီး 66/11/6.6 kV, 30 MVA ထရန်စဖော်မာတစ်လုံးဖြင့် 33/6.6 kV, 10 MVA ထရန်စဖော်မာကို အစားထိုးတပ်ဆင်ကာ လက်ရှိတွင် GIS ဖီဒါမှ တောင်ကမ္ဘာအေးခွဲရုံသို့ 66 kV ဖြင့် ထပ်မံဖြန့်ဖြူးလျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် 33 kV ၁၀ မိုင်၊ YCDC ၁၂ မိုင် လိုင်းသွယ်တန်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အလုံဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး Toyo Thai Power Myanmar Co.,Ltd ၏ (121 MW) ဓာတ်အားပေးစက်ရုံ Control Roomနှင့် စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အလုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ Control Room မှတစ်ဆင့် ဓာတ်အားစနစ်အတွင်းသို့ ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ ဓာတ်အားထုတ်လုပ်နေမှုနှင့် စက်ရုံအတွင်း စက်များစွမ်းအားပြည့် လည်ပတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## သရက်မြို့နယ် စည်ပင်သာယာ ဒုတိယသုံးလပတ်နှင့် တတိယသုံးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**သရက် ဒီဇင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဒုတိယသုံးလပတ်နှင့် တတိယသုံးလပတ် ငွေလုံးဖြင့် သာမန်လုပ်ငန်းများ ဆောင်ရွက်မှုနှင့် ပတ်သက်သည့် အစည်းအဝေးကို ဒီဇင်ဘာ ဒုတိယပတ်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့်က လုပ်ငန်းများ ဆောင်ရွက်ရာတွင် ခွင့်ပြုငွေကြေးများအတိုင်း အရည်အသွေး ပြည့်မီစေရေး အလေးထားဆောင်ရွက်ရန်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးယုမော်က ရပ်ကွက်အလိုက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် အရည်အသွေးကောင်းမွန်စွာ ဆောင်ရွက်နိုင်ရေး ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများက လုပ်ငန်းဆောင်ရွက်မှု အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးကြသည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပထမသုံးလပတ်တွင် ငွေလုံးလုပ်ငန်း ရှစ်ခု၊ ငွေကျပ် ၂၅၇ သိန်း၊ ဒုတိယနှင့် တတိယသုံးလပတ်တွင် ငွေလုံးလုပ်ငန်း ၁၁ ခု၊ ငွေကျပ် ၉၅၃ သိန်းဖြင့် မြို့တွင်းလမ်းများ ကောင်းမွန်ရေး အလေးထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## တိုင်ကြားနိုင်ပါသည်

နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကိုဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်ကပါဝင်ချုပ်ဆိုထားသည့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးသဘောတူစာချုပ်(CEDAW)၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်(CRC)၊ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်(CRPD)ပါ လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အမှတ်(၂၇) ပြည်လမ်းလှိုင်မြို့နယ် ရန်ကုန်မြို့သို့လိပ်မူ၍ မှတ်ပုံတင်စာဖြင့် ဖြစ်စေ၊ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ အောက်ပါအချက်အလက်များ ပြည့်စုံစွာဖော်ပြ၍ တိုင်ကြားခြင်းများပြုလုပ်နိုင်ပါသည်-

(၁) တိုင်တန်းသူ၏အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ၊ (ဆက်သွယ်ရန်ဖုန်း၊ လက်ကိုင်ဖုန်း၊ ဖက်စ်နှင့် email တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(၂) တိုင်တန်းသူသည် မည်ကဲ့သို့ မူလ အခွင့်အရေးဖောက်ဖျက်ခံရကြောင်း အချက်အလက်များဖြင့် အမှုနှင့်သက်ဆိုင်သော အထောက်အထားများ ပူးတွဲလျက် ပြည့်စုံစွာဖော်ပြရန်၊

(၃) တိုင်တန်းဖော်ပြချက်သည် မှန်ကန်စွာ ရေးသားဖော်ခြင်းဖြစ်ကြောင်း ဝန်ခံချက်လက်မှတ်ရေးထိုးရန်၊

(၄) တိုင်တန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ။

မှတ်ချက်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် တိုင်တန်းချက်များကို စိစစ်ရာတွင် လိုအပ်ပါက တိုင်တန်းသူအားခေါ်ယူတွေ့ဆုံမေးမြန်းပါမည်။

**(မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်)**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ ဂျပန်နိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးနှင့် Universal Health Coverage Forum 2017 အဆင့်မြင့်ခေါင်းဆောင်များ ဆွေးနွေးပွဲ တက်ရောက်ခဲ့

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့သည် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ရန်နှင့် တိုကျိုမြို့တွင် ကျင်းပပြုလုပ်သည့် Universal Health Coverage Forum 2017 အဆင့်မြင့်ခေါင်းဆောင်များ ဆွေးနွေးပွဲသို့ တက်ရောက်ရန် ၁၂-၁၂-၂၀၁၇ ရက်နေ့တွင် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့ပြီး ၁၇-၁၂-၂၀၁၇ ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

၂။ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ၁၂-၁၂-၂၀၁၇ ရက်နေ့ ၂၂း၁၀ နာရီတွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့သို့ All Nippon Airways လေကြောင်းဖြင့် ထွက်ခွာလာရာ ၁၃-၁၂-၂၀၁၇ ရက်နေ့ ဒေသစံတော်ချိန် ၀၆း၃၀ နာရီတွင် တိုကျိုမြို့ Narita လေဆိပ်သို့ ရောက်ရှိခဲ့ပါသည်။

၃။ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ၁၃-၁၂-၂၀၁၇ ရက်နေ့ ညနေပိုင်းတွင် တိုကျိုမြို့ Imperial Hotel ၌ မြန်မာသံရုံးနှင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)ရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံကာ ဝန်ထမ်းများနှင့် မိသားစုဝင်များ၏ ကျန်းမာရေးနှင့် ပညာရေးအခြေအနေတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ကြပါသည်။

၄။ နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ၁၄-၁၂-၂၀၁၇ ရက်နေ့ နံနက်ပိုင်းတွင် တိုကျိုမြို့ Tokyo Prince Hotel ၌ ကျင်းပပြုလုပ်သည့် Universal Health Coverage Forum 2017 အဆင့်မြင့်ခေါင်းဆောင်များ ဆွေးနွေးပွဲသို့တက်ရောက်၍ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr. António Guterres၊ ဆီနီဂေါလ်နိုင်ငံ သမ္မတ Mr. Maky Sall တို့နှင့်အတူ မိန့်ခွန်းများ အသီးသီးပြောကြားခဲ့ကြပါသည်။

၅။ ယင်းနေ့ညနေပိုင်းတွင် ဂျပန်ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးမှ နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား ဝန်ကြီးချုပ်ရုံး၌ တရားဝင်ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုခဲ့ပါသည်။ ထို့နောက် ၁၈း၁၅ နာရီတွင် နိုင်ငံတော်သမ္မတနှင့် ဂျပန်ဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံ ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပပြုလုပ်ခဲ့ကြပါသည်။ ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလာရောက်ရေး၊ မြန်မာနိုင်ငံ၏ ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးလုပ်ငန်းအတွက် ဆက်လက်ကူညီသွားရေး၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကူညီပံ့ပိုးရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဂျပန်နိုင်ငံအစိုးရနှင့် ပုဂ္ဂလိကတို့ပူးပေါင်း၍ ဂျပန်ယန်း ၈၀၀ ဘီလီယံဖြင့် ကူညီပံ့ပိုး အကောင်အထည်ဖော်ဆောင်ရွက်မည့် မြန်မာနိုင်ငံကျန်းမာရေးကဏ္ဍ၊ အထူးသဖြင့် ရန်ကုန်မြို့တွင် နှလုံးရောဂါ၊ ဦးနှောက်နှင့် အာရုံကြောရောဂါ အထူးကုဆေးရုံကြီး တည်ဆောက်ရေး၊ ဆေးရုံသုံးကိရိယာများ ထောက်ပံ့ပေးရေး၊ ကျွမ်းကျင်ဆရာဝန်နှင့် ပညာရှင်များအား လေ့ကျင့်သင်ကြားပေးရေးနှင့် ထားဝယ်မြို့ ဆေးရုံ၌ အထွေထွေရောဂါကု ဆေးရုံတည်ဆောက်ရေး၊ ရန်ကုန်မြို့ပြ ဖွံ့ဖြိုးရေးနှင့် သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်ဓာတ်အား အစရှိသည့် ကဏ္ဍများတွင် အလေးပေးပူးပေါင်းဆောင်ရွက်ရေး၊ ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် အင်ဒို-ပစိဖိတ် မဟာဗျူဟာ ချိတ်ဆက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

၆။ ယင်းနောက်တွင် နိုင်ငံတော်သမ္မတနှင့် ဂျပန်ဝန်ကြီးချုပ်တို့သည် ပူးတွဲသတင်းစာ ရှင်းလင်းပွဲတစ်ရပ်ကို ကျင်းပပြုလုပ်ခဲ့ပါသည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဝန်ကြီးချုပ် မစ္စတာ အာဘေးနှင့် ဇနီးတို့မှ ဝန်ကြီးချုပ်ရုံး၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။

၇။ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ၁၅-၁၂-၂၀၁၇ ရက်နေ့တွင် အိုဆာကာမြို့သို့ ကျည်ဆန်ရထားဖြင့် သွားရောက်ခဲ့ပြီး အိုဆာကာတက္ကသိုလ်၊ နိုင်ငံခြားလေ့လာရေးကျောင်း၊ မြန်မာစာဌာနသို့ သွားရောက်လေ့လာကာ မြန်မာစာ သင်ကြားပေးလျက်ရှိသော ပါမောက္ခများ၊ မြန်မာဘာသာ သင်ယူလျက်ရှိကြသော ဂျပန်နိုင်ငံသား ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံခဲ့ပါသည်။ ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ကျိုတိုစီရင်စု၊ အုပ်ချုပ်ရေးမှူး၊ ကျိုတိုမြို့တော်ဝန်နှင့် ကျိုတိုကုန်သည်ကြီးများအသင်းဥက္ကဋ္ဌတို့မှ ကျိုတိုနိုင်ငံတော်ဧည့်ဂေဟာတွင် တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။

၈။ ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တိုကျိုမြို့တွင် ကမာကုရဘုရားကြီးသို့ သွားရောက်ဖူးမြော်ခဲ့ကြပြီး၊ ကျိုတိုမြို့တွင် သမိုင်းဝင်အဆောက်အအုံ ရွှေကျောင်းတော်သို့လည်းကောင်း၊ ကာနာဂါဝါခရိုင်၌ ဟာကိုးနဲရေကန်သို့သွားရောက်ခဲ့ပြီး Mt. Fuji ကို လေ့လာခဲ့ကြပါသည်။ ၁၆-၁၂-၂၀၁၇ ရက်နေ့ ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် မြန်မာနိုင်ငံ အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်ရေးဆိုင်ရာ ဂျပန်နိုင်ငံအစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နိပွန်ဖောင်ဒေးရှင်း၊ ဥက္ကဋ္ဌ မစ္စတာ ရောဟဲအိ ဆာဆာကာဝါမှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။

၉။ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၁၇-၁၂-၂၀၁၇ ရက် (တနင်္ဂနွေနေ့) ဒေသစံတော်ချိန် နံနက် ၁၁း၀၀ နာရီတွင် တိုကျိုမြို့၊ နာရီတာ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ All Nippon Airways (ANA) လေကြောင်းဖြင့် ပြန်လည်ထွက်ခွာလာရာ ရန်ကုန်မြို့သို့ ၁၆း၃၀ နာရီတွင် ပြန်လည်ဆိုက်ရောက်ခဲ့ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်။**

# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသို့ တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာ ငါးသိန်း ပေးအပ်လှူဒါန်း



**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသို့ အလှူငွေပေးအပ်ပွဲ ကျင်းပစဉ်။**




**ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းထံ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Sun Guoxiang က အမေရိကန်ဒေါ်လာ ငါးသိန်း ပေးအပ်လှူဒါန်းစဉ်။**

**နေပြည်တော် ဒီဇင်ဘာ ၁၇**
ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသို့ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန၌ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် H.E. Mr. Sun Guoxiang က မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို တရုတ်နိုင်ငံက ထောက်ခံပါကြောင်း၊ တရုတ်နိုင်ငံက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ သုံးသန်း လှူဒါန်းမည်ဖြစ်ပါကြောင်း၊ လာမည့်နှစ်တွင် ကျန်သည့် အမေရိကန်ဒေါ်လာ တစ်သန်း ထပ်မံလှူဒါန်းမည်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံက မြန်မာနိုင်ငံ၏ မိတ်ဆွေကောင်း ဖြစ်ပါကြောင်း၊ လှူဒါန်းမှုမှာ ပမာဏအားဖြင့် မကြီးမားသော်လည်း စေတနာကိုဖော်ပြရာ ရောက်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လိုအပ်ချက်ကိုလည်း ထပ်မံကူညီသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Sun Guoxiang က အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသို့ အမေရိကန်ဒေါ်လာ ငါးသိန်းကို ပေးအပ်လှူဒါန်းရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက မြန်မာပြည်သူများနှင့် အားလုံးလိုလားကြသည်မှာ ငြိမ်းချမ်းရေးပင်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ၁၉၄၈ ခုနှစ်မှစခဲ့သည့်ပြဿနာကို ဖြေရှင်းရန် ကြိုးစားနေပါကြောင်း၊ နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်တို့ကလည်း ငြိမ်းချမ်းရေးသည် အဓိကဖြစ်သည်ဟုပြောကြားထားပါကြောင်း၊ တရုတ်နိုင်ငံအစိုးရက မိတ်ဆွေအား အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်သည့်အတွက် ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် အားတက်ရပါကြောင်း၊ တရုတ်နိုင်ငံက မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အလှူငွေများ ပေးအပ်နေမှုမှာ မိတ်ဆွေနိုင်ငံ၏ အထိမ်းအမှတ် ဖြစ်ပါကြောင်း၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားအဖွဲ့အားလုံးနှင့် ပြည်သူများက ငြိမ်းချမ်းရေးကို လိုလားပါကြောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အား ဆက်လက်ကူညီပေးသွားစေလိုကြောင်း ပြောကြားသည်။

အလှူငွေပေးအပ်ပွဲသို့ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ရေရှားပါးသည့် တောင်ပေါ်ဒေသ၌ စက်ရေတွင်းတူးဖော်ပေး

**ပေါင်းတည် ဒီဇင်ဘာ ၁၇။** ။ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၄၀ ဖြင့် တာဝန်ယူဆောင်ရွက်သည့် ရေရှားပါးသည့် တောင်ပေါ်ဒေသ ဇီးပင်လှအုပ်စု ဇီးပင်လှရွာ(၂)အမကကျောင်းတွင် လေးလက်မ စက်ရေတွင်း တွင်းတိမ်တူးဖော်ခြင်းနှင့် ရေစက်ရုံ၊ ရေကန်တည်ဆောက်ရေးလုပ်ငန်းကို ဒီဇင်ဘာ ၁၆ ရက်က မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခင်က ရေရှားပါးသည့်ဒေသဖြစ်ပြီး ယခုလိုတူးဖော်ပေးမှုကြောင့် ကျောင်းသား ကျောင်းသူများအတွက် ရေကောင်းရေသန့်ရရှိမည့်အပြင် ကျေးရွာနေပြည်သူများအတွက်လည်း သောက်သုံးရေဖူလုံမည်ဖြစ်ကြောင်း အဆိုပါကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဂျေရုဆလင် အဆင့်အတန်းသတ်မှတ်ချက် အမေရိကန်ပြန်လည်ရုပ်သိမ်းရေး လုံခြုံရေးကောင်စီ သုံးသပ်



**ကုလသမဂ္ဂ ဒီဇင်ဘာ ၁၇**

ဂျေရုဆလင်အား အဆင့်အတန်းသတ်မှတ်ရေးနှင့် ပတ်သက်၍ နိုင်ငံအလိုက် မည်ကဲ့သို့သော ဆုံးဖြတ်ချက်မျိုးကို မဆို ချမှတ်ခြင်းမပြုရန် တိုက်တွန်းသည့် ဆုံးဖြတ်ချက်တစ်ရပ် ပေါ်ထွက်လာစေရေးအတွက် ကိုင်တွယ်ဆောင်ရွက်သွားရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အလေးအနက် စဉ်းစားသုံးသပ်လျက်ရှိကြောင်း ရိုက်တာသတင်းဌာနက ဒီဇင်ဘာ ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျေရုဆလင်အား အစ္စရေးနိုင်ငံ၏ မြို့တော်အဖြစ် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မကြာမီက အသိအမှတ်ပြုခဲ့ပြီးနောက် ယင်းမြို့နှင့် ပတ်သက်၍ ကမ္ဘာ့နိုင်ငံတစ်နိုင်ငံက တစ်ဖက်သတ် ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် ဥပဒေအရ အာဏာသက်ဝင်ခြင်း မရှိစေရန်လည်းကောင်း၊ သမ္မတထရမ့်အနေဖြင့် ၎င်း၏ အသိအမှတ်ပြုချက်ကို ပြန်လည်ရုပ်သိမ်းလာစေရန်လည်းကောင်း လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်တစ်ရပ် ပေါ်ထွက်လာသင့်သည် ဆို၏။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင် ၁၅ နိုင်ငံထံသို့ ဖြန့်ဝေထားသော ဆုံးဖြတ်ချက်မူကြမ်းတစ်ရပ်တွင် အမေရိကန်ပြည်ထောင်စုနှင့် သမ္မတထရမ့်တို့ကို အတိအကျ ရည်ညွှန်းဖော်ပြထားခြင်းမရှိကြောင်း၊ အီဂျစ်နိုင်ငံက တင်သွင်းထားသော စာမျက်နှာ တစ်မျက်နှာပါ ဆုံးဖြတ်ချက် မူကြမ်းနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံမှုရရှိနိုင်သော်လည်း အမေရိကန်အစိုးရအဖွဲ့က ဗီတိုအာဏာဖြင့် ပယ်ချဖွယ်ရှိကြောင်း သံတမန်များက ပြောကြားကြသည်။

အဆိုပါ ဆုံးဖြတ်ချက်မူကြမ်းနှင့် ပတ်သက်၍ ယခုရက်သတ္တပတ်တွင် လုံခြုံရေးကောင်စီက မဲပေးမည်ဟု မျှော်လင့်ရကြောင်း၊ ဆုံးဖြတ်ချက်မူကြမ်းကို အတည်ပြုနိုင်ရေးအတွက် ထောက်ခံမဲကိုးမဲရရှိရန်လိုအပ်ပြီး အမေရိကန်၊ ပြင်သစ်၊ ဗြိတိန်၊ ရုရှား သို့မဟုတ် တရုတ်နိုင်ငံက ဗီတိုအာဏာသုံး၍ ပယ်ချခြင်းမရှိရန် လိုအပ်ကြောင်း သံတမန်များက ပြောကြားကြသည်။

**ရိုက်တာ**




# ဥရောပသမဂ္ဂ၌ ဗြိတိန်နိုင်ငံ ဆက်လက်ရှိနေစေရန် လိုလားသူ ပြည်သူဦးရေ တိုးလာဟု စစ်တမ်း၌ဖော်ပြ

**အီဒင်ဘာရာ ဒီဇင်ဘာ ၁၇**

ယခုအခါတွင် ဥရောပသမဂ္ဂ(အီးယူ)မှ ဗြိတိန်နိုင်ငံ နုတ်ထွက်မှုကို ထောက်ခံသူဦးရေမှာ ၄၁ ရာခိုင်နှုန်းရှိပြီး အီးယူအတွင်း ဆက်လက်ရှိနေရေးကို လိုလားသူ ဦးရေမှာ ၅၁ ရာခိုင်နှုန်းအထိ ရှိလာကြောင်း နောက်ဆုံးကောက်ယူသည့် ပြည်သူ့သဘောထားဆန္ဒ စစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဗြိတိန်နိုင်ငံ၌ ထုတ်ဝေသော "အင်ဒီပင်းဒင့်"အမည်ရှိ သတင်းစာအတွက် ဘီအမ်ဂျီသုတေသနအဖွဲ့က လူပေါင်း ၁၄၀၀ ကို အခြေခံ၍ စစ်တမ်းတစ်ရပ် ကောက်ယူရာတွင် အထက်ပါအတိုင်း ဖော်ပြထားခြင်း ဖြစ်သည်။

ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံ နုတ်ထွက်ရေးကိစ္စနှင့် ပတ်သက်၍ ဒုတိယအကျော့ ဆွေးနွေးပွဲများ စတင်တော့မည့်အချိန်တွင် ယင်းစစ်တမ်းရလဒ်ပေါ်ထွက်လာခဲ့ပြီး အဆိုပါသတင်းစာ၏ အင်တာနက်ဝက်ဘ်ဆိုက်စာမျက်နှာတွင် ဖော်ပြထားသည်။

၂၀၁၆ ခုနှစ် ဇွန်လနောက်ပိုင်း ထုတ်ပြန်ခဲ့သော အလားတူစစ်တမ်းများနှင့် နှိုင်းယှဉ်ကြည့်ပါက အီးယူအဖွဲ့အတွင်း ဗြိတိန်နိုင်ငံ ဆက်လက်ရှိနေရန် လိုလားသူ ပြည်သူဦးရေ အများဆုံးအမှတ်အထိ တိုးလာပုံကို ဖော်ညွှန်းသော စစ်တမ်းသစ်ဖြစ်သည်ဟု ဘီအမ်ဂျီအဖွဲ့က ပြောကြားသည်။

လွန်ခဲ့သည့်နှစ်က ပြုလုပ်ခဲ့သော ပြည်သူ့ဆန္ဒခံယူပွဲတွင် ပြည်သူ ၅၂ ရာခိုင်နှုန်းက အီးယူမှ ဗြိတိန်နုတ်ထွက်ရေးဘက်မှ မဲပေးခဲ့ကြပြီး ၄၈ ရာခိုင်နှုန်းက အီးယူအဖွဲ့အစည်းအတွင်း ဗြိတိန်ဆက်လက်ရှိနေရေးဘက်မှ မဲပေးခဲ့ကြသည်။

ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံနုတ်ထွက်ရေးနှင့် ဆက်နွှယ်နေသော ဆွေးနွေးမှုများမှာ ဒုတိယအဆင့်သို့ ဝင်ရောက်ခဲ့ပြီဖြစ်သည်။

ဝန်ကြီးချုပ် ထရီစာမေသည် ကုန်သွယ်ရေးနှင့် အသွင်ကူးပြောင်းရေး သဘောတူညီချက်တစ်ရပ် ရရှိရေးအတွက် ဆွေးနွေးမှုများ ပြုလုပ်သွားကြရန် ယခုရက်သတ္တပတ်အတွင်း အီးယူခေါင်းဆောင်များနှင့် သဘောတူညီချက်တစ်ရပ် ရရှိခဲ့သည်။

သို့ရာတွင် ဒုတိယအကျော့ ဆွေးနွေးမှုများမှာ ပထမအကျော့ ဆွေးနွေးမှုများနှင့် နှိုင်းယှဉ်လျှင် ပိုမို၍ ခက်ခက်ခဲခဲ ဆွေးနွေးရလိမ့်မည်ဖြစ်ကြောင်း ဥရောပခေါင်းဆောင်အချို့က သတိပေးခဲ့ကြသည်။

**ရိုက်တာ**

# ချီလီနိုင်ငံတောင်ပိုင်းရှိ ကျေးရွာတစ်ရွာတွင် မြေပြိုကျမှုဖြစ်ပွား၊ လူငါးဦးသေဆုံး

**ဆန်တီယာဂို ဒီဇင်ဘာ ၁၇**

ချီလီနိုင်ငံတောင်ဘက်ပိုင်းရှိ ကျေးရွာတစ်ရွာတွင် မြေပြိုကျမှုဖြစ်ပွားခဲ့ရာ လူ ငါးဦးသေဆုံးခဲ့ပြီး ၁၅ ဦး ပျောက်ဆုံးလျက်ရှိကြောင်း ယနေ့သတင်းများအရသိရသည်။

ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ချီလီနိုင်ငံမြို့တော် ဆန်တီယာဂိုတောင်ဘက် ကီလိုမီတာ ၁၂၀၀ ခန့်အကွာအဝေးတွင်ရှိသော ဆန်တာလူဆီယာကျေးရွာတွင် မြေပြိုကျမှုဖြစ်ပွားခဲ့ရာ ယင်းကျေးရွာရှိ စာသင်ကျောင်းနှင့် လူနေအိမ်အများအပြား မြေများဖုံးလွှမ်းသွားခဲ့ကြောင်း သိရသည်။

ရဲအရာရှိများ၏ မှတ်တမ်းဓာတ်ပုံတစ်ခုတွင် လူနေအိမ်များအား မြေကြီးများဖုံးလွှမ်းနေသည့်မြင်ကွင်းကို ကောင်းကင်ယံမှ တွေ့ရှိရသည်။

မြေပြိုမှုကြောင့် အိုးမဲ့အိမ်မဲ့ ဖြစ်သွားသော ဒုက္ခသည်များအား ကူညီထောက်ပံ့မှုများ ပေးမည်ဖြစ်ကြောင်း၊ ထို့ပြင် မြေပြိုကျခဲ့သော နေရာကို ဘေးအန္တရာယ် ကျရောက်သည့်နေရာအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း သမ္မတ ဘာချီလက်က မီဒီယာသို့ ပြောကြားခဲ့သည်။

ကယ်ဆယ်ရေးလုပ်သားများက မြေပြိုကျရာနေရာသို့ သွားရောက်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဆန်တာလူဆီယာကျေးရွာတွင် မြေများပြိုကျမှုမဖြစ်ပွားမီ မိုးများသည်းထန်စွာ ရွာသွန်းခဲ့ကြောင်း ဒေသန္တရသတင်းဌာနများက ဆိုသည်။

**အင်န်အိတ်ချ်ကေ**



# လန်ချန်း-မဲခေါင် ဒေသဆိုင်ရာနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မည်

**ကူမင်း ဒီဇင်ဘာ ၁၇**

တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံခြားရေးအထက်တန်းတာဝန်ရှိသူများသည် မိမိတို့၏နိုင်ငံများမှ ပြည်သူများအကျိုးစီးပွားတိုးစေရေးအတွက် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားရန် ဒီဇင်ဘာ ၁၅ ရက်တွင် သဘောတူခဲ့ကြကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

တတိယအကြိမ် လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဖိုရမ်နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးကို တရုတ်နိုင်ငံ ယူနန်ပြည်နယ်အနောက်တောင်ပိုင်း တာ့လီမြို့တွင် ကျင်းပခဲ့ရာ အထက်ပါအတိုင်း သဘောတူညီကြခြင်းဖြစ်သည်။ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများ ပိုမိုမြှင့်တင်နိုင်ရေးနှင့် လန်ချန်း-မဲခေါင်နိုင်ငံများ အနာဂတ်ကာလ ငြိမ်းချမ်းရေးနှင့် ကြွယ်ဝချမ်းသာရေးမျှဝေနိုင်မည့် လူမှုအသိုက်အဝန်းတစ်ခု တည်ဆောက်ရေးအတွက် သဘောတူညီချက်များကို အကောင်အထည်ဖော်သွားရန် ဒေသဆိုင်ရာ တာဝန်ရှိသူများက ဆုံးဖြတ်ခဲ့ကြသည်။

လန်ချန်း-မဲခေါင်မြစ်သည် ဒေသတွင်း ခြောက်နိုင်ငံအကြား ချိတ်ဆက်ထားသော ဆက်ကြောင်းတစ်ခုဖြစ်သည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီနှင့် ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီး ပါရက်ဆိုခွန်းတို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်သော အစည်းအဝေး၌ ကွန်ရက်ချိတ်ဆက်ရေး၊ စက်မှုလုပ်ငန်းဆိုင်ရာ စွမ်းပကားမြှင့်တင်ရေး၊ နယ်စပ်ဖြတ်ကျော် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး၊ ရေအရင်းအမြစ်များ ထိန်းသိမ်းရေး၊ လယ်ယာစိုက်ပျိုးရေး မြှင့်တင်ရေးနှင့် ဆင်းရဲမွဲတေမှုလျှော့ချရေးစသည်တို့ အပါအဝင် အဓိကနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်သွားကြရန် သဘောတူညီကြသည်။

**ဆင်ဟွာ**

# အကြိမ်(၇၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် ပညာပါရမီကုသိုလ်ထူး ဆည်းပူးနိုင်ပါကြောင်း နှိုးဆော်

မြန်မာနိုင်ငံတွင်သာမက ကမ္ဘာမှာပင် ကျော်ကြား၍ စာမေးပွဲရက် အရှည်ကြာဆုံးသော အကြိမ်(၇၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၇ ရက်ထိ ၃၃ ရက်တိုင်တိုင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေး ကုန်းမြေ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ ကျင်းပမည်ဖြစ်သည်။

၁၉၄၈ ခုနှစ်(မြန်မာသက္ကရာဇ် ၁၃၁၀ ခုနှစ်)တွင် စတင်ကျင်းပခဲ့သော တိပိဋကဓရ တိပိဋကကောဝိဒစာမေးပွဲကြီးသည် မြန်မာနိုင်ငံလွတ်လပ်ရေး၏ ဖွားဖက်တော်ဖြစ်သည်နှင့်အညီ မြန်မာ့လွတ်လပ်ရေးသက်တမ်းနှင့်အမျှ ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ သာသနာ့အာဇာနည်လောင်းလျာ ပညာပါရမီရင့်သန်ကြသည့် သောတုဇန(စာသင်သား)အရှင်မြတ်တို့၏ သီလ၊ သမာဓိ၊ ပညာ၊ ဝီရိယစွမ်းအားတို့ကို အမြင့်မားဆုံး ထုတ်နုတ်ပြသရာ စာမေးပွဲကြီး ဖြစ်သောကြောင့် မြန်မာနိုင်ငံ ပရိယတ္တိစာမေးပွဲများအနက် အထင်ရှားဆုံးသောပရိယတ္တိစာမေးပွဲကြီး ဖြစ်သည်။

တိပိဋကဓရ တိပိဋကကောဝိဒစာမေးပွဲကြီး၏ အဓိကရည်ရွယ်ချက်မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်-

(က) ဗုဒ္ဓသာသနာတော်အတွင်း၌ ဘုန်းကံပါရမီထူး၊ ဉာဏ်ပညာထူးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ်ရေး၊

(ခ) ပရိယတ္တိသာသနာတော်ကို အားပေးချီးမြှောက်ရာတွင် အထက်တန်းအကျဆုံး ချီးမြှောက်ရေး၊

(ဂ) သာသနာတော်၌ ဓမ္မစေတီထိုက်သော ပိဋကနှုတ်ငုံဆောင် ပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ်ရေး၊

ယင်းသို့ ရည်ရွယ်ချက် ကြီးကျယ်မြင့်မြတ်လေးနက်သော စာမေးပွဲကြီးတွင် စာဖြေသံဃာတော်များသည် ဘုရားဟောပါဠိတော် ဝိနည်းပိဋကစာမျက်နှာ ၂၂၆၀၊ သုတ္တန်ပိဋကစာမျက်နှာ ၇၇၉၊ အဘိဓမ္မာပိဋကစာမျက်နှာ ၄၉၈၇၊ စုစုပေါင်း စာမျက်နှာ ၈၀၂၆ တို့ကို အာဂုံပြန်ဆိုကြရပြီး အောင်မြင်လျှင် တိပိဋကဓရဘွဲ့နှင့် အဆိုပါ ပိဋကတို့၏ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့ကို သဘောရေးဖြေအောင်မြင်လျှင် တိပိဋကကောဝိဒဘွဲ့ ရရှိတော်မူကြသည်။

စာဖြေသံဃာများသည် အာဂုံပြန်ဆိုရာတွင် တစ်ရက်လျှင် ပျမ်းမျှအားဖြင့် ဆဋ္ဌသင်္ဂါယနာမူ စာမျက်နှာ ၁၀၀ မှ ၁၅၀ ခန့် ပြန်ဆိုကြရပြီး ယင်းတစ်ရက်တွင် စာမရပါက အများဆုံး ငါးကြိမ်သာ စာထောက်ပေးသည်။ ငါးကြိမ်ထက်ပိုလျှင် စာရသော်လည်း ကျရှုံးသတ်မှတ်ပါသည်။ သဘောရေးဖြေစာမေးပွဲတွင် ၇၅ မှတ် ရမှသာ အောင်မြင်သည်။

ဤမျှ ခက်ခဲနက်နဲသော တိပိဋကဓရ တိပိဋကကောဝိဒစာမေးပွဲကြီးကို ၁၉၄၈ ခုနှစ်မှစတင်၍ ကျင်းပလာခဲ့ရာ ယခုအခါ ၆၉ နှစ်တိုင်တိုင်ရှိခဲ့ပြီး ယင်းနှစ်များအတွင်း တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် ဆရာတော်ကြီး ၁၄ ပါးသာပေါ်ထွက်ခဲ့သည်-

ယခုအခါ၂၀၁၇ ခုနှစ် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးသို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီး ၁၇ ပါး၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယဆရာတော်ကြီး ၁၁ ပါး၊ ပုစ္ဆကဆရာတော်ကြီး သုံးပါး၊ စာထောက်စာမဆရာတော် ၁၂၄ ပါး၊ ကြီးကြပ်ရေးဆရာတော် လေးပါး၊ အာဂုံဖြေဆိုသံဃာ အပါး ၂၁၀၊ သဘောရေးဖြေသံဃာ အပါး ၁၇၀ တို့ ကြွရောက်ကြမည်ဖြစ်သောကြောင့် ပညာပါရမီရှင် ဆရာတော် သံဃာတော်အရှင်မြတ်တို့အား ပညာပါရမီကုသိုလ်ထူးပြုလုပ်လိုကြသော အလှူရှင်များအနေဖြင့် နဝကမ္မ၊ လှူဖွယ်ဝတ္ထုများကို ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး တောင်ဘက်မုခ် အလှူခံဌာနနှင့် ညွှန်ကြားရေးမှူး၊ စာမေးပွဲဌာနခွဲ၊ ဖုန်း- ၀၁-၆၆၀၇၆၆၊၀၉-၇၃၁၅၇၉၁၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ထားကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**



# မြန်မာစာအုပ် စာစဉ် ၁၀၀ ထုတ်ဝေရေး အစည်းအဝေးနှင့် မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

စာကောင်းပေမွန်များ လေ့လာလိုသူများအတွက် မကြာခင် ထုတ်ဝေဖြန့်ချိသွားမည့် မြန်မာစာအုပ် စာစဉ် ၁၀၀ ထုတ်ဝေရေး ပဋ္ဌမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့် တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် ဒေါက်တာဦးခင်အေး(မောင်ခင်မင်-ဓနုဖြူ)၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်တို့က မြန်မာစာအုပ် စာစဉ် ၁၀၀ ထုတ်ဝေရေးနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပညာရှင်များက ပြန်လည်ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က သုတရသကဏ္ဍစုံ စာကောင်းပေကောင်းများ ပါဝင်ရေး၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း ထွက်ရှိနိုင်ရေးအတွက် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။

မြန်မာစာအုပ် စာစဉ် ၁၀၀ တွင် ကနဦးအနေဖြင့် မြန်မာဝတ္ထုရှည် စာစဉ်တွဲများကို စတင်ထုတ်ဝေမည်ဖြစ်ပြီး ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဖြန့်ချိရန် စီစဉ်ထားသည်။ ဝတ္ထုရှည်တွဲများ ထွက်ရှိပြီးပါက ကဗျာတွဲများကို စတင်ရွေးချယ်သွားမည်ဖြစ်ကာ ဆက်လက်၍လည်း တစ်လလျှင် နှစ်တွဲနှုန်းဖြင့် မြန်မာစာအုပ် စာစဉ် ၁၀၀ ထုတ်ဝေသွားရန် စီစဉ်ထားကြောင်း သိရသည်။

ထို့နောက် မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ **(အပေါ်ပုံ)** တက်ရောက်လာကြသည့် စာပေဗိမာန်မှ တာဝန်ရှိသူများနှင့် ပညာရှင်များက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေရာ၌ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ အချက်အလက်ဆိုင်ရာ ကိစ္စရပ်များတွင် မှားယွင်းမှုမရှိစေရေး၊ ခေတ်ကာလနှင့် ဆီလျော်သည့် အကြောင်းအရာ၊ အချက်အလက်များ မကျန်ရှိစေရေး၊ မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေရေးလုပ်ငန်း ဆောင်ရွက်ရန် ဝန်ထမ်းများ ဖြည့်ဆည်းဆောင်ရွက်ပေးရေးနှင့် စွယ်စုံကျမ်း အမြန်ဆုံး ထွက်ရှိရေးအတွက် ဆွေးနွေးမှာကြားပြီး ကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **သတင်းစဉ်**

# ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ပြန်လည်ထွက်ခွာ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Ms. Pramila Patten သည် မြန်မာနိုင်ငံသို့ ဒီဇင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိ လာရောက်ခဲ့သည်။

၎င်း၏ ခရီးစဉ်အတွင်း ဒီဇင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် နေပြည်တော်၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ်၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

၎င်းသည် ဒီဇင်ဘာ ၁၆ ရက်တွင် ရန်ကုန်မြို့၌ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးဘုတ်အဖွဲ့၊ အဖွဲ့ဝင် အငြိမ်းစား ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ် ဦးထွန်းမြတ်တို့နှင့် တွေ့ဆုံခဲ့သည်။ ထို့အပြင် ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားသံတမန်များ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်လည်း တွေ့ဆုံခဲ့ကြောင်း သိရသည်။

၎င်း၏ခရီးစဉ်အတွင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် တွေ့ဆုံစဉ် အမျိုးသမီးများအခွင့်အရေး ကာကွယ်မြှင့်တင်ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံသို့ နည်းပညာအကူအညီပေးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပဋိပက္ခဖြစ်ပွားရာ ဒေသများတွင်လည်း ဘေးဒဏ်ခံစားခဲ့ရသူများအား စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးခြင်း၊ အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများပေးခြင်းတို့နှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကဏ္ဍများကို ဆွေးနွေးခဲ့ကြသည်။

အထူးကိုယ်စားလှယ်ကလည်း မြန်မာနိုင်ငံသို့ လာရောက်ခြင်းသည် အမျိုးသမီးများ အကြမ်းဖက်မှု စွပ်စွဲချက်များအပေါ် စုံစမ်းစစ်ဆေးရန်အတွက်မဟုတ်ဘဲ ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးဆိုင်ရာ နည်းပညာ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေးကိစ္စ အကူအညီပေးနိုင်ရေး နည်းလမ်းများ၊ ဤကဏ္ဍများတွင် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်နိုင်မှုများနှင့် ပတ်သက်၍ ဆွေးနွေးနိုင်ရန် ဖြစ်ပါကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏အထူးကိုယ်စားလှယ်သည် ဒီဇင်ဘာ ၁၇ ရက် နံနက် အစောပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

**သတင်းစဉ်**



**ရထားရဲတပ်ဖွဲ့ အမှတ်(၁၁)တပ်ခွဲ ပဲခူး ရထားရဲစခန်းမှူး ရဲအုပ်စိုးမြင့် ဒီဇင်ဘာ ၁၅ ရက် နံနက်က ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပဲခူးဘူတာစကြံ(၂)တွင် ရထားနှင့်ယာဉ် တိုက်မိသည့်ဖြစ်စဉ်များ၊ ရထား ကြိတ်/တိုက်မိသည့် ဖြစ်စဉ်များကြောင့် ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှုများ လျော့နည်းကျဆင်းရေး၊ မှုခင်းကျဆင်းရေးနှင့် ရထားခဲပေါက်မှု ဖြစ်စဉ်များ မဖြစ်ပွားစေရေးအတွက် အသိပညာပေး ဟောပြောစဉ်။**

ကြေးမုံ

# လူထုဗဟိုပြုစီမံကိန်း ကျေးရွာအဆင့်ကော်မတီဝင်များ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်

**ထန်းတပင် ဒီဇင်ဘာ ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြုစီမံကိန်း(စတုတ္ထနှစ်စက်ဝန်း)ကျေးရွာအဆင့် ကော်မတီဝင်များ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် မဲပလီကျေးရွာအုပ်စု မဲပလီကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ကျေးရွာအုပ်စုအတွင်းမှ စီမံကိန်း အထောက်အကူပြုကော်မတီဝင် ၈၁ ဦး တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်း ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းကြောင့် ကျေးရွာသူ ကျေးရွာသားများအနေဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ပိုမိုစနစ်တကျ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြဆရာများဖြစ်ကြသော လူထုဗဟိုပြုစီမံကိန်း လက်ထောက် နည်းပညာမှူး ဦးနေရဲလင်းနှင့် လူထုစည်းရုံးရေးမှူး ဦးခိုင်မင်းတို့က ကော်မတီဝင်များ၏ အခန်းကဏ္ဍ၊ NCDDP ၏ အဓိကအချက်(၆)ချက်၊ စီမံကိန်းလုပ်ငန်းခွဲများအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ကျား/မရေးရာများ၊ စောင့်ကြည့်စစ်ဆေးရေး၊ စီမံကိန်းရေးဆွဲခြင်း၊ ဝေဖန်အကြံပြုဖြေရှင်းရေး၊ ဘဏ္ဍာရေး၊ လည်ပတ်ပြုပြင်ထိန်းသိမ်းရေးနှင့် ဝယ်ယူရေးတို့ကို နှစ်ရက်တာ ရှင်းလင်းဆွေးနွေး ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပိုလ်တထောင်စေတီတော်တွင် (၄၅)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၁၇**
ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်တွင် (၄၅)ကြိမ်မြောက် ဆွမ်းဆန်စိမ်း လောင်းလှူပွဲ ကို ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများ၊ ဂေါပက အဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများ၊ တောင်တန်းသာသနာပြု ဆရာတော်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများ၊ မြို့နယ် သံဃနာယကအဖွဲ့များမှ ဆရာတော်များအပါအဝင် ဆရာတော်၊ သံဃာတော် ၁၄၄ ပါးနှင့် သီလရှင် ၃၆ ပါးတို့အား အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူပူဇော်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ မေတ္တာသုတ် ပရိတ်တရားတော်များ နာကြားကြပြီး ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းနှင့် ဗိုလ်တထောင်စေတီတော် ဂေါပကအဖွဲ့ဝင်တစ်ဦးက သာသနာရေးဆိုင်ရာများကို ဆရာတော်ကြီးများထံ လျှောက်ထားပြီး လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားများ နာကြားကာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ အပါအဝင် အလှူရှင်များက ရေစက်သွန်းချ အမျှပေးဝေကြသည်။ ထို့နောက် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ ဦးဆောင်သော ဆရာတော်၊ သံဃာတော် ၁၄၄ ပါးနှင့် သီလရှင် ၃၆ ပါးတို့အား ဗိုလ်တထောင်စေတီတော်ရင်ပြင်၌ အလှူရှင်များက လှူဖွယ်ပစ္စည်းများ လောင်းလှူလှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- ဇာဏီ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ပြည်မြို့ရှိ အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့မှ ပညာရေးမိသားစုများနှင့် တွေ့ဆုံ

**ပြည် ဒီဇင်ဘာ ၁၇**
ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် ယနေ့ နံနက် ၉ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း သီရိရတနာခန်းမ၌ ပြည်မြို့ရှိ အခြေခံပညာကဏ္ဍမှ ဆရာ ဆရာမများ၊ ပညာရေးမိသားစုများနှင့် တွေ့ဆုံသည်။




ထိုသို့တွေ့ဆုံရာတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အမှာစကားပြောကြားရာတွင် ပညာရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောင်မြင်မှုအချို့ရှိသော်လည်း အခက်အခဲများ၊ စိန်ခေါ်မှုများလည်း ကြုံတွေ့နေရပါကြောင်း၊ ကျောင်းအပ်နှံရေးနေ့များကို လက်ခံဆောင်ရွက်ရာ၌ ငွေကြေးတစ်စုံတစ်ရာနှင့် ပစ္စည်းများ ကောက်ခံမှုမရှိခြင်း၊ ကျောင်းသုံးပြဌာန်းစာအုပ်များ၊ ကျောင်းဝတ်စုံများ၊ ဗလာစာအုပ်များ ထောက်ပံ့ခြင်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်မှုများကြောင့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် အစိုးရအခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူ ၇ ဒသမ ၈ သန်းရှိပြီး ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ရှစ်သန်းရှိသော်လည်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၉ ဒသမ ၂ သန်းထိ တိုးတက်လာခဲ့ပါကြောင်း၊ ထို့ပြင် ကျေးလက်နှင့် သွားလာရေးခက်ခဲသောနေရာဒေသများတွင် သတ်မှတ်ချက်နှင့်ကိုက်ညီပါက ကျောင်းအဆင့်တိုးခြင်းများကို တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မူလတန်းပညာရေးသည် ပညာရေးကဏ္ဍ၏ အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁) အရ မူလတန်းပညာသင်ယူနေသော ကျောင်းသား ကျောင်းသူအားလုံး မူလတန်းပညာသင်ယူပြီးမြောက်စေရန် အရေးကြီးပါကြောင်း၊ အလွတ်ကျက်မှတ်သည့် ပညာရေးစနစ်မှ စဉ်းစားတွေးခေါ်မှုကို အားပေးသည့် ပညာရေးစနစ်ကို ပြောင်းလဲလျက်ရှိရာတွင် သင်ရိုးညွှန်းတမ်းများကို ပြုပြင်ပြောင်းလဲ ရေးဆွဲလျက်ရှိပါကြောင်း၊ အလွတ်ကျက်မှတ်သင်ကြားနည်းမှ စဉ်းစားတွေးခေါ်မှုများကို ပိုမိုအားကောင်းလာစေရေးအတွက် ဆရာ ဆရာမအားလုံး စနစ်သစ် သင်ရိုးညွှန်းတမ်းအသစ်များ၏ သင်ကြားနည်းစနစ်များနှင့် ဘာသာရပ်ကျွမ်းကျင်မှု ပြည့်ဝလာစေရေးတို့အတွက် မွမ်းမံသင်တန်းများ ပို့ချလျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အရည်အသွေးပြည့်ဝသော ပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် ဆရာ၊ ကျောင်းသား အချိုးမျှတရေး၊ ကျောင်းဆောင်များနှင့် စာသင်ခုံများ၊ သန့်စင်ခန်းများကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ကျောင်းများ၏ လိုအပ်ချက်၊ အခက်အခဲများဖြစ်သည့် သန့်ရှင်းသောရေ၊ သင်ထောက်ကူပစ္စည်းများ၊ စာကြည့်တိုက်များ ဖြည့်ဆည်းပေးရေး၊ သိပ္ပံခန်း၊ အားကစား၊ ပန်းချီ၊ ဂီတ၊ အနုပညာ စသည်တို့ကို ဖြည့်ဆည်းပံ့ပိုးပေးနိုင်ရန်အတွက် ပညာရေးတွင် ပိုမိုရင်းနှီးမြှုပ်နှံရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများအား ပူးပေါင်းဆောင်ရွက်တတ်၍ တာဝန်ယူ၊ တာဝန်ခံပြီး တီထွင်ကြံဆနိုင်သည့် အစဉ် လေ့လာသင်ယူနေသော လူသားကောင်းများဖြစ်ပြီး ဒေသဖွံ့ဖြိုးရေး၊ တိုင်းပြည်ဖွံ့ဖြိုးရေး အထောက်အကူပြုဖော်ဆောင်ရွက်နိုင်မည့် လူငယ်မောင်မယ်များဖြစ်အောင် ပြုစုပျိုးထောင်သင်ကြားသင်ယူလေ့ကျင့်နိုင်ရေး၊ မတူကွဲပြားမှုများကို လက်ခံနိုင်သည့် အနာဂတ်မျိုးဆက်သစ်များမွေးထုတ်ပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ပညာရေးအရည်အသွေး မြင့်မားရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ကျောင်းသား မိဘအုပ်ထိန်းသူများနှင့် ပြည်သူများအားလုံးက ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်မြို့နယ် တုံးရေကြိုးဝိုင်းအကွက်အမှတ်(၁၆)အတွင်း ပညာရေးကောလိပ်(ပြည်) တည်ဆောက်မည့်စီမံကိန်းသို့ ရောက်ရှိကြရာ သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အေးက ပညာရေးကောလိပ်တည်ဆောက်မည့် စီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

မွန်းလွဲပိုင်းတွင် ပြည်တက္ကသိုလ် ပင်မဆောင်သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ပြည်တက္ကသိုလ်၊ ပြည်နည်းပညာတက္ကသိုလ်၊ ပြည်ကွန်ပျူတာတက္ကသိုလ်၊ ပြည်ပညာရေးကောလိပ်နှင့် အစိုးရစက်မှုလက်မှု အထက်တန်းကျောင်း(ပြည်)မှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများ၊ စီမံခန့်ခွဲမှုဆိုင်ရာ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

ထို့နောက် ပြည်ပညာရေးကောလိပ်သို့ သွားရောက်ပြီး ပညာရေး မိသားစုများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပိန်းဇလုပ်မြို့တွင် ကုသိုလ်ပြုဆေးကုသ

**ပိန်းဇလုပ် ဒီဇင်ဘာ ၁၇**
ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း) ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့ သုဓမ္မာရာမ ပရိယတ္တိစာသင်တိုက်၌ ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းမှ ဒီဇင်ဘာ ၁၇ ရက် ညနေပိုင်းအထိ ပိန်းဇလုပ် ဒေသအသင်း(ရန်ကုန်)နှင့် ရန်ကုန်မြို့ရောက် ဇာတိသား ဆရာဝန်များဖြစ်သော ပါမောက္ခ ဒေါက်တာမြသိန်းဟန် ဆေးဝန်ထမ်းညွှန်ကြားရေးမှူး(ငြိမ်း)၊ ဒေါက်တာသိန်းဦး ခွဲစိတ်ဆရာဝန်ကြီး(ငြိမ်း)၊ ဒေါက်တာမျိုးဝင်း ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) ဗဟိုဆေးသိုလှောင်ရေးဌာန၊ ဒေါက်တာဘိုမြင့် အထက်မြန်မာပြည် တီဘီဆရာဝန်ကြီး(ငြိမ်း)၊ ဒေါက်တာလှမြင့် ကျန်းမာရေး ဦးစီးဌာနမှူး(ငြိမ်း)၊ ဒေါက်တာ ကောင်းမြတ်ဇော် ဒေါက်တာခင်ငြိမ်းခန့်(သွားနှင့်ခံတွင်းအထူးကု)ဆရာဝန်တို့ ပူးပေါင်းစီစဉ်သော ဇီဝိတဒါန အခမဲ့ဆေးကုသရေးအဖွဲ့သည် ပိန်းဇလုပ်မြို့နှင့် အနီးပတ်ဝန်းကျင်တွင် နေထိုင်ကြသော ရောဂါဝေဒနာရှင် မိဘပြည်သူ ၉၀၀ ခန့်ကို ကုသိုလ်ပြု အခမဲ့စစ်ဆေးစမ်းသပ်ပြီး ခွဲစိတ်ရန်လိုအပ်သော ဝေဒနာရှင်များကို ခွဲစိတ်ခြင်းနှင့် ဆေးဝါးများ အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အခမဲ့ဆေးကုသရေးအဖွဲ့၏ လိုအပ်သည်များကို ပိန်းဇလုပ်မြို့ လူငယ်များနှင့် ရပ်မိရပ်ဖများက ဝိုင်းဝန်းကူညီကြပြီး ရောဂါဝေဒနာရှင်ပြည်သူတစ်ဦးက "အခုလို ဆရာဝန်ကြီးတွေရဲ့ မွေးရပ်မြေ ကျွန်တော်တို့မြို့ကို မေတ္တာဖြင့် အခမဲ့ဆေးကုသပေးတဲ့အတွက် အထူးကျေးဇူးတင်မိပါတယ်၊ ငွေကြေးမရှိသူတွေအတွက် များစွာအထောက်အကူရပြီး စေတနာအပြည့်ဖြင့် စိတ်ရှည်စွာ လူနာတွေကို ကြည့်ရှုကုသပေးတဲ့ ရန်ကုန်မြို့ရောက် ဇာတိသား ဆရာဝန်တွေ၊ ပိန်းဇလုပ်ဒေသအသင်း(ရန်ကုန်)နဲ့ ကူညီရေးအဖွဲ့တွေကို ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။ **ပိန်းဇလုပ်- သိန်းညွန့်**

# အစာအိမ်ရောဂါပိုး

ပါမောက္ခ ဒေါက်တာသိန်းမြင့်(YGH-GI)

အစာအိမ်ရောဂါပိုး H.pylori ဆိုသည်မှာ လူ၏အစာအိမ်နံရံတွင် သာမန်မျက်စိဖြင့်မမြင်ရသော အလွန်သေးငယ်သည့် ဗက်တီးရီးယား တစ်မျိုးဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀ ကျော်ကတည်းက မံမီ ရုပ်အလောင်းများတွင် တွေ့ရှိရပါသည်။ အစာအိမ်ရောဂါပိုးသည် လူ၏ အစာအိမ်ထဲတွင် အဓိကနေထိုင်နိုင်ပြီး သိုး၊ ဆိတ်၊ ခွေး၊ ကြောင်နှင့် ယင်ကောင်များတွင်လည်း တွေ့ရှိရပါသည်။ အစာအိမ်ရောဂါပိုးကို ၁၉၉၄ ခုနှစ်ကတည်းက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) မှ အသည်းရောင်ဘီပိုး၊ စီပိုး၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးတို့ကဲ့သို့ ကင်ဆာဖြစ်နိုင်သည့် အဆင့်အမှတ်(၁) (Class-1 Carcinogen) အဖြစ် သတ်မှတ်ထားပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီး၊ အသက်အရွယ် အမျိုးမျိုး၊ ဘာသာ အမျိုးမျိုး၊ ကျား-မ၊ ကလေး-လူကြီး မရွေး အစာအိမ်ရောဂါပိုးကို တွေ့ရှိရပါသည်။ ချမ်းသာကြွယ်ဝသော နိုင်ငံများ၏ လူဦးရေ ၅၀ ရာခိုင်နှုန်းကျော်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်မှ ၉၀ ရာခိုင်နှုန်းခန့်အထိ အစာအိမ်ရောဂါပိုးကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံရှိ အစာအိမ်ရောဂါပိုး ဖြစ်ပွားမှုနှုန်းမှာ ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းခန့်ရှိပါသည်။ လက်နှင့်နယ်ထားသော အစားအစာများ၊ ယင်နားစာများ၊ မသန့်ရှင်းသော အစားအစာများ၊ လမ်းဘေးအစားအစာများ ၊ ချဉ်ဖတ်များတွင် အစာအိမ်ပိုး ပိုမိုတွေ့ရှိရပါသည်။ လက်ဖက်ရည်ကြမ်း၊ ဝိုင်အနီ၊ လတ်ဆတ်သော ဒိန်ချဉ်တို့သည် အစာအိမ်ရောဂါပိုး ပြန့်ပွားခြင်းကို တားဆီးနိုင်ပါသည်။

**ရောဂါ စတင်တွေ့ရှိပုံ**

၁၉၈၃ ခုနှစ်တွင် Dr. J Robin Warren နှင့် Dr. Barry J. Morshall တို့က အစာအိမ်ရောဂါပိုးကို စတင်တွေ့ရှိခဲ့ပြီး ယင်းတွေ့ရှိချက်အတွက် ၂၀၀၅ ခုနှစ်တွင် ဆေးပညာ နိုဗယ်ဆုကို ချီးမြှင့်ခြင်းခံခဲ့ရသည်။

**ရောဂါပိုး ကူးစက်ပုံ**

မသန့်ရှင်းသောရေ၊ မသန့်ရှင်းသော အစားအစာ၊ တံတွေး၊ လူ၏မစင်တို့မှတစ်ဆင့် ကူးစက်နိုင်ပါသည်။ အသက်အရွယ်ကြီးသူများ၊ ဝင်ငွေနည်းပြီး လူဦးရေများသော မိသားစုများ ၊ တစ်အိမ်ထဲ လူအများ စုပေါင်းနေထိုင်သော မိသားစုများ၊ တစ်နေရာထဲတွင် လူအများပေါင်းအိပ်သော မိသားစုများတွင် ရောဂါပိုး ပိုမိုတွေ့ရှိရပါသည်။

**အစာအိမ်ရောဂါပိုးကြောင့် ဖြစ်တတ်သည့်ရောဂါများ** မှာ အူသိမ် အူပိုင်းအနာ၊ အစာအိမ် အမြေးပါးရောင်ခြင်း ၊အစာအိမ်အနာ၊ အစာမကြေရောဂါ၊ သံဓာတ်ချို့တဲ့သွေးအားနည်းရောဂါ၊ အစာအိမ်ကင်ဆာ၊ အစာအိမ်သားငံရည်ကြိတ်ကင်ဆာ (MALT)၊ သွေးမွှားဥအားနည်းရောဂါတို့ ဖြစ်ကြပါသည်။

**အခြား ဖြစ်ပွားနိုင်ခြေရှိသောရောဂါများ** မှာ သွေးအားနည်းရောဂါ၊ အင်ပျဉ်ထခြင်း၊ အရေပြားယားယံခြင်း၊ အရေပြား အကြေးခွံထခြင်း (Psoriasis)၊ သွေးကြောမာခြင်း ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ လေဖြတ်ရောဂါ ၊အဆစ်ရောင်ရောဂါ ၊ ဝက်ခြံ၊ အသည်းရောဂါ၊ သည်းခြေအိတ်ရောဂါ အမျိုးမျိုး၊ ခြေထိပ်၊ လက်ထိပ် သွေးမရောက်ရောဂါ (Raynaud's Disease) နှင့် အခြားရောဂါများ ဖြစ်တတ်ပါသည်။

**ရောဂါလက္ခဏာများနှင့် ပြောင်းလဲပုံအဆင့်**

ပကတိ ကျန်းမာသော အစာအိမ်အမြေးလွှာကို အစာအိမ်ရောဂါပိုး ကူးစက်ဝင်ရောက်ပါက ရုတ်ချည်း အစာအိမ်ရောင်ရမ်းနာ ဖြစ်ပွားတတ်ပါသည်။ အစာအိမ်ရောင်ရမ်းနာကြောင့် ဗိုက်နာခြင်း၊ အစာစားလျှင် ပြန်အန်ခြင်း၊ မအီမသာဖြစ်ခြင်း၊ လေချဉ်တက်ခြင်း၊ ရင်ပူရင်ဆာဖြစ်ခြင်း စသည့် လက္ခဏာများကို ခံစားရတတ်ပါသည်။ ဤသည်မှာ ပထမအဆင့်ဖြစ်ပြီး မကုသဘဲ ထားပါက နာတာရှည် အစာအိမ်ရောင်ရမ်းနာ အဖြစ်သို့ အသွင်ကူးပြောင်းသွားမည်ဖြစ်ပြီး မကြာခဏ အစာမကြေဖြစ်ခြင်း၊ ဗိုက်အောင့်ခြင်း၊ ရင်ပြည့်ရင်ကယ်နှင့် ဝမ်းပျက်ခြင်း စသည်တို့ကို ခံစားရနိုင်ပါသည်။ နာတာရှည် ရောင်ရမ်းနေသော အစာအိမ် အမြေးလွှာသည် အချိန်ကြာမြင့်လာပါက အစာအိမ်ကင်ဆာအဖြစ်သို့ ကူးပြောင်းသွားနိုင်ပါသည်။ ကင်ဆာကနဦးအဆင့်ကို ခွဲစိတ်ကုသ၍ ရနိုင်သေးသော်လည်း အချိန်မီ မသိ မကုသနိုင်သောအခါ အစာအိမ်ကင်ဆာ အဖြစ်သို့ရောက်ရှိသွားနိုင်ပါသည်။

အစာအိမ်ရောဂါပိုး ကူးစက်ခံရပြီးသူသည် ကုသမှု မခံယူပါက ရောဂါပိုးမှာ တစ်သက်လုံးရှိနေမည်ဖြစ်ပြီး အခြားသူများကို ကူးစက်နိုင်ခြင်း၊ ရောဂါဆင့်ကဲဖြစ်နိုင်ခြင်းများ ရှိမည် ဖြစ်ပါသည်။ လူအများစုတွင် ရောဂါပိုး ကူးစက်သော်လည်း မည်သည့်လက္ခဏာမှ မပြပါ။ ထို့ကြောင့် ရောဂါလက္ခဏာများ တွေ့ရှိရပါက သက်ဆိုင်ရာ ဆရာဝန်နှင့် ဆွေးနွေးတိုင်ပင်ပြသရန် လိုအပ်ပါသည်။

**အစာအိမ်ပိုး ရှိ၊ မရှိ စစ်ဆေးသင့်သူများ** မှာ အစာမကြေရောဂါရှိသူများ၊ အစာအိမ်နှင့် အူသိမ်အနာရှိသူများ၊ အစာအိမ်ကင်ဆာဟု သံသယရှိသူများ၊ အစာအိမ်ကင်ဆာလူနာ၏ မိသားစုနှင့်ဆွေမျိုးများ၊ သံဓာတ်နှင့် ဗီတာမင် ဘီ ၁၂ ချို့တဲ့ သွေးအားနည်းရောဂါရှိသူများ၊ သွေးမွှားဥနည်းသည့် လူနာများ ဖြစ်ပါသည်။



**အစာအိမ်ရောဂါပိုး စစ်ဆေးနိုင်သည့် နည်းလမ်းများ** မှာ အစာအိမ် မှန်ပြောင်း ကြည့်ရှုပြီး ပိုးမွေးခြင်း၊ အသားစ စစ်ဆေးခြင်း၊ Urea Breath Test (လေမှုတ် စစ်ဆေးခြင်း)၊ Fecal Antigen Test (ဝမ်းထဲတွင် အစာအိမ်ပိုး စစ်ဆေးခြင်း)၊ Urine Antigen Test (ဆီးထဲတွင် အစာအိမ်ပိုး စစ်ဆေးခြင်း)၊ Saliva Antigen Test (တံတွေးထဲတွင် အစာအိမ်ပိုး စစ်ဆေးခြင်း) တို့ဖြင့် ရှာဖွေနိုင် ပါသည်။

သွေးဖောက်ပြီး အစာအိမ်ရောဂါ ရှိ၊ မရှိ ရှာဖွေခြင်း (H.pylori Serology Test)မှာ မှန်ကန်နိုင်ရန် အခွင့်အလမ်းနည်းသည့် နည်းလမ်းဖြစ်သဖြင့် စစ်ဆေးရန် အကြံမပြုပါ။ ရောဂါရှာဖွေမှုနည်းလမ်း ရွေးချယ်ရာတွင် စမ်းသပ်စစ်ဆေးမှု ရရှိနိုင်သည့် အခြေအနေ၊ ကုန်ကျစရိတ်၊ အဖြေတိကျမှုနှင့် ကုသရာတွင် ထိရောက်မှုရှိခြင်းစသည့် အချက်များပေါ်တွင် မူတည်ပါသည်။ အခြား သတိပြုရမည့်အချက်များမှာ ဆေးကုသမှုဆိုင်ရာ အခြေအနေ၊ လူဦးရေ ထူထပ်မှုနှင့် ရောဂါဖြစ်ပွားနိုင်မှုနှုန်းထား၊ ရောဂါဖြစ်ပွားနိုင်ခြေတွက်ချက်မှု၊ စစ်ဆေးချက် အသီးသီး၏ အားသာချက်၊ အားနည်းချက်များ၊ အဖြေရလဒ်ကို အကျိုးသက်ရောက်မှုရှိနေသော အခြားအချက်များ ဖြစ်ပါသည်။

**အစာအိမ်ရောဂါပိုးကုသရခြင်း** ၏ အဓိက ရည်ရွယ်ချက်မှာ အစာအိမ်ပိုး၊ အစာအိမ်နာမှတစ်ဆင့် ကင်ဆာရောဂါ ဖြစ်ပွားမှုနှုန်းကို လျှော့ချနိုင်ရန် ဖြစ်ပါသည်။ ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အစာအိမ်ရောဂါဖြစ်ပွားမှုနှုန်း မြင့်မားလျက်ရှိရာ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတွင် အစာအိမ်ကင်ဆာ ဖြစ်ပွားမှုကို ကာကွယ်နိုင်ရန်အတွက် အစာအိမ်ပိုး ကုသခြင်းသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

အစာအိမ်ပိုးကုသခြင်းသည် ထိရောက်မှုရှိပြီး အန္တရာယ်ကင်းသော ကုသမှုတစ်ရပ်အဖြစ် အသိအမှတ်ပြုထားသော ကုသမှုဖြစ်ပါသည်။ စံပြကုသမှု ဆေးဝါးများ ပေါင်းစပ်ခြင်း ကုထုံးပေါ်တွင် အခြေခံထားပါသည်။ တစ်ကိုယ်ရေ သန့်ရှင်းမှု ထိန်းသိမ်းခြင်း (ဥပမာ- လက်ဆေးခြင်း အလေ့အကျင့်)ကို လိုက်နာခြင်းအားဖြင့် ကာကွယ်နိုင်ကြောင်း တွေ့ရှိရပါသည်။ အစာအိမ်ပိုးကုသခြင်းကြောင့် အစာအိမ် အချဉ်ပြန်ဖြစ်ပွားနိုင်ခြင်း မရှိပါ။

**ကုသနိုင်သည့် နည်းလမ်းများ**

အစာအိမ်ရောဂါပိုးကို ကုသရာတွင် အသည်းရောင် ဘီပိုး၊ စီပိုးနှင့် တီဘီရောဂါပိုးများကဲ့သို့ပင် ထိရောက်စွာ ကုသရန် လိုအပ်ပါသည်။ ၂၀၁၇ နှစ်စပိုင်းမှစပြီး ကုထုံးပြောင်းလဲသွားပါသည်။ ယခင်က ဆေးသုံးမျိုးကို တစ်ပတ်သောက်သုံးလျှင် ရောဂါပျောက်ကင်းမှုနှုန်းမှာ အနည်းဆုံး ၉၀ ရာခိုင်နှုန်း ရှိပါသည်။ ယခုအချိန်တွင် ဆေးသုံးမျိုးကို တစ်ပတ်တိုက်ကျွေးခြင်းဖြင့် ရောဂါပျောက်ကင်းမှုနှုန်းမှာ ၅၀ ရာခိုင်နှုန်းခန့်သာ ရှိပါတော့သည်။ အကြောင်းအရင်းမှာ အစာအိမ်ပိုးသည် ပိုးသတ်ဆေးများကို ယဉ်ပါးလာသောကြောင့် ဖြစ်ပါသည်။ ယင်းဆေးများထဲမှ Clarithromycin ဆေးယဉ်ပါးမှုသည် အဓိကအကြောင်းအရင်းဖြစ်ပါသည်။ ၂၀၁၇ ခုနှစ် နောက်ဆုံးပေါ် နိုင်ငံတကာကုသမှု လမ်းညွှန်ချက်တွင် Clarithromycin ဆေးယဉ်ပါးမှု ၁၅ ရာခိုင်နှုန်းထက် ကျော်လွန်ခြင်း ရှိ၊ မရှိကို စမ်းသပ်စစ်ဆေးကြည့်ပြီးမှ မည်သည့်ဆေးဖြင့် ကုသရမည်ကို ဆုံးဖြတ်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ ဆေးသုတေသနဦးစီးဌာနနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အစာအိမ်နှင့် အူလမ်းကြောင်းဌာနတို့ ပူးပေါင်းလုပ်ဆောင်ထားသော သုတေသန တွေ့ရှိချက်အရ မြန်မာနိုင်ငံရှိ အစာအိမ်ပိုး၏ Clarithromycin ယဉ်ပါးမှုနှုန်းမှာ ၂၀၀၅ ခုနှစ်တွင် ၁၂ ဒသမ ၅ ရာခိုင်နှုန်း၊ ၂၀၁၁ ခုနှစ်တွင် သုည ရာခိုင်နှုန်းနှင့် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၅၀ ရာခိုင်နှုန်းအထိ ရှိနေပြီဖြစ်သည်။ အမေရိကန်တွင် ၂၀၁၆ ခုနှစ်က ပြုလုပ်သော သုတေသနအရ ဆေးယဉ်ပါးမှုမှာ ၁၆ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရပါသည်။

နောက်ဆုံးပေါ် ကုထုံးအရ အစာအိမ်ပိုးအတွက် အစာအိမ် အက်စစ်ထိန်းဆေး (PPI) နှင့် ပိုးသတ်ဆေး နှစ်မျိုး ပေါင်းစပ်၍ အနည်းဆုံး ၁၄ ရက်ကြာ သောက်သုံးမှသာ ပျောက်ကင်းနိုင်ကြောင်း အများဆုံး သဘောတူညီအကြံပြုချက် ရရှိထားပါသည်။ Bismuth ဆေးရရှိနိုင်သော နေရာများတွင် Bismuth ပါဝင်သော ဆေးနှင့် အခြား ဆေး သုံးမျိုးကို ပေါင်းစပ်၍ စုစုပေါင်း ဆေးလေးမျိုးကို ၁၄ ရက်ကြာ သောက်သုံးနိုင်ကြောင်းလည်း အကြံပြုထားပါသည်။ အခြားကုသနိုင်သည့် နည်းလမ်းများစွာ ရှိသေးသော်လည်း ယင်းကုထုံးများမှာ သေချာတတ်ကျွမ်းနားလည်သော ဆရာဝန်များနှင့် တိုင်ပင်၍သာ ကုသမှုခံယူသင့်ပါသည်။

ဆေးသောက်သုံးပြီး ခြောက်ပတ်အကြာတွင် အစာအိမ်ပိုး ပျောက်ကင်းခြင်း ရှိ၊ မရှိကို ပြန်လည်စစ်ဆေးရန် လိုအပ်ပါသည်။ ထိုသို့စစ်ဆေးရာတွင် Urea Breath Test (လေမှုတ်စမ်းသပ်ခြင်း) နည်းလမ်းသည် စိတ်ချရသော နည်းလမ်းဖြစ်ပြီး လူနာမှာလည်း နောက်တစ်ကြိမ် မှန်ပြောင်းကြည့်ရန် မလိုအပ်သောကြောင့် သုံးစွဲရန်သင့်လျော်ပါသည်။ တီဘီလူနာများ ဆေးခြောက်လ သောက်ပြီးလျှင် သလိပ်တွင်း တီဘီပိုးနှင့် ရင်ဘတ် ဓာတ်မှန် ပြန်လည် စစ်ဆေးခြင်း၊ အသည်းရောင် ဘီပိုး၊ စီပိုး ကုသမှုခံယူပြီးလျှင် ပိုးကောင်ရေ ပြန်လည်စစ်ဆေးခြင်း စသည့်ရောဂါများ နည်းတူပင် အစာအိမ်ပိုးကိုလည်း ကုသမှု ပျောက်ကင်းခြင်း ရှိ၊ မရှိ စစ်ဆေးရန်မှာ အရေးကြီးပါသည်။ ကုသပြီး ရောဂါပိုးပျောက်ကင်းခြင်း မရှိပါက အစာအိမ်နံရံ အမြေးလွှာပါးလွှာပြီး ပုံပျက်ရာမှတစ်ဆင့် ကင်ဆာရောဂါအထိ ဖြစ်ပွားနိုင်သောကြောင့် သတိပြုသင့်ပါသည်။

**ပိုးသတ်ဆေးယဉ်ပါးမှုများ**

ပိုးသတ်ဆေးယဉ်ပါးမှုသည် အစာအိမ်ရောဂါပိုး ကုသခြင်း ထိရောက်မှု မရှိစေနိုင်သော အဓိကသော့ချက် ဖြစ်ပါသည်။ ပိုးသတ်ဆေးယဉ်ပါးမှုနှုန်းမှာ ကမ္ဘာအနှံ့တွင် မြင့်မားလာပြီဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဖြစ်ပွားနှုန်း ပိုမိုများပြားသည်ကို တွေ့ရှိပါသည်။

**ရောဂါပိုး ပျောက်ကင်းနိုင်သည့် အနေအထား**

ကျွမ်းကျင်သည့် ဆရာဝန်၏ ညွှန်ကြားချက်အတိုင်း ဆေးများကို အတိအကျ ရက်ပျက်မရှိ သောက်သုံးပါက ပိုးပျောက်ကင်းမှုနှုန်းမှာ ၉၀ ရာခိုင်နှုန်း ရှိပါသည်။ အစာအိမ်ပိုးသတ်ဆေးကို တတ်ကျွမ်းနားလည်သည့် ဆရာဝန်၏ ညွှန်ကြားချက်မပါဘဲ မိမိသဘောဖြင့် (သို့) ဆေးဆိုင်မှ ညွှန်ကြားချက်ဖြင့် လုံးဝ မသောက်သုံးသင့်ပါ။ ဆေးယဉ်ပါးမှု ဖြစ်ပွားလျှင် ကုသရန် အလွန်ခက်ခဲပါသည်။

**အစာအိမ်ရောဂါပိုး ပြန်ဖြစ်နိုင်သည့် အခြေအနေ**

ပိုးသတ်ဆေးသောက်ပြီးသည့် လူနာများ၏ သုံးရာခိုင်နှုန်းခန့်မှာ ပိုးပြန်လည်တွေ့ရှိရတတ်ပါသည်။ ၅-၁၀ ရာခိုင်နှုန်းမှာ အခြားလူနာများမှတစ်ဆင့် ရောဂါပြန်လည် ကူးစက်နိုင်ပါသည်။

**အစာအိမ်ရောဂါပိုးကုသခြင်း၏ အကျိုးကျေးဇူးများ**

အသည်းရောင် ဘီပိုး၊ အသည်းရောင်စီပိုး၊ HIV ပိုးတို့ထက် အစာအိမ်ရောဂါပိုး (H.pylori)သည် ကူးစက်လွယ်ပြီး ပိုမိုအဖြစ်များသော်လည်း အချိန်တိုအတွင်း ငွေကုန်ကျမှု သက်သာစွာဖြင့် အမြစ်ပြတ် ကုသနိုင်ပါသည်။ အချိန်တိုအတွင်း ညွှန်ကြားချက်အတိုင်း ကုသရုံဖြင့် နောက်ဆက်တွဲ အစာအိမ်နာ၊ အူသိမ်အနာ၊ အစာအိမ်ရောင်ခြင်း၊ အစာမကြေခြင်းနှင့် အစာအိမ်ကင်ဆာရောဂါများကို ကာကွယ်ပေးနိုင်ပါသည်။ မိမိမှတစ်ဆင့် အခြားသူများကို အစာအိမ်ပိုး ကူးစက်ခြင်းကိုလည်း ကာကွယ်ပေးနိုင်ပါသည်။

**အစာအိမ်ပိုး ကာကွယ်ဆေး (H.pylori Vaccine)**

ယခုအခါ နိုင်ငံတကာမှ သုတေသနစမ်းသပ်ချက်များကို တိကျသေချာစွာ ပြုလုပ်ပြီးနောက် အစာအိမ်ရောဂါပိုးအတွက် ကာကွယ်ဆေးကို ရရှိနိုင်ရန် အစွမ်းကုန်ကြိုးစားနေပြီဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်တွင် တရုတ်နိုင်ငံရှိ ကလေးများကို ကာကွယ်ဆေးထိုးပြီး စမ်းသပ်စစ်ဆေးချက်အရ ထိုးပြီးပြီးချင်း တစ်နှစ်အကြာတွင် အစာအိမ်ပိုး ကူးစက်ခံရခြင်းမှ ကာကွယ်နိုင်မှုစွမ်းအား ၇၀ ရာခိုင်နှုန်းခန့်ရှိပြီး သုံးနှစ်အကြာတွင် ၅၅ ရာခိုင်နှုန်းအထိ ကာကွယ်နိုင်စွမ်းအားရှိကြောင်း တွေ့ရပါသည်။ နောင်တစ်ချိန်တွင် နိုင်ငံတော်စီမံချက်ဖြင့် ကာကွယ်ဆေးထိုးနှံခြင်း အစီအစဉ်တွင် အစာအိမ်ပိုးကာကွယ်ဆေးကို ကဏ္ဍတစ်ရပ်အနေဖြင့် စီစဉ်ဆောင်ရွက်ပေးနိုင်ပါက လူထုအတွက် ပိုမိုအကျိုးရှိနိုင်မည်ဟု မျှော်လင့်ရပါသည်။

**ကြိုတင်ကာကွယ်ခြင်း**

တစ်ကိုယ်ရေသန့်ရှင်းရေးကို အလေးထား ဂရုစိုက်ခြင်း၊ အစာမစားခင် လက်ကို စင်ကြယ်အောင်ဆေးခြင်း၊ အစားအစာများကို သန့်ရှင်းစင်ကြယ်စွာ ချက်ပြုတ်စားသောက်ခြင်း၊ လတ်ဆတ်သော သားငါးနှင့် သီးနှံများကို ကျက်အောင် ချက်ပြုတ်ခြင်းနှင့် ယင်နားစာများမစားခြင်းဖြင့် ကာကွယ်နိုင်ပါသည်။

**နိဂုံးချုပ်**

အစာအိမ်ရောဂါပိုးသည် မြန်မာပြည်တွင် အဖြစ်များသော ရောဂါတစ်ခုဖြစ်လာပြီး ဖြစ်ပွားမှုနှုန်းမှာလည်း မြင့်တက်လျက်ရှိပါသည်။ နောက်ဆက်တွဲဆိုးကျိုးများအနေဖြင့် အစာအိမ်ကင်ဆာအထိ ဖြစ်ပွားစေနိုင်သောကြောင့် စနစ်တကျရှာဖွေကုသနိုင်သော နည်းလမ်းများကို လိုက်နာပါက ၁၄ ရက်အတွင်း ထိရောက်စွာ ကုသပျောက်ကင်းနိုင်ပြီ ဖြစ်ပါသည်။ ထို့ပြင် အစာအိမ်ပိုးကို စစ်ဆေးနိုင်သော နည်းလမ်းများနှင့် ကုသနည်းများ၊ ကုသနိုင်သော ဆေးဝါးနှင့် ကျွမ်းကျင်ဆရာဝန်များမှာလည်း မိမိပတ်ဝန်းကျင်တွင် အလွယ်တကူ လက်လှမ်းမီနိုင်သောကြောင့် တိုင်ပင်ပြီး ကုသနိုင်ပြီဖြစ်သည်။ သို့ဖြစ်ပါ၍ လူနာများအနေဖြင့် မိမိကိုယ်မိမိ အစာအိမ်ရောဂါပိုးရှိသည့် လက္ခဏာများ ခံစားနေရပါက သက်ဆိုင်ရာ ဆရာဝန်နှင့် စမ်းသပ်စစ်ဆေးမှု ခံယူပြီး ကုသခြင်းဖြင့် အစာအိမ်ရောဂါဝေဒနာ ခံစားရခြင်းမှ အမြန်ဆုံး သက်သာပျောက်ကင်းစေနိုင်မည်ဖြစ်ပါကြောင်း စေတနာဖြင့် အကြံပြုအပ်ပါသည်။ ။

# ခရစ္စမတ်အကြိုဝတ်ပြုဆုတောင်းခြင်းနှင့် ညစာစားပွဲကျင်းပ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး တက်ရောက်




**နေပြည်တော် ဒီဇင်ဘာ ၁၇**

နေပြည်တော် ခရစ်ယာန်အသင်းတော်များကောင်စီက ကြီးမှူးကျင်းပသည့် ခရစ္စမတ်အကြို ဝတ်ပြုခြင်းနှင့် မိတ်သဟာယ ညစာစားပွဲအခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့ရှိ မြန်မာနှစ်ခြင်း ခရစ်ယာန်အသင်းတော်၌ ကျင်းပရာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန့်ကြင်ကြည်တို့ တက်ရောက်ကြသည်။

အခမ်းအနားသို့ နေပြည်တော်ခရစ်ယာန်အသင်းတော်များမှ သိက္ခာတော်ရ ဆရာတော်ကြီးများ၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ဇနီး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်ဇနီး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ နေပြည်တော် ခရစ်ယာန်အသင်းတော်များမှ အသင်းဝင်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် သတ္တမနေ့မျှော်လင့်ခြင်းအသင်းတော်မှ ဆရာသိန်းထွန်း္မလင်းက အဖွင့်ဆုတောင်းပေးပြီး မြန်မာနှစ်ခြင်းခရစ်ယာန်အသင်းတော်မှ Rev.Dr. တင်မောင်အေးက ခရစ္စမတ်အကြို ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ခရစ္စမတ်အကြိုဂုဏ်ပြုစကားပြောကြားသည်။

ယင်းနောက် နေပြည်တော်ခရစ်ယာန်အသင်းတော်များကောင်စီ ဓမ္မအမှုတော်ဆောင်များက မွေးနေ့တော်နှင့် သက်ဆိုင်သည့် ဂုဏ်တော်များကို ချီးမွမ်းသီဆိုကြသည်။

ထို့နောက် အင်္ဂလီကန်အသင်းတော်မှ ဆရာဟက်ပီး သန်းလွင်က မွေးနေ့တော်နှင့် စပ်ဆိုင်သည့် သမ္မာကျမ်းစာကို ဖတ်ကြားသည်။

ယင်းနောက် နေပြည်တော် ချင်းနှစ်ခြင်းအသင်းတော်မှ Rev. တိမောသေပါဟရန်းက ခရစ္စမတ်ဓမ္မဒေသနာ ဟောကြားပြီး စိန့်မိုက်ကယ်ကက်သလစ်အသင်းတော်မှ Rev.Fr. ဦးအားသိုက်က ခရစ္စမတ်ဆုတောင်းမေတ္တာပို့သသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက ခရစ္စမတ်အကြိုဓမ္မတေးသီချင်းများ သီဆိုကြသည်။

ယင်းနောက် နေပြည်တော်ခရစ်ယာန်အသင်းတော်များကောင်စီဝင် ဆရာတော်များက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများအား ခရစ္စမတ်လက်ဆောင်များ ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက နေပြည်တော်ခရစ်ယာန်အသင်းတော်များကောင်စီအား ခရစ္စမတ်လက်ဆောင် ပြန်လည်ပေးအပ်သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး ဒေါ်နန့်ကြင်ကြည်တို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် မြန်မာနှစ်ခြင်း ခရစ်ယာန်အသင်းတော် မေခန်းမ၌ ကျင်းပသည့် မိတ်သဟာယညစာစားပွဲသို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

---



# လူရည်ချွန်(၁၉၆၄-၈၈)အဖွဲ့အား အလှူငွေများ လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၇**

လူရည်ချွန်(၁၉၆၄-၈၈)အဖွဲ့ နှစ်ပတ်လည် ညစာစားပွဲနှင့် ၂၀၁၇ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ်များအား ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁၆ ရက်ညပိုင်းက ရန်ကုန်မြို့ ပြည်လမ်း ဆေးတက္ကသိုလ်(၁) မြက်ခင်းပြင်၌ ကျင်းပသည်။

ရှေးဦးစွာ လူရည်ချွန်(၁၉၆၄-၈၈)အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာအောင်ဇော်မျိုးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

ထို့နောက် ၂၀၁၇ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ်ရမှတ်အများဆုံး ၁၁ ဦးတို့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ လူရည်ချွန်(၁၉၆၄-၈၈)အဖွဲ့နာယက ဒေါက်တာတင်မျိုးဝင်း၊ ဥက္ကဋ္ဌ ဒေါက်တာအောင်ဇော်မျိုး၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် ဧည့်သည်တော်များက ဆုများ ချီးမြှင့်ပေးကြသည်။

ယင်းနောက် လူရည်ချွန်(၁၉၆၄-၈၈)အဖွဲ့အား အလှူငွေများလှူဒါန်းကြရာ ကမ္ဘောဇကုမ္ပဏီများအုပ်စုက ငွေကျပ် သိန်း ၅၀၀၊ အောင်မြင်သူကုမ္ပဏီအုပ်စုက ငွေကျပ် ၂၅ သိန်း၊ စွယ်စုံမီဒီယာမှ MD လူရည်ချွန်လေးထပ်ကွမ်း ဒေါက်တာတင်ထွန်းဦးက ငွေကျပ် သိန်း ၂၀၊ လားရှိုးလူရည်ချွန်မှ ဒေါက်တာအေးအေးက ငွေကျပ် ၁၀ သိန်း၊ လားရှိုးလူရည်ချွန်မှ ဒေါက်တာကြူကြူက ငွေကျပ် သုံးသိန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး(ငြိမ်း)UPDJCနှင့်ဇနီး လူရည်ချွန် ဒေါ်ခင်မြဦးက ငွေကျပ် နှစ်သိန်း၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဒေါ်မြတ်မြတ်အုန်းခင်က လူရည်ချွန် တက္ကသိုလ်ပညာသင်ဆုအတွက် ငွေကျပ် ခြောက်သိန်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ငွေကျပ် တစ်သိန်း၊ (၇၂) လူရည်ချွန် ဒေါက်တာလှသိန်းအေးက ငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ လူရည်ချွန် (၁၉၆၄-၈၈)အဖွဲ့နာယကနှင့် ဥက္ကဋ္ဌတို့ကလက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

**ဝ၁ဝ**

---

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ထာဝရဖဲကြိုးဖြူ သံချပ်ပြိုင်ပွဲ ကျင်းပ




**ရန်ကုန် ဒီဇင်ဘာ ၁၇**

အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေး လှုပ်ရှားမှုတစ်ခုအနေဖြင့် ထာဝရဖဲကြိုးဖြူ သံချပ်ပြိုင်ပွဲကို ရန်ကုန်ပြည်သူ့ရင်ပြင် စမ်းချောင်းသာကွင်း၌ ဒီဇင်ဘာ ၁၆ ရက်က ပြုလုပ်ခဲ့ရာ သံချပ်ပြိုင်ပွဲဝင် ၁၀ ဖွဲ့အနက်မှ ပထမဆုကို အားမာန်ဝင့်ထည်သာကီနွယ် စွယ်စုံသံချပ်အဖွဲ့၊ ဒုတိယဆုကို ပြည်သူ့မော်ကွန်း၏ ထာဝရအဖြူ သံချပ်အဖွဲ့၊ တတိယဆုကို ဒို့ပြည် ဒို့မြေ စွယ်စုံ အင်အားစု သံချပ်အဖွဲ့တို့က ရရှိခဲ့သည်။

"ကျွန်မတို့ပေးချင်တဲ့ သတင်းစကားတွေက အဖွဲ့အစည်းထဲမှာတင် မဟုတ်ဘဲနဲ့ လူထုအတွင်းမှာ ဟန်ချက်ညီညီ ရောက်ဖို့အတွက် သံချပ်ပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ပါတယ်၊ သံချပ်ဆိုတာ ပြည်သူလူထုရင်ထဲကလာတဲ့ စကားသံတွေပါ၊ အရင်တုန်းကတည်းက အခုချိန်ထိ သံချပ်ဆိုတာနဲ့ ပြည်သူလူထုက စိတ်ဝင်စားတယ်၊ ပါဝင်ချင်ကြတယ်၊ အဲဒါကြောင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး သတင်းစကားတွေကို သံချပ်အနုပညာနဲ့ ချပြခြင်းဖြစ်ပါတယ်"ဟု ကျား၊ မရေးရာ တန်းတူညီမျှရေး ကွန်ရက်မှ ဒေါက်တာ ဒေါ်ကေသီမြင့်သိန်းက ပြောသည်။

အဆိုပါပြိုင်ပွဲကို အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှု၏ အစီအစဉ်တစ်ခုအဖြစ် မန္တလေးမြို့ မနော်ရမ္မံကွင်း၌ ဒီဇင်ဘာ ၂ ရက်နှင့် ၃ ရက်တို့က ကျင်းပခဲ့ရာ သံချပ်အဖွဲ့ပေါင်း ရှစ်ဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ရန်ကုန်မြို့တွင် ဒီဇင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့က ကျင်းပခဲ့ရာ ပြိုင်ပွဲတွင် ကလေးပါးစပ် သံချပ်အဖွဲ့၊ ပြည်သူ့မော်ကွန်း၏ ထာဝရအဖြူ ပွဲတင်သံ (ဖျာပုံ)၊ ပွဲခင်းသာ၊ တန်ခူးဘုရင်၊ ပစ်တိုင်းထောင်၊ အားမာန်ဝင့်ထည်သာကီနွယ်စွယ်စုံသံချပ်အဖွဲ့၊ အပ္ပမာဒေန သမ္မာဒေဿ (တိုင်းပြု ပြည်ပြု ယဉ်ကျေးမှု မဟာသက္ကြန်အင်အားစု)၊ ကောင်းခြင်းမင်္ဂလာ ရွှေမြန်မာ၊ ဒို့ပြည်ဒို့မြေ စွယ်စုံအင်အားစု သံချပ်အဖွဲ့တို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

"အဓိကကတော့ အမျိုးသမီးတွေအပေါ် အကြမ်းဖက်မှုဆိုတာ ဘယ်လိုပုံစံမျိုးတွေရှိလဲ၊ အကြမ်းဖက်မှု ခံစားနေရတဲ့ အမျိုးသမီးတွေ ဘယ်လောက်ရှိနေပြီလဲ ဆိုတာကို သိစေဖို့ ရည်ရွယ်တာပါ၊ နောက်တစ်ခုက အကြမ်းဖက်မှုတွေ ပပျောက်သွားဖို့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ ဘယ်လိုဥပဒေမျိုးတွေ ပြဋ္ဌာန်းပေးဖို့လိုလဲ၊ ဘယ်လိုအချက်တွေကို ပံ့ပိုးပေးသင့်တယ်ဆိုတာကို ပြောကြားချင်တာကြောင့်ပါ၊ ဒီသံချပ်ပြိုင်ပွဲက သတင်းစကားတွေကလည်း ပြည်သူလူထုရင်ထဲကို ရောက်ရှိနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ဒေါက်တာဒေါ်ကေသီမြင့်သိန်းက ဆက်လက်ပြောသည်။

**ခင်ဇာလီ**

# လူသားချင်းစာနာတဲ့စိတ်ဓာတ်တွေနဲ့ အခုလို ရခိုင်ပြည်သူတွေ ဒုက္ခရောက်နေတဲ့နေရာမှာ တတ်နိုင်သလောက် ကူညီရခြင်းဖြစ်ပါတယ်

**ရခိုင်ပြည်နယ် မောင်တောဒေသ၌ လူသားချင်းစာနာမှုကူညီထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်-**


မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်
ဒေါက်တာဇော်မြင့်မောင်


စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်
ဒေါက်တာမြင့်နိုင်


မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်
ဒေါက်တာအောင်မိုးညို


ကချင်ပြည်နယ်ဝန်ကြီးချုပ်
ဒေါက်တာခက်အောင်

**မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်**

ဒီကို ရောက်လာရတဲ့အကြောင်းရင်းက ဝန်ကြီးချုပ်တွေကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ခေါ်တွေ့ပါတယ်။ ရခိုင်ပြည်နယ်မှာဖြစ်ခဲ့တဲ့ ပြဿနာတွေမှာ ကိုယ့်တိုင်းရင်းသားတွေကို လူသားချင်းစာနာမှု အထောက်အပံ့ပေးရမယ်။ ပြန်လည်ထူထောင်ရေး အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေက ပါဝင်ကူညီရမယ်လို့ လမ်းညွှန်မှုပေးခဲ့တယ်။ ဒါကြောင့် ကျွန်တော်တို့ အလှူငွေ ကောက်ခံခဲ့ပါတယ်။ ရလာတာကို လူသားချင်းစာနာမှုအတွက် ထောက်ပံ့ဖို့ရယ်၊ ပြန်လည်ထူထောင်ဖို့ရယ်ပါ။ ကျွန်တော်တို့ တိုင်းဒေသကြီးက အိမ်အလုံး ၆၀ တည်ဆောက်ပေးသွားမှာ ဖြစ်ပါတယ်။ ပုံစံတူလေးတွေပါ။ ကျောင်း၊ ဆေးပေးခန်း၊ ရေ မီး စသဖြင့် စနစ်ကျအောင် တည်ဆောက်ပေးသွားမှာဖြစ်ပါတယ်။ အလှူခံရငွေက သိန်းပေါင်း တစ်သောင်းကျော်လောက် ရပါတယ်။ အခု တည်ဆောက်တဲ့အပိုင်းက ခုနစ်ထောင်ကျော်လောက် ကုန်မှာဖြစ်ပါတယ်။ ကျွန်တော်တို့က မြန်မာပြည်အရေး၊ ကိုယ့်ဆွေမျိုးသားချင်းအရေးကို ပြည်တွင်းအားကိုယူပြီး ပြန်လည်ထူထောင်ရေး လုပ်ပေးတာပါ။ ဒါက အနှစ်သာရပါပဲ။ ကိုယ်တိုင်လာတယ်၊ ကိုယ်တိုင်ပန္နက်ရိုက်တယ်။ လိုအပ်တာတွေကြည့်ပြီး ထောက်ပံ့မယ်။ ပြည်တွင်းအားဟာ ပြည်တွင်းမှာပဲရှိတယ်ဆိုတာကိုလည်း ပြချင်တာဖြစ်ပါတယ်။ ဒီတစ်ခါတည်းနဲ့ မပြီးပါဘူး၊ ပြန်လည်ထူထောင်ဖို့ ဆက်လက်လုပ်သွားကြရမှာပါ။

**စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်**

တိုင်းဒေသကြီးအနေနဲ့က မြို့နယ်တွေရော၊ ကုမ္ပဏီတွေရော အလှူခံလိုက်တာ သိန်းပေါင်း ၃၅၀၀ လောက်ရတယ်။ မင်းကြီးရွာမှာ အိမ် ၄၅ လုံးကို တည်ဆောက်ပေးသွားမယ်။ ကုန်ကျငွေအတွက်လည်း ဘဏ်က ငွေလွှဲထားပြီးပါပြီ။ ကျန်တဲ့ငွေကိုလည်း လိုအပ်တဲ့နေရာတွေမှာ ထပ်ကူညီသွားမှာပါ။ တို့တွေဟာ ဥမကွဲ သိုက်မပျက်နေထိုင်လာကြတာဖြစ်တဲ့အတွက် လိုအပ်တာတွေ ကူညီပေးသွားဦးမှာပါ။

**မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို**

မကွေးတိုင်းဒေသကြီး ၂၅ မြို့နယ်က စေတနာရှင်ပြည်သူတွေက ရခိုင်ပြည်သူတွေအတွက် လှူဒါန်းတာ သိန်း ၆၀၀ နီးပါးလောက်ရတယ်။ ကုမ္ပဏီတွေက လှူတာရှိတယ်။ ဒီလို တိုင်းဒေသကြီးအစိုးရအဖွဲ့ကငွေနဲ့ ပေါင်းစပ်လိုက်တဲ့အခါ သိန်း ၁၉၀၀ လောက်ရတယ်။ ဒီမှာ RC နှစ်ထပ် ကျောင်းဆောက်လုပ်ဖို့ စီစဉ်ထားပါတယ်။ ဒီနေရာက လမ်းပန်းဆက်သွယ်ရေး အင်မတန်ခက်ခဲနေတာကိုလည်း တွေ့ရတယ်။ နောင်ကိုလည်း တတ်နိုင်သလောက် ကူညီနိုင်ဖို့ လုပ်သွားမှာပါ။

**ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်**

ကျွန်တော်တို့ ကချင်ပြည်သူတွေကလည်း ပြည်ထောင်စုစိတ်ဓာတ်၊ လူသားချင်းစာနာတဲ့စိတ်ဓာတ်တွေနဲ့ အခုလို ရခိုင်ပြည်သူတွေ ဒုက္ခရောက်နေတဲ့နေရာမှာ တတ်နိုင်သလောက် ကူညီရခြင်းဖြစ်ပါတယ်။ အိမ်အလုံး ၂၀ ကို ပထမအကြိမ်အဖြစ် တည်ဆောက်ပေးဖို့ အစီအစဉ်ရှိပါတယ်။ ပြည်သူတွေရော ကုမ္ပဏီတွေရော ထည့်ဝင်လှူဒါန်းတာ သိန်းပေါင်း ၂၈၀၀ ကျော် ရပါတယ်။ နောက်လည်း ပြည်နယ်အစီအစဉ်အနေနဲ့ရော ပြည်သူတွေအနေနဲ့ပါ လိုအပ်ရင် လိုအပ်သလို ကူညီသွားဖို့ အစီအစဉ်ရှိပါတယ်။


ချင်းပြည်နယ်ဝန်ကြီးချုပ်
ဦးဆလိုင်းလျန်လွယ်


ရှမ်းပြည်နယ်ဝန်ကြီးချုပ်
ဒေါက်တာလင်းထွဋ်


ရခိုင်ပြည်နယ်ဝန်ကြီးချုပ်
ဦးညီပု

‘ ကျွန်တော်တို့က မြန်မာပြည်အရေး၊ ကိုယ့်ဆွေမျိုးသားချင်းအရေးကို ပြည်တွင်းအားကိုယူပြီး ပြန်လည်ထူထောင်ရေး လုပ်ပေးတာပါ ’

**ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်**

ပြန်လည်ထူထောင်ရေးလုပ်တဲ့ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ချင်းပြည်နယ်က ပညာရေးအပိုင်းမှာ ပံ့ပိုးသွားမှာ ဖြစ်ပါတယ်။ စာသင်ကျောင်းတွေ တည်ဆောက်သွားဖို့ စီစဉ်ထားတယ်။ ဒီကို ပထမဆုံးအကြိမ် ရောက်ဖူးတာပါ။ ပင်လယ်ကမ်းခြေတွေရှိတဲ့အတွက် ချင်းပြည်နယ်ထက်တောင် တချို့နေရာတွေက သာယာလှပတယ်လို့ မြင်မိပါတယ်။

**ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်**

ကျွန်တော်တို့ ရှမ်းပြည်နယ်က ပြည်ထောင်စုစိတ်ဓာတ်နဲ့ ရှမ်းပြည်သူတွေကိုယ်စား ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ဖို့ လာရောက်တာဖြစ်ပါတယ်။ ကျွန်တော်တို့ကူညီမှုကြောင့် ရခိုင်ပြည်သူတွေ အလုပ်အကိုင် အခွင့်အလမ်းတွေရော ဘဝအနေအထားတွေပါ အများကြီးအဆင်ပြေသွားမယ်လို့ ထင်ပါတယ်။ ဒီလိုဖြစ်စေဖို့လည်း ကျွန်တော်တို့က ပါဝင်ကူညီရခြင်း ဖြစ်ပါတယ်။ ဒီမှာ ကျွန်တော်တို့က လူနေအိမ်တွေ၊ စာသင်ကျောင်းတွေကို ပြည်သူတွေရဲ့ လှူဒါန်းငွေ၊ လုပ်ငန်းရှင်တွေနဲ့ ပြည်နယ်အစိုးရရဲ့ ထည့်ဝင်ငွေတွေနဲ့ လာရောက်ကူညီပံ့ပိုးခြင်း ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု**

ကျွန်တော်တို့ဒေသကို အခုလို ဝန်ကြီးချုပ်တွေ လာရောက်ကူညီပေးတဲ့အတွက် ဝမ်းသာပါတယ်။ ခုလို လာရောက်ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒေသခံတိုင်းရင်းသားတွေအတွက် အများကြီး အထောက်အပံ့ဖြစ်ပါတယ်။ ရေရှည်မှာ ဒီဒေသက တိုင်းရင်းသားတွေရဲ့ လူမှုစီးပွားဘဝတွေ ပြောင်းလဲတိုးတက်လာမယ့်အနေအထားရှိတဲ့အတွက် ကောင်းတဲ့အနေအထားပါပဲ။ စိတ်ပိုင်းဆိုင်ရာအနေနဲ့လည်း ဒီလိုဝေးလံလှတဲ့နေရာတွေက တာဝန်ရှိသူတွေက လာရောက်ကူညီကြတဲ့အတွက် စိတ်ခွန်အားတွေ အမှန်တကယ် ဖြစ်စေမှာပါ။

**ဇေယျာ၊ မြင့်မောင်**
**ဓာတ်ပုံ-နေဝင်းထွန်း**

# ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် ရန်ကုန်မြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

၂၇၅၇ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် ကျင်းပရေးဗဟိုကော်မတီ(မဟာရန်ကုန်)က ကြီးမှူးကျင်းပသည့် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို ယနေ့ညပိုင်းက ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မဟာဆေးဝက်ဘာ အာလိန်ငါးဆင့်ကျောင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ညနေ ၆ နာရီတွင် နှစ်သစ်ကူးပွဲတော် အခမ်းအနားကို စတင်ဖွင့်လှစ်ရာ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကျင်းပရေး ဗဟိုကော်မတီ(မဟာရန်ကုန်)ဥက္ကဋ္ဌ မန်းရွှေပြည်အေးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဖျော်ဖြေရေးအစီအစဉ်ကို စတင်ရာ ကရင်ရိုးရာ ဒုံးယိမ်းပြိုင်ပွဲများ၊ ဝါးထောက်၊ ဝါးညှပ်အကများနှင့် ကရင်ရိုးရာတေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ နှစ်သစ်ကူးပွဲတော်တွင် ကရင်တိုင်းရင်းသားတို့၏ ရိုးရာအသုံးအဆောင်ပစ္စည်းပြခန်းများနှင့် ယဉ်ကျေးမှုပြခန်းများကို ဖွင့်လှစ်ပြသထားသည့်အပြင် အားကစားပွဲများနှင့် ပျော်ပွဲရွှင်ပွဲများ၊ တိုင်းရင်းသားရိုးရာ အထိမ်းအမှတ် အမှတ်တရပစ္စည်း အရောင်းဆိုင်များ၊ ရိုးရာအစားအစာအရောင်းဆိုင်များ ပါဝင်ရာ လာရောက်ကြည့်ရှုသူ ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါပွဲတော်ကို ဒီဇင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဒုတိယနေ့ နံနက် ၆ နာရီတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ကရင်အမျိုးသားအလံအား အလေးပြုခြင်း အခမ်းအနား ကျင်းပသွားမည်ဖြစ်သည့်အပြင် နှစ်သစ်ကူးနေ့ ဟောပြောပွဲများ ပြုလုပ်သွားမည်ဖြစ်သည်။

ထို့အပြင် မွန်းတည့် ၁၂ နာရီတွင် အားကစားနှင့် ပျော်ပွဲရွှင်ပွဲများကို ကျင်းပသွားမည်ဖြစ်ရာ ကရင်ရိုးရာပျားဖွပ်ပြိုင်ပွဲများအပြင် အင်းစိန်မြန်မာ့မီးရထားကွင်းအတွင်း၌ ကရင်ရိုးရာလက်ရည်ယှဉ်ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။

ညနေ ၆ နာရီတွင် ဒုံးအဖွဲ့များက ဖျော်ဖြေတင်ဆက်မှုများပြုလုပ်သွားမည်ဖြစ်




သည့်အပြင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ (Myanmar Convention Center –MCC) ခန်းမ၌ “ကရင်ရိုးရာယဉ်ကျေးမှုနှင့် တေးဂီတပဒေသာဖျော်ဖြေရေး” အစီအစဉ်ကို ကျင်းပသွားမည်ဖြစ်ပြီး ယင်းဖျော်ဖြေရေးအစီအစဉ်တွင် Attachment of the Clouds တယောအဖွဲ့က ဖျော်ဖြေခြင်း၊ ကရင်တေးဂီတအဆိုရှင်များက ခေတ်ပေါ် ကရင်တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ ကရင်ရိုးရာ ဒုံးယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ ပိုးကရင်ဓမ္မတက္ကသိုလ်က ကွဲဒုံးဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ မြောက်ဥက္ကလာ ကရင်လူငယ်များ၏ ကရင်ကဗျာရွတ်ဆို သရုပ်ဖော်ခြင်း၊ ကရင်ကလေးငယ်အဆိုရှင်များက တေးသီချင်းဖြင့် ဖျော်ဖြေခြင်းတို့အပြင် ကရင်ရိုးရာ ပျားဖွပ်သရုပ်ပြဖျော်ဖြေတင်ဆက်ခြင်းတို့ ပါဝင်ကြောင်း သိရသည်။

အလားတူ ဒီဇင်ဘာ ၁၉ ရက် ညနေ ၆ နာရီတွင် ဖျော်ဖြေရေးအစီအစဉ်များအပြင် ဆုပေးပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တောင်ပေါ်ဒေသတွင်ရောက်ရှိနေထိုင်ကြသော ကရင် မိဘဘိုးဘွားများက တောင်ယာခုတ်ထွင်ရှင်းလင်းကြပြီး မြေပြန့်သို့ရောက်လာကြသော ကရင်မိဘဘိုးဘွားများက လယ်ယာများတီထွင်ကာ ရှေးအခါမှစ၍ စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းခဲ့ကြရာမှ နှစ်စဉ်ကောက်ပဲသီးနှံများ ရိတ်သိမ်းသည့် နွေဦးကာလတွင် မိသားစုအလိုက် ကောက်သစ်စားပွဲတော်များ စုပေါင်း၍ တပျော်တပါးကျင်းပကြရာမှ “ကရင်နှစ်သစ်ကူး” ပွဲတော်ကို အစဉ်အလာ တစ်ရပ်အဖြစ် နှစ်စဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို သာဂရစက်မှုနယ်မြေရှိ အမှတ်(၁၅)အကြီးစားစက်ရုံအား ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၁၇**
စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရစက်မှုနယ်မြေရှိ အမှတ်(၁၅) အကြီးစားစက်ရုံ(သာဂရ)သို့ရောက်ရှိပြီး Metal Forming Workshop အတွင်း၌ ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ ကြိမ်ချောင်းကျေးရွာတွင် တည်ဆောက်လျှဒါန်းနိုင်ရန်အတွက် တန် ၅၀၀ ဆံ့ သီးနှံ(စပါး)များ သိုလှောင်နိုင်မည့် Silo များ ထုတ်လုပ်နေမှုအခြေအနေနှင့် Assembly Workshop တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ မှာယူထားသည့် လူနာတင်ယာဉ်များ တပ်ဆင်ထုတ်လုပ်မည့် အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက သီးနှံများ သိုလှောင်မည့် Silo များအား နိုင်ငံတကာအဆင့်မီ အရည်အသွေးကောင်းမွန်ရန်နှင့် လက်ရာသေသပ်စေရေးအတွက် အထူးအလေးပေးဆောင်ရွက်သွားရန် လိုကြောင်း၊ ပြည်တွင်း၊ ပြည်ပမှ ကျွမ်းကျင်ပညာရှင်များ၏ လေ့ကျင့်သင်ကြားပေးမှုများကို တိကျစွာလိုက်နာဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့ကိုယ်တိုင်ထုတ်လုပ်နိုင်သည်အထိ ကြိုးစားဆောင်ရွက်ရန်နှင့် ဆင့်ပွားသင်တန်းများပေးရန်လိုကြောင်း၊ လုပ်ငန်းများကို Time Line Schedule ရေးဆွဲဆောင်ရွက်ရန်နှင့် Standard Operation Production(SOP) အတိုင်း ဆောင်ရွက်ရန်လိုကြောင်း၊ လူနာတင်ယာဉ်များသည် ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက် အရည်အသွေး ကောင်းမွန်ရမည့်အပြင် လက်ရာသေသပ်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လိုအပ်ချက်ပြည့်မီ၍ ရေရှည်အသုံးပြုနိုင်ရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားပြီး တာဝန်ရှိသူတို့၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

ရခိုင်ပြည်နယ်ရှိ ဘူးသီးတောင်၊ မောင်တောဒေသတို့တွင် စိုက်ပျိုးထားသောစပါးများကို ရာသီချိန်အမီ ရိတ်သိမ်းခြွေလှေ့လျက်ရှိရာ ထွက်ရှိလာသည့် စပါးများကို အခြောက်ခံ၍ သိုလှောင် ထိန်းသိမ်းထားနိုင်ရန် တန်ချိန် ၅၀၀ ဆံ့သည့် Silo တစ်စုံကို တည်ဆောက်နေခြင်းဖြစ်သည်။ အဆိုပါ Silo တစ်စုံကို မောင်တောမြို့နယ်ရှိ ကြိမ်ချောင်းကျေးရွာတွင် တည်ဆောက်တပ်ဆင်ပေးမည်ဖြစ်ပြီး Silo ကိုင်တွယ်ထိန်းသိမ်းနည်းများကိုလည်း လေ့ကျင့်သင်ကြားပေးသွားမည် ဖြစ်သည်။ Silo တစ်လုံး၏တန်ဖိုးမှာ ကျပ် ၁၈၆၅ သိန်း ကုန်ကျမည်ဖြစ်သည်။

အဆိုပါ Silo များကို ထိုင်းနိုင်ငံမှ ပညာရှင်များဖြင့် ပူးပေါင်းတည်ဆောက်နေပြီး မြန်မာပြည်အနှံ့ ဖြန့်ဖြူးရောင်းချနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ရောမင်းမျိုးကွဲစပါး စံကွက်ရိတ်သိမ်း

**ကျောက်ဆည် ဒီဇင်ဘာ ၁၇**
ကျောက်ဆည်မြို့နယ် တောင်နောက်ကျေးရွာအုပ်စုအတွင်းရှိ ကွင်းအမှတ်(၁၄၆) ကျောင်းရွာကွင်း ဦးပိုင်အမှတ်(၆၁/၁) ဧရိယာ ၁ ဒသမ ၈၂ ဧကရှိ ဇော်ဂျီဆည်ရေသောက် တောင်သူဦးထွန်းရီ စိုက်ပျိုးထားသော ရောမင်းစပါးမျိုးကွဲ စံကွက်ရိတ်သိမ်းခြင်းကို ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

ခရိုင်/မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဝန်ထမ်းများဖြင့် စံကွက်ရိတ်သိမ်းရာတွင် တစ်ဧကအထွက်နှုန်းမှာ ၉၆ ဒသမ ၇၄ တင်းထွက်ရှိပြီး ကျောက်ဆည်မြို့နယ်တွင် မိုးစပါးစိုက်ဧက စုစုပေါင်း ၅၃၈၅၇ ဧက စိုက်ပျိုးထားကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**

# ဆယ်မားအူးလ်အွန်ဒုန် စီမံကိန်းဖြင့် သောက်သုံးရေဖြန့်ဝေပေး

**နေပြည်တော် ဒီဇင်ဘာ ၁၇**
နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မြောက်ကျောင်းစုကျေးရွာတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်သည့် ဆယ်မားအူးလ်အွန်ဒုန် ဒုတိယနှစ်လုပ်ငန်းစီမံကိန်းအရ ကျေးရွာနေပြည်သူများအား သောက်သုံးရေဖြန့်ဝေခြင်းလုပ်ငန်းများကို ဒီဇင်ဘာ ၁၅ ရက်က စတင်ဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါသောက်သုံးရေဖြန့်ဝေခြင်းလုပ်ငန်းကို အလျား ၁၁ ပေ အနံ ၁၁ ပေ အမြင့် ၉ ပေခွဲရှိ အဆောက်အအုံနှင့် အလျား ၇ ပေ အနံ ၅ ပေ အမြင့် ၃ ပေခွဲ ရေကန်တို့ကို တည်ဆောက်၍ ရေသန့်စက်တပ်ဆင်ကာ ရေပေးဝေခြင်းဖြစ်ပြီး ကျေးရွာအတွင်းရှိ အိမ်ထောင်စု ၁၈၁ စု၊ လူဦးရေ ၅၅၈ ဦးအား အကျိုးပြုကြောင်း သိရသည်။ **ညီညီသန်း(နေပြည်တော်)**



**နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဒရယ်မီးရပ်ကွက်ရှိ ရုံးကျောင်းဘုန်းတော်ကြီးကျောင်းတိုက်တွင် ဒီဇင်ဘာ ၁၆ ရက်က မြို့မရဲစခန်းမှူး ဒုရဲမှူး မောင်ကို ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်စဉ်။**

**ကျော်ကျော်(IPRD)**

# မူးခင်းအသိပညာပေး ဟောပြောပွဲကျင်းပ

**မော်လမြိုင် ဒီဇင်ဘာ ၁၇**
မော်လမြိုင်မြို့နယ် ညောင်ပင်ဆိပ်ရပ်ကွက် စက်မှုဇုန်စစ်ဆေးရေးဂိတ်အနီးတွင် ဒီဇင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက ပြည်သူအတွက် ၂၄ နာရီ ဗီဒီယိုဇာတ်ကားနှင့် မူးယစ်ဆေးဝါး အသိပညာပေးဇာတ်ကားများကို ပရိုဂျက်တာဖြင့် ပြသရာ ဟောပြောပွဲသို့ ရပ်မိရပ်ဖများ၊ ဆိုင်ကယ်တက္ကစီအငှားမောင်းနှင်သူများ၊ လမ်းဘေး ဝဲ၊ ယာရှိ လမ်းသွားလမ်းလာ ပြည်သူများ စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ မွန်ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲမှ ဒု-ရဲမှူးထွန်းနိုင်ထွေးက မူးခင်းကျဆင်းရေးအကြောင်းကို လည်းကောင်း၊ အမှတ်(၉)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့(မော်လမြိုင်)မှ ဒု-ရဲမှူးဆန်းဦးက လူကုန်/တားမှုနှင့် ပတ်သက်၍ဆောင်ရန်/ရှောင်ရန်အချက်များနှင့် ပြစ်မှုပြစ်ဒဏ်အကြောင်းကိုလည်းကောင်း၊ အမှတ်(၇၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံး(မော်လမြိုင်)မှ ရဲအုပ်ဇော်ဇော်နိုင်က ယာဉ်/လမ်းစည်းကမ်းဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း၊ စက်မှုဇုန်နယ်မြေရဲစခန်းမှူး ရဲအုပ်ရဲအောင်က သက်ငယ်မုဒိမ်းမှု လျော့နည်းပပျောက်ရေးအကြောင်းကိုလည်းကောင်း၊ အမှတ်(၃၈) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့(မော်လမြိုင်)မှ ရဲတပ်ကြပ်သောင်းအေးက မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များကို တစ်ဦးချင်းဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **၃၀၇**



# စက်သုံးဆီအရောင်းဆိုင်များအား စစ်ဆေး

**ငဖဲ ဒီဇင်ဘာ ၁၇**
ငဖဲမြို့နယ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် ဒီဇင်ဘာ ၁၆ ရက်က မြို့နယ်အတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသည့် စက်သုံးဆီအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးဆောင်ရွက်ရာတွင် စက်သုံးဆီအရောင်းဆိုင်များ၏ မြေပိုင်ဆိုင်မှုအထောက်အထားများ၊ ဖွင့်လှစ်သည့်နေရာ၊ လိုင်စင်အမှတ်၊ လိုင်စင်အမျိုးအစား၊ သိုလှောင်ခွင့်၊ ရောင်းချခွင့် စသည်ဖြင့် စစ်ဆေးဆောင်ရွက်ခဲ့ပြီး အထောက်အထားပြည့်စုံမှုမရှိသည့် စက်သုံးဆီအရောင်းဆိုင်များအား အထောက်အထားပြည့်စုံစွာဆောင်ရွက်ပြီးမှသာ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# မုံရွာအကျဉ်းထောင်တွင် အားကစားပြိုင်ပွဲများ ကျင်းပ

**မုံရွာ ဒီဇင်ဘာ ၁၇**
နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မုံရွာအကျဉ်းထောင်တွင် အကျဉ်းသား အကျဉ်းသူများ၏ အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၁၆ ရက်မှ ဇန်နဝါရီ ၄ ရက်အထိ ကျင်းပလျက်ရှိသည်။

အားကစားပြိုင်ပွဲဖွင့်ပွဲအဖြစ် ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက မုံရွာအကျဉ်းထောင်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ထွန်းက စစ်တုရင်အားကစားကို ပထမအကွက်ရွှေ့ ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲများ ယှဉ်ပြိုင်မှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



"အမိကအချက်အနေနဲ့ ပြစ်ဒဏ်ကျခံနေတဲ့ အကျဉ်းသား အကျဉ်းသူတွေ ကျန်းမာစေရေးနဲ့ စိတ်ပျော်ရွှင်စေရေးအတွက်ပါ၊ နောက်ပြီး မိမိရဲ့ အခြေအနေကို ပြန်လည်သုံးသပ်ရင်းနဲ့ ပြစ်ဒဏ်ကျခံရမယ့် အချိန်တွေကို ပျော်ရွှင်စွာနဲ့ အကျိုးရှိစွာ ဖြတ်သန်းနိုင်စေဖို့အတွက် အားကစားပြိုင်ပွဲတွေကို ကျင်းပပေးတာပါ"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ထွန်းက ပြောသည်။

အကျဉ်းသား ၁၂၆ ဦးတို့ဖြင့် ပိုက်ကျော်ခြင်း၊ စစ်တုရင်၊ ခေါင်းအုံးရိုက်၊ လွန်ဆွဲ၊ စားပွဲတင်တင်းနစ် အားကစားပြိုင်ပွဲများ၊ အကျဉ်းသူ ၃၀ တို့ဖြင့် ကြက်တောင်ရိုက်၊ ထုပ်ဆီးတိုး၊ လွန်ဆွဲ အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ယင်းနေ့တွင် ဆုပေးပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဇေယျာတိုင်း)**



**ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဒီဇင်ဘာ ၁၅ ရက် ညနေပိုင်းတွင် မူးခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲကျင်းပရာ ဒဂုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မြတ်စိုး ပညာပေး ဟောပြောစဉ်။** (ကြေးမုံ)

# ရခိုင်ပြည်နယ်သတင်း

## သွားနှင့်ခံတွင်း ဆရာဝန်ကြီးများ မောင်တောကျေးရွာများတွင် ကွင်းဆင်းကုသ

**မောင်တော ဒီဇင်ဘာ ၁၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆေးကောင်စီတို့ ပူးပေါင်းပြီး မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများသို့ သွားရောက်ကာ သွားနှင့်ခံတွင်း ဝေဒနာရှင်များအား ယနေ့နံနက်ပိုင်းတွင် နယ်လှည့်ကွင်းဆင်းကုသမှုများ ပြုလုပ်ပေးသည်။

ဆရာဝန်ကြီးများအဖွဲ့သည် ကိုင်းကြီး(မြို)ကျေးရွာသစ်၌ ကလေးငယ်များအား သွားတိုက်နည်း သင်ကြားပေးပြီး သွားတိုက်ဆေးနှင့် သွားတိုက်တံများ အခမဲ့ဖြန့်ဝေပေးသည်။ သွားနှင့်ခံတွင်းရောဂါ ဝေဒနာခံစားနေရသူများကိုလည်း အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ပေးခဲ့သည်။ ကိုင်းကြီးကျေးရွာ၌ အိမ်ခြေ ၅၀ ခန့်၊ လူဦးရေ ၂၀၈ ဦးရှိသည့်အနက် လူပေါင်း ၁၀၀ ခန့်အား သွားနှင့်ခံတွင်း အသိပညာပေးဟောပြောခြင်း၊ စနစ်ကျသော သွားတိုက်နည်းများ သင်ကြားပေးခြင်း၊ သွားတိုက်ဆေးနှင့် သွားတိုက်တံများ အခမဲ့ဖြန့်ဝေပေးခြင်းများ ပြုလုပ်ခဲ့သည်။

အဆိုပါ ဆရာဝန်အဖွဲ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆရာဝန်များ၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆေးကောင်စီမှ ပြင်ပဆရာဝန်များ၊ ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များ စုစုပေါင်းဆရာဝန် ၁၂ ဦး ပါဝင်ကြောင်း သိရသည်။




"ကုသတာနဲ့စာရင် ကာကွယ်တာကို ဦးစားပေးလိုပါတယ်၊ သွားပိုးစား ရောဂါတွေ၊ သွားဖုံးရောင် ရောဂါတွေ ဖြစ်ရတဲ့ အဓိကအကြောင်းအရင်းက နည်းစနစ်မှန်တဲ့ သွားတိုက်နည်းမသိလို့ပါ၊ တချို့ဆိုရင် လုံးဝသွားမတိုက်ကြဘူး၊ သွားကျန်းမာရေး မသိကြဘူး၊ အဓိကကတော့ သွားတိုက်နည်းမှန်ပြီး နေ့စဉ်ပုံမှန်သွားတိုက်တဲ့ အလေ့အကျင့်ရှိဖို့ပါ"ဟု မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမျိုးသန့်က ပြောသည်။

ဆရာဝန်ကြီးများအဖွဲ့သည် မောရဝတီ အခြေခံပညာ အလယ်တန်းကျောင်းတွင် သွားရောဂါခံစားနေရသူ ၅၀ ခန့်ကို သွားနုတ်ခြင်း၊ ဆေးဝါးများ ပေးခြင်းများဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ခဲ့သည်။

ထိုမှတစ်ဆင့် ၄ မိုင်ရှိ အမှတ်(၂) နယ်ခြားစောင့်တပ်ဖွဲ့ခွဲ ရဲမေတ္တာ ဆေးပေးခန်းတွင် မိသားစုဝင် ၇၀ ခန့်အား စနစ်ကျသော သွားတိုက်နည်းများ သင်ကြားပေးသည့်အပြင် သွားတိုက်ဆေးနှင့် သွားတိုက်တံများ အခမဲ့ပေးဝေခဲ့သည်။ ယမန်နေ့က ဘူးသီးတောင် ဒပြုချောင်းကျေးရွာတွင်လည်း လူပေါင်း ၁၇၁ ဦးအား သွားနှင့်ခံတွင်း ကုသမှုများ၊ ပညာပေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆရာဝန်ကြီးများအဖွဲ့သည် သွားနှင့်ခံတွင်းကုသမှုများ၊ ပညာပေးမှုများ ပြုလုပ်ပေးသည့်အပြင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးများကိုပါ ကုသပေးခဲ့သည်။ ဘူးသီးတောင်တွင် လူပေါင်း ၁၀ ဦးအား နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲရောဂါများ အခမဲ့ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဖြစ်ပွားရခြင်းအကြောင်းမှာ ကိုယ်ဝန်ဆောင်မိခင်များ ကိုယ်ဝန်ဆောင်သည့် ပထမ သုံးလအတွင်း ဆေးပြင်းများ သုံးစွဲမိခြင်း၊ အာဟာရချို့တဲ့ခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်၊ ဇေယျာ၊ ဓာတ်ပုံ- နေဝင်းထွန်း**

**❖ မောင်တောမှ**

ရှေးဦးစွာ မောင်တောမြို့နယ် ဖော်ကီတောင်ကျေးရွာတွင် နေအိမ်များဆောက်လုပ်ရန် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ကချင်ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက သတ်မှတ်နေရာများ၌ ပန္နက်တင်ပေးကြပြီး ဒေသခံ မရမာကြီး လူမျိုးများနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားသည်။

ဆက်လက်၍ မင်းကြီးကျေးရွာ တည်ဆောက်မည့်နေရာ၌ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ကျေးရွာသစ်သို့ ပြောင်းရွှေ့နေထိုင်ကြမည့် တိုင်းရင်းသားများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အလှူရှင်များက ပန္နက်တိုင်များကို စိုက်ထူပေးကြသည်။ အဆိုပါ မင်းကြီးရွာကို ခမောင်းဆိပ်-တောင်ပြိုသွားသည့် လမ်းဘေး၌ တည်ဆောက်နေခြင်းဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ရခိုင်တိုင်းရင်းသားများအတွက် နေအိမ် ၄၅ လုံး တည်ဆောက်သွားမည်ဖြစ်သည်။

ထို့နောက် မြဝတီကျေးရွာ၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုတို့က တိုင်းရင်းသားများအား အားပေးစကားပြောကြားကြကာ တိုင်းရင်းသားများ၏ ရိုးရာအတီးအမှုတ်များဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး တာဝန်ရှိသူများက ဂုဏ်ပြုငွေများ ချီးမြှင့်ကြသည်။ ယင်းနောက် နေအိမ်များ ဆောက်လုပ်မည့်မြေနေရာ၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ စာသင်ကျောင်း ဆောက်လုပ်မည့်မြေနေရာ၌ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ပန္နက်တိုင်များ စိုက်ထူပေးကြသည်။ အဆိုပါကျေးရွာတွင် မြို၊ ခမီ၊ ဒိုင်းနက်၊ ချင်း တိုင်းရင်းသားများအတွက် နေအိမ်များတည်ဆောက်ပေးသွားမည်ဖြစ်သည်။

ဆက်လက်၍ သစ်တုံးနားခွဆုံကျေးရွာ၌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က နေအိမ်ဆောက်လုပ်မည့် မြေနေရာ၌လည်းကောင်း၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ကျောင်းဆောင်ဆောက်လုပ်မည့် မြေနေရာ၌လည်းကောင်း တာဝန်ရှိသူများ၊ အလှူရှင်များနှင့်အတူ ပန္နက်တင်ပေးကြကာ ဒေသခံတိုင်းရင်းသားများအား နှုတ်ဆက်အားပေးစကား ပြောကြားသည်။ အဆိုပါကျေးရွာတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က မြိုတိုင်းရင်းသားများအတွက် နေအိမ်များ တည်ဆောက်ပေးသွားမည်ဟု သိရသည်။ **သတင်း-ဇေယျာ၊ မြင့်မောင်၊ ဓာတ်ပုံ-နေဝင်းထွန်း**

## ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ရေးအစီအစဉ် အကောင်အထည်ဖော်ရေး ဆွေးနွေးရှင်းလင်း

**အမ်း ဒီဇင်ဘာ ၁၇**

ရခိုင်ပြည်နယ်အတွင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ရေး အကောင်အထည်ဖော်ရေး ဆွေးနွေးရှင်းလင်းခြင်းကို အမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးရှင်းလင်းပွဲတွင် ရခိုင်ပြည်နယ် လူမှုဝန်ထမ်းရုံးပြည်နယ်မှူး ဦးသက်လှိုင်ထွန်းက လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာလုပ်ငန်းစဉ် ရှစ်ရပ်တွင် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှမွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များ၏ အရေးကြီးဆုံး ကာလဖြစ်သော ရက် ၁၀၀၀ အတွင်း အာဟာရဖွံ့ဖြိုးမှုနှင့် ကျန်းမာရေးအသိပညာများ၊ အလေ့အထကောင်းများ ရရှိစေရန်၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု၏ မိသားစုစီမံကိန်းများ ရေးဆွဲနိုင်စေရန်၊ ကျန်းမာသန်စွမ်း ဉာဏ်ရည်ပြည့်ဝသော လူသားအရင်းအမြစ်များ အနာဂတ်မျိုးဆက်သစ်များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်ကာ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အမ်းမြို့နယ် အုပ်ချုပ်ရေးမှူး ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်၊ မြို့နယ်ပညာရေးမှူး၊ အမ်းမြို့နယ်ပြန်/ဆက်ဦးစီးမှူးတို့က သိရှိလိုသည်များကို တာဝန်ရှိသူထံ အပြန်အလှန် မေးမြန်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ရခိုင်ပြည်နယ် အမ်းမြို့နယ်တွင် ၂၀၁၇ ခုနှစ် ဧပြီလမှ ကိုယ်ဝန်ဆောင် မိခင်စာရင်းကောက်ခံချက်၏ ၁၅၃၁ ဦးအား ငွေကြေးထောက်ပံ့ရေးအစီအစဉ်များ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ထပ်မံ၍လည်း ၎င်းအစီအစဉ်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းအိမွန် (ပြန်/ဆက်)**

## ဦးရဲကျော်သူကျောင်းတိုက်(သံကျောင်း) နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**စစ်တွေ ဒီဇင်ဘာ ၁၇**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ဆင်ကူးလမ်းရပ်ကွက်တွင်ရှိသော ဦးရဲကျော်သူကျောင်း (သံကျောင်း) နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက် မှ ၂၅ ရက် အထိ သုံးရက်တိုင်တိုင် အဆိုပါ ကျောင်းတိုက်ခြံဝင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်ကာလတွင် ဒီဇင်ဘာ ၂၃ ရက် ပျော်ပွဲရွှင်ပွဲများတွင် ချောတိုင်တက်ပွဲ၊ ရေအိုးခွဲပွဲ၊ ပုဆိုးကွင်းစွပ်ပွဲ၊ အထုပ်သတ်ပွဲနှင့် တခြားပျော်ပွဲရွှင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း၊ ညနေပိုင်းတွင် ရခိုင်မုန့်တီဖြင့် စတုဒိသာကျွေးမွေးဧည့်ခံခြင်း၊ ဒီဇင်ဘာ ၂၄ ရက်တွင် ရဟန်းသံဃာ ၁၀၈ ပါးက ပရိတ်ပဌာန်းများ ရွတ်ဖတ်ပြီး နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်း၊ မွန်းလွဲပိုင်းတွင် ပင့်ရဟန်းသံဃာ အပါး ၃၀၀ အား လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းခြင်း၊ ညနေပိုင်းတွင် ရခိုင်ရိုးရာ အစားအစာများဖြင့် စတုဒိသာကျွေးမွေးခြင်းများ ပြုလုပ်သွားမည်ဖြစ်သည်။

ထို့အပြင် ဒီဇင်ဘာ ၂၅ ရက် ညနေပိုင်းတွင် ရခိုင်အဆိုတော်များဖြစ်ကြသည့် မြတ်ခိုင်ကျော်၊ ဦးမောင်သိန်း၊ L ကိုလင်း၊ ပြည်ကျော်၊ ခိုင်မင်းဟိန်း၊ ရဲလင်းအောင်၊ ခိုင်မင်းစိုး၊ စစ်ငြိမ်းနိုင်၊ ရီလှိုင်ပြာ၊ စောနှင်းနွယ်၊ ငြိမ်းစန္ဒာ၊ ဝတီစိုးမိုးနှင့် ဇင်မာထွန်းတို့က သီဆိုဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

**✻ ရွှေ့ဖုံးမှ**

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဒီဇင်ဘာ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၈ ရက်တွင် ကျောက်စိမ်းအတွဲ အမှတ်(၂၃၀၁)မှ (၃၄၅၀)ထိ လည်းကောင်း၊ ဒီဇင်ဘာ ၁၉ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် (၃၄၅၁)မှ (၄၆၀၀)ထိ လည်းကောင်း၊ ဒီဇင်ဘာ ၂၀ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် (၄၆၀၁)မှ (၅၇၅၀)ထိ လည်းကောင်း၊ ဒီဇင်ဘာ ၂၁ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် (၅၇၅၁)မှ (၆၆၈၅)ထိ လည်းကောင်း ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် အခြေခံဈေး ယူရိုငွေ ၄၀၀၀ နှင့်အထက် တန်ဖိုးသတ်မှတ်ထားသည့် ကျောက်စိမ်းအတွဲနှင့် အခြေခံဈေး ယူရိုငွေ ၁၀၀၀ နှင့်အထက် တန်ဖိုးသတ်မှတ်ထားသည့် ကျောက်စိမ်းအတွဲ စုစုပေါင်း ၆၆၈၅ တွဲကို ခင်းကျင်းပြသထားပြီး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးလျက်ရှိသည်။

**သတင်းစဉ်**

**❍ မြန်မာမှ**

မြန်မာအသင်းသည် ၁၉၆၆ နှင့် ၁၉၇၀ ပြိုင်ပွဲတွင် ချန်ပီယံဆု ရခဲ့ခြင်းဖြစ်ပြီး အာဆီယံအသင်းများတွင် ရွှေတံဆိပ်ရဖူးသည့် တစ်သင်းတည်းသော အသင်းလည်းဖြစ်သည်။ အမျိုးသားဘောလုံးပြိုင်ပွဲကို အသက် (၂၃) နှစ်အောက်ပြိုင်ပွဲအဖြစ် ကျင်းပမည်ဖြစ်ပြီး အသက်ကျော်ကစားသမားသုံးဦး ထည့်သွင်းကစားခွင့်ရမည်ဖြစ်သည်။ အမျိုးသမီးဘောလုံးပြိုင်ပွဲကိုမူ လက်ရွေးစင်အဆင့်ပြိုင်ပွဲအဖြစ် ကျင်းပမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာအမျိုးသားဘောလုံးအသင်းသည် ယခုနှစ်အတွင်း ဖွဲ့စည်းခဲ့သည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲဝင် ယူ-၂၂ အသင်းကို အခြေခံယှဉ်ပြိုင်ဖွယ်ရှိနေပြီး အမျိုးသမီးအသင်းမှာမူ ၂၀၁၈ အာဆီယံ အမျိုးသမီးပြိုင်ပွဲ ယှဉ်ပြိုင်မည့် လက်ရွေးစင်အသင်းဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။

(၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို ဩဂုတ် ၁၈ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အားကစားနည်း ၄၃ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၇**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၈၆ စီး၊ သွင်းကုန် ၁၀၀၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂ စီး၊ သွင်းကုန် ၁၅၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆ ဒသမ ၉၈၇ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၁၆ ရက်တွင် မန္တလေးမြို့သို့ သွားရောက်မည့် Canter ၂၂ ဘီးယာဉ်တစ်စီးကို ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Turbo HD DVR (1×8)(25)Pkgs, (1×4)(8) Pkgs,Turbo HD In/Out Door Exir Bullet Camera(1×30)(2) Pkgs,(1×32)(4)Pkgs,(1×36)(1) Pkgs ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၂၈၀ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍သိမ်းဆည်းခဲ့ကြောင်း သိရသည်။



တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် Turbo, HD DVR, Turbo HD In/Out Door Exir Bullet Camera

**သတင်းစဉ်**

# ဘားအံမြို့နယ်တွင် ငွေကျပ် သိန်း ၆၃၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၇**
ဘားအံခရိုင်ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၄ ရက် ညနေ ၃ နာရီခွဲက ဘားအံမြို့နယ် အမှတ်(၈)ရပ်ကွက် ဘားအံ-ထုံးအိုင် ကားလမ်း ဇွဲကပင် ဟိုတယ်အနီးတွင် စိုးအောင် မောင်းနှင်လာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ ကွင်းဆက်စစ်ဆေးချက်အရ ဒီဇင်ဘာ ၁၆ ရက် နံနက် ၁၁ နာရီခွဲတွင် ဘားအံမြို့နယ် ဘားအံ-မြိုင်ကလေး ကားလမ်း တရုတ်လှစံပြကျေးရွာ လမ်းဆုံအနီးတွင် မနန်းသူဇာ မောင်းနှင်ပြီး မတင်အေးနှင့် သိန်းနိုင်တို့ လိုက်ပါလာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀၀၀၊ ငွေကျပ် ၅၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကိုလည်းကောင်း၊ အလားတူ ဒီဇင်ဘာ ၁၆ ရက် ည ၁၁ နာရီက မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့ အထွက် ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ခရီးသည်တင်မှန်လုံမော်တော်ယာဉ်ကိုရှာဖွေရာ ခရီးသည် အောင်ခင်(ခ) အောင်ကျော်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ည ၁၁ နာရီခွဲတွင် ခရီးသည်တင် မှန်လုံမော်တော်ယာဉ်ကိုရှာဖွေရာ ခရီးသည် ခင်လှထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။


စိုးအောင်


မနန်းသူဇာ၊ မတင်အေးနှင့် သိန်းနိုင်

**သတင်းစဉ်**

# နန်းမားဘူတာသို့ ဝင်ရောက်လာသော အစုန်ရထားနှင့် တုန်ဖုန်းမော်တော်ယာဉ်တိုက်မိ၊ သုံးဦးဒဏ်ရာရ

**မိုးညှင်း ဒီဇင်ဘာ ၁၇**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန်းမားဘူတာသို့ ဝင်ရောက်လာသောအစုန်ရထားနှင့် တုန်ဖုန်းမော်တော်ယာဉ်တို့ တိုက်မိခဲ့သဖြင့် မော်တော်ယာဉ်ပေါ်လိုက်ပါလာသူ သုံးဦး ဒဏ်ရာများရရှိပြီး မော်တော်ယာဉ်မှာ ပျက်စီးခဲ့သည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ ခန့်က နန်းမားဘူတာရုံပိုင်ကြီး ဦးတင်မောင်ဌေး တာဝန်ထမ်းဆောင်နေစဉ် စက်ခေါင်းမောင်း ဦးဝင်းကို မောင်းနှင်လာသော စက်ခေါင်းအမှတ်(DF/1324) အမှတ်(၄၂)အစုန်အမြန်ရထားသည် နန်းမားဘူတာအဝင်မိုင်တိုင်(၆၄၁/၂၄)နှင့်(၆၄၁/၂၃)အကြား နန်းမားဘူတာအဝင်တွင် တရားမဝင်သံလမ်းဖြတ်ကူးလမ်းမှ ယာဉ်မောင်း ပိုင်ငြိမ်းဦး မောင်းနှင်လာပြီး နိုင်မိုးဦးနှင့်မသဲစုနွေးတို့ လိုက်ပါလာသော တုန်ဖုန်းယာဉ်သည် လမ်းဖြတ်ကူးစဉ် တိုက်မိပြီး ချိတ်ပါလာသည်။



တုန်ဖုန်းမော်တော်ယာဉ်သည် နန်းမားဘူတာတွင် ရပ်ထားသောအမှတ်(၄၉)အဆန် နဘား-မြစ်ကြီးနား ခေါက်ပြန်ရထား၏ စက်ခေါင်းညာဘက်ခြမ်းအား ထပ်မံပွတ်တိုက်ချိတ်ဆွဲခဲ့သဖြင့် ရထားနှစ်စီးအကြား ညပ်မိပြီး အသုံးပြုမရလောက်အောင် ပျက်စီးသွားခဲ့သည်။

မော်တော်ယာဉ်ပေါ်တွင် လိုက်ပါလာသူများမှာ ကားအတွင်းပိတ်ညပ်နေသဖြင့် မော်တော်ယာဉ်အား တစ်စစီဖြတ်တောက်ထုတ်ယူခဲ့ရပြီး ယာဉ်မောင်း ပိုင်ငြိမ်းဦးနှင့် မသဲစုနွေးတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် နန်းမားတိုက်နယ်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပိုင်ငြိမ်းဦး(၂၀)နှစ်အား နန်းမားနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **၀၅၈**

# အမြန်လမ်းမကြီးတွင် Fielder ယာဉ်က လိုက်ထရပ်ယာဉ်နောက်ပိုင်းဝင်တိုက် တစ်ဦးသေ၊ လေးဦးဒဏ်ရာရ

**နေပြည်တော် ဒီဇင်ဘာ ၁၇**
ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ပြင်စည်အမြန်လမ်းပိုင်းမိုင်တိုင်(၃၂၂/၄) နှင့် (၃၂၂/၅)အကြား နေပြည်တော်မှ မန္တလေးသို့ ယာဉ်မောင်းတင်ထွန်းနောင် မောင်းနှင်လာသော Fielder ယာဉ်က ယနေ့နံနက် ၆ နာရီ ၁၀ မိနစ်က စက်ချွတ်ယွင်း၍ လမ်းဘေးကပ်တွန်းနေသော ဖြိုးချမ်းမြေ့မောင်းနှင်သည့် လိုက်ထရပ်ယာဉ်ကို နောက်မှ ဝင်တိုက်မိခဲ့သည်။

ဖြစ်စဉ်ကြောင့် လိုက်ထရပ်ယာဉ်ပေါ်တွင် ယာဉ်မောင်းပါအမျိုးသားသုံးဦး အမျိုးသမီးတစ်ဦးအနက် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီး အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ Fielder ယာဉ်ပေါ်တွင်ယာဉ်မောင်းပါ အမျိုးသားသုံးဦး အမျိုးသမီးနှစ်ဦးအနက် အမျိုးသားနှစ်ဦး အမျိုးသမီးတစ်ဦး ပေါင်း သုံးဦး ဒဏ်ရာရရှိခဲ့သည်။ ယင်းဖြစ်စဉ်မှ ယာဉ်မောင်းများအား သက်ဆိုင်ရာက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**
**ဓာတ်ပုံ-အမြန်လမ်းရဲတပ်ဖွဲ့**



# စိတ်ကြွရူးသွပ်ဆေးပြားများ လက်ဝယ်ထားရှိသူကို ဖမ်းဆီးရာ ကွင်းဆက်တရားခံကို စိတ်ကြွရူးသွပ်ဆေးပြားများ၊ ကျည်ဆန်များနှင့်အတူ ထပ်မံဖော်ထုတ်ရရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၇**
ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် မူးယစ်တပ်ဖွဲ့စု(၄၁)မှ တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ကျည်ဆန်များ လက်ဝယ်ထားရှိသူကို ဖော်ထုတ်ဖမ်းဆီးရရှိခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် မူးယစ်တပ်ဖွဲ့စု(၄၁)မှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲ ၂ နာရီက မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီလမ်းနှင့် ခေမာကျောင်းလမ်းထောင့်တွင် သတင်းအရ (၄)ရပ်ကွက်နေ သန့်ဇင်ဦး(ခ)သူရအောင်(၃၇)နှစ်ကို ရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့် ဘောင်းဘီတိုအိတ်အတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၇၅ ပြား သိမ်းဆည်းရမိခဲ့သဖြင့် ဝေဘာဂီနယ်မြေရဲစခန်းက မူးယစ်(ပ) ၃၇/၂၀၁၇၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သန့်ဇင်ဦး(ခ)သူရအောင်၏ ဖော်ထုတ်ချက်အရ ယင်းနေ့ ည ၇ နာရီခန့်က ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် မူးယစ်တပ်ဖွဲ့စု(၄၁) မှ တပ်ဖွဲ့ဝင်များသည် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမှတ်(၁၇)ရပ်ကွက်နေ ဝင်းထွဋ်(၄၃)နှစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အိပ်ခန်းမွေ့ရာခေါင်းရင်းဘက်တွင် ဆေးပြား ၂၀၀ စီပါသည့် WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၅ ထုပ်၊ WY စာတန်းပါ နီညိုရောင် စိတ်ကြွရူးသွပ်ဆေးပြား၂၀၀ ပါ ၁၉ ထုပ် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၈၈၀၀ နှင့် အဝတ်ဗီရိုပထမထပ်မှ စက္ကူဘူးအတွင်း ထည့်ထားသည့် ကျည်ဆန်သုံးတောင့်နှင့် ၎င်း၏လက်အတွင်းမှ ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများ၊ ကျည်ဆန်များနှင့်ပတ်သက်၍ ဝင်းထွဋ်အား အသေးစိတ်စစ်ဆေးလျက်ရှိပြီး ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ဒီဇင်ဘာပွဲကျပ်ကာလအတွင်း အာဆင်နယ် ပရီမီယာလိဂ်နိုင်ပွဲ ပြန်လည်ရရှိ

အာဆင်နယ်အသင်းဟာ အိမ်ကွင်း အမ်းမရိတ်မှာ နယူးကာဆယ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် ဒီဇင်ဘာလအတွင်းမှာ နိုင်ပွဲပြန်လည်ရရှိလာခဲ့ပြီလို့ဆိုရမှာ ဖြစ်ပါတယ်။

ဒီဇင်ဘာလပွဲကျပ်ကာလအတွင်းမှာ အာဆင်နယ်အသင်းအနေနဲ့ ယူရိုပါလိဂ်အုပ်စုအဆင့်ပွဲစဉ် တစ်ပွဲနဲ့ အီးအက်ဖ်အယ်လ်ပွဲစဉ်တစ်ပွဲအပါအဝင် ကိုးပွဲအထိ ကစားရမှာဖြစ်ပြီး ယူရိုပါလိဂ်အုပ်စုအဆင့်မှာတော့ ဘိတ်ဘိုရီဆော့ဗ်အသင်းကို အနိုင်ရရှိခဲ့ပါတယ်။

ဒါပေမယ့် ဒီဇင်ဘာလအတွင်း ပရီမီယာလိဂ်လေးပွဲကစားခဲ့ရာမှာ မန်စီးတီးအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပြီး ဆောက်သမ်တန်အသင်းနဲ့ တစ်ဖက်တစ်ဂိုးစီသရေ၊ ဝက်စ်ဟမ်းအသင်းနဲ့ ဂိုးမရှိ သရေ စတဲ့ရလဒ်တွေ ထွက်ပေါ်ခဲ့ပြီး နိုင်ပွဲပျောက်ဆုံးနေခဲ့ပါတယ်။ အခု နယူးကာဆယ်အသင်းနဲ့ ပွဲစဉ်မှာတော့ အိုဇေးလ်ရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့အတူ ဒီဇင်ဘာလအတွင်း ပရီမီယာလိဂ်နိုင်ပွဲ ပြန်လည်ရရှိခဲ့တာလည်းဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ ဒီဇင်ဘာလအတွင်း ကစားဖို့ကျန်ရှိနေသေးတဲ့ ပွဲစဉ်တွေကတော့ ဒီဇင်ဘာ ၁၉ ရက်မှာ ဝက်စ်ဟမ်းအသင်းနဲ့ အီးအက်ဖ်အယ်လ်ပွဲစဉ်၊ ပရီမီယာလိဂ်ပွဲစဉ်တွေအဖြစ် ဒီဇင်ဘာ ၂၂ ရက်မှာ လီဗာပူးအသင်း၊ ဒီဇင်ဘာ ၂၈ ရက်မှာ ခရစ္စတယ်ပဲလေ့စ်အသင်း၊ ဒီဇင်ဘာ ၃၁ ရက်မှာ ဝက်စ်ဘရွန်းအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

အာဆင်နယ်အသင်းအနေနဲ့ ပရီမီယာလိဂ်ပွဲစဉ် ၁၈ ကစားအပြီးမှာ ရမှတ် ၃၃ မှတ်ရရှိထားပြီး အမှတ်ပေးဇယားရဲ့ ထိပ်ဆုံးကရပ်တည်နေတဲ့ မန်စီးတီးအသင်းနဲ့ ၁၉ မှတ်အကွာ အဆင့်(၄)နေရာမှာ ရပ်တည်နေပါတယ်။




# ကမ္ဘာ့ကလပ်ဖလားပြိုင်ပွဲတွင် ရီးယဲလ်မက်ဒရစ် နှစ်နှစ်ဆက်တိုက်ဗိုလ်စွဲ

ကမ္ဘာ့ကလပ်ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် စပိန်ကလပ် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဘရာဇီးကလပ် ဂရီမီယိုအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရီးယဲလ်မက်ဒရစ်အသင်းက တိုက်စစ်မှူး စီရိုနယ်လ်ဒို၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်စွဲခဲ့သည်။ ယင်းပွဲစဉ်တွင် ပွဲကစားချိန် ၅၃ မိနစ်တွင်ရရှိလာသည့် အလွတ်တည်ကန်ဘောကို တိုက်စစ်မှူးစီရိုနယ်လ်ဒိုက အားပါပြင်းထန်သည့်ကန်ချက်ဖြင့် ဂိုးရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ရီးယဲလ်ကွင်းလယ်လူမိုဒရစ်မှာ ရွှေဘောလုံးဆုရရှိခဲ့ပြီး တိုက်စစ်မှူး စီရိုနယ်လ်ဒိုမှာမူ ငွေဘောလုံးဆုကို ရရှိခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ယခုပွဲစဉ်တွင် အနိုင်ရရှိကာ ဆုဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် နည်းပြဇီဒန်းလက်ထက် ကမ္ဘာ့ကလပ်ဖလားကို နှစ်နှစ်ဆက်တိုက်ဆွတ်ခူးနိုင်ခဲ့သည့် မှတ်တမ်းတစ်ရပ် စိုက်ထူနိုင်ခဲ့ပြီဖြစ်သည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် ကမ္ဘာ့ကလပ်ဖလားကို ၂၀၁၄ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၆ ခုနှစ်တွင် တစ်ကြိမ်နှင့် ယခု ၂၀၁၇ ခုနှစ်တွင် တစ်ကြိမ် စုစုပေါင်းသုံးကြိမ်အထိ ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ယခုတစ်ကြိမ် ဆုဖလားရရှိခဲ့ခြင်းကြောင့် ၂၀၁၇ ခုနှစ်အတွင်း ဆုဖလားငါးလုံးအထိ ဆွတ်ခူးနိုင်ခဲ့သည့်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ချန်ပီယံလိဂ်ဖလား၊ လာလီဂါဖလား၊ ယူအီးအက်ဖ်အေစူပါဖလား၊ စပိန်စူပါဖလားနှင့် ယခုကမ္ဘာ့ကလပ်ဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းသည်လည်း ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်းက ရီးယဲလ်မက်ဒရစ်နည်းပြအဖြစ် ခန့်အပ်ခြင်းခံခဲ့ရပြီး နှစ်နှစ်တာကာလအတွင်း ဆုဖလားရှစ်လုံးအထိ ရယူပေးနိုင်ခဲ့ပြီလည်း ဖြစ်သည်။

ကမ္ဘာ့ကလပ်ဖလားပြိုင်ပွဲ၏ တတိယလုပွဲအဖြစ် မက္ကဆီကိုချန်ပီယံ ပါချူးကာအသင်းနှင့် ယူအေအီးချန်ပီယံအယ်လ်ဂျာဇီးယားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပါချူးကာအသင်းက အယ်လ်ဂျာဇီးယားအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ တတိယနေရာကို ရယူနိုင်ခဲ့သည်။

# ဇန်နဝါရီလတွင် ဂျွန်နီအီဗန်အား မန်ယူ ပြန်လည်ခေါ်ယူမည်ဟုဆို

ငွေကြယ် - ရေးသားသည်




မန်ယူအသင်းနည်းပြ မော်ရင်ဟိုသည် မန်ယူကစားသမားဟောင်းတစ်ဦးဖြစ်သည့် ဂျွန်နီအီဗန်အား လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း ပြန်လည်ခေါ်ယူမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် နည်းပြဗန်ဟားလ်လက်ထက်က ဗဟိုနောက်တန်းကစားသမား ဂျွန်နီအီဗန်အား ဝက်စ်ဘရွန်းအသင်းသို့ ရောင်းချခဲ့ခြင်းမှာ ကြီးမားသည့် မှားယွင်းမှုတစ်ခုဖြစ်ကြောင်းလည်း နည်းပြ မော်ရင်ဟိုက ပြောကြားခဲ့သည်။

မန်ယူအသင်းတွင် နည်းပြဗန်ဟားလ်တာဝန်ယူ ကိုင်တွယ်စဉ် လွန်ခဲ့သည့်နှစ်နှစ်ကျော်က ဂျွန်နီအီဗန်အား ဝက်စ်ဘရွန်းအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ခြောက်သန်းဖြင့် ရောင်းချခဲ့ခြင်းဖြစ်သည်။

နည်းပြမော်ရင်ဟိုအနေဖြင့် ဂျွန်နီအီဗန်အား ပြန်လည်ခေါ်ယူရန် ပြင်ဆင်လျက်ရှိနေချိန်တွင် အခြားသောပရီမီယာလိဂ်ပြိုင်ဘက်အသင်းများဖြစ်ကြသည့် မန်စီးတီးအသင်းနှင့် အာဆင်နယ်အသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

မန်စီးတီးအသင်းသည် ပြီးခဲ့သည့်အပြောင်းအရွှေ့ကာလအတွင်းက ဂျွန်နီအီဗန်အား ပြောင်းရွှေ့ကြေး ပေါင် သန်း ၂၀ ဖြင့် ကမ်းလှမ်းခဲ့သော်လည်း ငြင်းဆိုခံခဲ့ရသည်။ ထို့ကြောင့် နည်းပြမော်ရင်ဟိုအနေဖြင့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ဂျွန်နီအီဗန်အား ပြောင်းရွှေ့ကြေးပေါင် သန်း ၃၀ အထိ ပေးပါက ဝက်စ်ဘရွန်းအသင်းအနေဖြင့် ဂျွန်နီအီဗန်၏ အပြောင်းအရွှေ့နှင့်ပတ်သက်၍ လက်ခံလာမည်ဟု ယုံကြည်ထားကြောင်း ပြောကြားခဲ့သည်။

ဘာစီလိုနာအသင်းဥက္ကဋ္ဌ မာရီယာဘာတိုမူးသည် အက်သလက်တီကိုမက်ဒရစ်တိုက်စစ်မှူး ဂရစ်ဇ်မန်းအနေဖြင့် ဘာစီလိုနာအသင်းသို့ ပေါင် ၈၈ သန်းဖြင့် ပြောင်းရွှေ့လာရေးအတွက် ဂရစ်ဇ်မန်း၏ မိသားစုဝင်များနှင့် တွေ့ဆုံခဲ့ကြောင်းသိရသည်။

**လီဗာပူး ကွင်းလယ်ကစားသမား အမ်မရီကန်၏ လက်ရှိစာချုပ်သက်တမ်းသည် ယခုရာသီကုန်တွင် ကုန်ဆုံးတော့မည်ဖြစ်သောကြောင့် အီတလီကလပ် ဂျူဗင်တပ်အသင်းက ပြောင်းရွှေ့ကြေးပေါင် ၄ ဒသမ ၅ သန်းဖြင့် ခေါ်ယူရန်အသင့်ရှိနေသည်ဟုဆိုသည်။**

### ဒီဇင်ဘာ ၁၇ ရက်နေ့ အနိုင်/အရှုံးရလဒ်များ

| | | | | |
|---|---|---|---|---|
| ပရီမီယာလိဂ် ပွဲစဉ် - ၁၈ | | | | |
| ဝက်စ်ဘရွန်း | ၁ | - | ၂ | မန်ယူ |
| ပြင်သစ်လိဂ်ဂူး ပွဲစဉ် - ၁၈ | | | | |
| နန့်တက်စ် | ၁ | - | ၀ | အန်ဂါးစ် |
| ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၁၇ | | | | |
| ဟန်နိုဗာ | ၄ | - | ၄ | လေဗာကူဆင် |
| အီတလီစီးရီးအေ ပွဲစဉ် - ၁၇ | | | | |
| ဗီရိုနာ | ၃ | - | ၀ | အေစီမီလန် |
| ဘိုလော့နာ | ၀ | - | ၃ | ဂျူဗင်တပ် |
| ဆမ်ဒိုးရီးယား | ၀ | - | ၁ | ဆာဆူအိုလို |
| ခရိုတုန်း | ၁ | - | ၀ | ချီယေဗို |
| ဖီအိုရင်တီးနား | ၀ | - | ၀ | ဂျီနိုအာ |
| စပိန်လာလီဂါ ပွဲစဉ် - ၁၆ | | | | |
| ဂျီရိုနာ | ၁ | - | ၀ | ဂီတာဖေး |

ခိုင်ဝင်း

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

**အခြားအကျိုးခံစားခွင့်များ၏ မှတ်ပုံတင်စာရင်း**

၉၄။ (က) ကုမ္ပဏီတစ်ခုသည် ယင်း၏ အစုရှယ်ယာမတည်ငွေရင်းရှိ အခြားအကျိုးခံစားခွင့် တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ဖြစ်စေ၊ ထုတ်ဝေထားသည့် အကျိုးခံစားခွင့်တစ်ရပ်အား ရယူရန် အခွင့်အရေးပေးအပ်ထားသော ငွေချေးသက်သေခံလက်မှတ်နှင့် စပ်လျဉ်း၍ဖြစ်စေ အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်နှင့်အညီ အောက်ပါအချက်အလက်များကို မှတ်တမ်းတင်ထားသော မှတ်ပုံတင်စာရင်းတစ်ခုကို ပြုလုပ်ထားရှိရမည် -

(၁) အကျိုးခံစားခွင့်လက်ဝယ်ရှိသူများ၏ အမည်များ၊ နေရပ်လိပ်စာများနှင့် မည်သည့်နိုင်ငံသား ဖြစ်သည်ဟူသော အချက်များအပြင် ၎င်းတို့ထံ ထုတ်ဝေထားသည့် သို့မဟုတ် ၎င်းတို့လက်ဝယ်ရှိသည့် အကျိုးခံစားခွင့်များ၏ အရေအတွက်နှင့် ရှင်းလင်းဖော်ပြချက်၊

(၂) ပုဂ္ဂိုလ်တစ်ဦးစီအား အကျိုးခံစားခွင့် လက်ဝယ်ရှိသူတစ်ဦးအဖြစ် မှတ်ပုံတင်စာရင်းတွင် ရေးသွင်းဖော်ပြခဲ့သည့်ရက်စွဲ၊

(၃) ပုဂ္ဂိုလ်တစ်ဦးအား အကျိုးခံစားခွင့်လက်ဝယ်ရှိသူတစ်ဦးအဖြစ်မှ ရပ်စဲသည့်ရက်စွဲနှင့်

(၄) အကျိုးခံစားခွင့် သက်တမ်းကုန်ဆုံးခြင်း၊ ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် လဲလှယ်ခြင်းများနှင့် စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များ။

(ခ) ဤပုဒ်မအရ အကျိုးခံစားခွင့်တစ်ရပ်ရပ်၏ မှတ်ပုံတင်စာရင်းသည် ကုမ္ပဏီရှိ အစုရှယ်ယာများအဖြစ်သို့ လဲလှယ်နိုင်သည့် ငွေချေးသက်သေခံလက်မှတ်များကို လက်ဝယ်ပိုင်ဆိုင်ထားသူများ၏ မှတ်ပုံတင်စာရင်းတစ်ရပ်ဖြစ်ခဲ့လျှင် အကျိုးခံစားခွင့်များအား လဲလှယ်ဆောင်ရွက်သည့်အခါ သို့မဟုတ် သက်တမ်းကုန်ဆုံးသည့်အခါများတွင် အဆိုပါ မှတ်ပုံတင်စာရင်းအား နောက်ဆုံးဖြစ်ပေါ်သည့် အချက်အလက်များဖြင့် ဖြည့်စွက်ပြုစုထားရှိရမည်။

(ဂ) အကျိုးခံစားခွင့်အား လွှဲပြောင်းသည့် ပုဂ္ဂိုလ်တစ်ဦးသည် လွှဲပြောင်းသည့် အကြောင်းကြားစာအား ကုမ္ပဏီသို့ပေးပို့သည့်အခါမှသာလျှင် ကုမ္ပဏီသည် မှတ်ပုံတင်စာရင်းရေးသွင်းထားသည့် အကျိုးခံစားခွင့်အား လွှဲပြောင်းခြင်းတစ်ရပ်ရပ်နှင့်ပတ်သက်၍ ပုဒ်မခွဲ (ခ) တွင် ဖော်ပြပါရှိသည့်အမျိုးအစားနှင့် သက်ဆိုင်သော မှတ်ပုံတင်စာရင်းတွင် နောက်ဆုံးဖြစ်ပေါ်သည့် အချက်အလက်များဖြင့် ဖြည့်စွက်ရန် လိုအပ်မည်ဖြစ်သည်။ ကုမ္ပဏီက အကျိုးခံစားခွင့်အား လွှဲပြောင်းသည့်ကိစ္စရပ်ကို မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းရန် ပျက်ကွက်ခြင်းသည် အကျိုးခံစားခွင့်လွှဲပြောင်းမှု တရားဝင်ခြင်းကို ထိခိုက်စေခြင်း မရှိစေရ။

**ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်း၌ ထိန်းသိမ်းထားရှိရမည့် မှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများ**

၉၅။ (က) ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဤအခန်းအရ ထိန်းသိမ်းထားရှိရမည့် ကုမ္ပဏီနှင့်သက်ဆိုင်သော မှတ်ပုံတင်စာရင်းများအားလုံးနှင့် အညွှန်းစာရင်းများကို ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်း သို့မဟုတ် စီးပွားရေးလုပ်ငန်း အဓိကဆောင်ရွက်ရာနေရာ၌ ထိန်းသိမ်းထားရှိရမည်။

(ခ) ကုမ္ပဏီသည် ၎င်း၏မှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများကို ထိန်းသိမ်းထားရှိရန်အတွက် နိုင်ငံတော်အတွင်း မည်သူ့ကိုမဆို ခန့်အပ်နိုင်သည်။ ထိုသို့ဆောင်ရွက်သည့်အခါ ကုမ္ပဏီ၏ မှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများကို ဖော်ပြပါ ခန့်အပ်ခံရသူ ပုဂ္ဂိုလ်၏ရုံးခန်း၌ ကုမ္ပဏီကိုယ်စား ထိန်းသိမ်းထားရှိနိုင်သည်။

(ဂ) ကုမ္ပဏီ၏မှတ်ပုံတင်ထားသောရုံးခန်း သို့မဟုတ် စီးပွားရေးလုပ်ငန်း အဓိကဆောင်ရွက်သောနေရာမဖြစ်သည့် အခြားနေရာတစ်ခုခု၌ ကုမ္ပဏီ၏မှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများကို ထိန်းသိမ်းထားရှိသည့်အခါ ထိုသို့ထားရှိသည့်နေ့မှ ၂၀ ရက်အတွင်း ကုမ္ပဏီသည် အဆိုပါမှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများကို ထိန်းသိမ်းထားရှိသည့်နေရာအား သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြားစာ ပေးပို့တင်ပြရမည်ဖြစ်သည့်အပြင် ကုမ္ပဏီ၏မှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများကို ထိန်းသိမ်းထားရှိသည့်နေရာပြောင်းလဲမှုရှိခဲ့ပါကလည်း ထိုသို့ပြောင်းလဲသည့်နေ့မှ ၂၀ ရက်အတွင်း သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြားစာ ပေးပို့တင်ပြရမည်။

**မှတ်ပုံတင်စာရင်းတွင် ပြောင်းလဲပြင်ဆင်မှုများအား အကြောင်းကြားရခြင်း**

၉၆။ (က) ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၉၀ ပါပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းပြုလုပ်သည့် ပြောင်းလဲပြင်ဆင်မှုအသေးစိတ်ကို သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြားစာ ပေးပို့တင်ပြရမည်။

(ခ) သက်ဆိုင်ရာပြောင်းလဲပြင်ဆင်မှုများ ပြုလုပ်သည့်နေ့မှ ၂၁ရက်အတွင်း အကြောင်းကြားတင်ပြခြင်းကို ပြုလုပ်ရမည်။

**နှစ်စဉ်အစီရင်ခံစာ၊ ကုမ္ပဏီတွင်ပါဝင်သူများစာရင်းနှင့် အကျဉ်းချုပ်ဖော်ပြချက်**

၉၇။ (က) ကုမ္ပဏီအားလုံးသည် ယင်းအား ဖွဲ့စည်းတည်ထောင်သည့်နေ့မှ နှစ်လအတွင်းနှင့် ၎င်းနောက်ပိုင်းကာလအတွက် နှစ်စဉ် အနည်းဆုံးတစ်ကြိမ် သို့ရာတွင် ကုမ္ပဏီအား ဖွဲ့စည်း တည်ထောင်သည့် နှစ်ပတ်လည်ကာလ ကုန်ဆုံးပြီးနောက် တစ်လထက်နောက်မကျစေဘဲ ကုမ္ပဏီ၏အသေးစိတ်ဖော်ပြချက်များပါရှိသော နှစ်စဉ်အစီရင်ခံစာတစ်ခုကို သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်။

(ခ) သို့ရာတွင် သက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်မှတစ်ပါး နှစ်စဉ်အစီရင်ခံစာ၌ အောက်ပါအချက်အလက်များ ပါရှိစေရမည် -

(၁) ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောအမည်၊

(၂) ကုမ္ပဏီ၏ မှတ်ပုံတင်အမှတ်စဉ်၊

(၃) ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာနှင့် ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းကို အခြားနေရာတစ်ခုခုတွင် ထိန်းသိမ်းထားရှိခဲ့ပါက ထိုသို့ ထိန်းသိမ်းထားရှိသည့်နေရာ၏ လိပ်စာ(ကွဲလွဲလျှင်)၊

(၄) အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီဖြစ်ခဲ့လျှင် ကုမ္ပဏီတွင် အစုရှယ်ယာအရေအတွက် အများဆုံးပိုင်ဆိုင်ထားသည့် ပါဝင်သူဦးရေ ၅၀ ၏စာရင်း သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူဦးရေ ၅၀ အောက်နည်းလျှင် ထိုသို့ပါဝင်သူများစာရင်းနှင့် ၎င်းတို့၏ အမည်များ၊ နေရပ်လိပ်စာများ၊ မည်သည့်နိုင်ငံသားဖြစ်ကြောင်းနှင့် ပိုင်ဆိုင်သည့် အစုရှယ်ယာအရေအတွက်၊

(၅) အခြားကုမ္ပဏီဖြစ်ခဲ့လျှင် ကုမ္ပဏီတွင်ပါဝင်သူများစာရင်းနှင့် ၎င်းတို့၏အမည်များ၊ နေရပ်လိပ်စာများ၊ မည်သည့်နိုင်ငံသားဖြစ်ကြောင်းနှင့် ပိုင်ဆိုင်သည့် အစုရှယ်ယာအရေအတွက်အပြင် နောက်ဆုံးနှစ်စဉ်အစီရင်ခံစာ တင်ပြသည့်နေ့ရက်မှစတင်၍ ကုမ္ပဏီတွင်ပါဝင်သူများအဖြစ်မှ ရပ်စဲခဲ့သူများစာရင်း၊

(၆) ကုမ္ပဏီ၏ နောက်ဆုံးပြုလုပ်ခဲ့သော နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပဆောင်ရွက်ခဲ့လျှင် ကျင်းပသည့်နေ့ရက်၊

(၇) ကုမ္ပဏီ၏ငွေစာရင်းများအား ပြုလုပ်ခဲ့သည့်နေ့ရက်နှင့် နှစ်စဉ်အစီရင်ခံစာအား ဖော်ပြသည့်နေ့ရက်တို့တွင် ကုမ္ပဏီ၏ အဓိကလုပ်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှုများဆိုင်ရာ သီးခြားဖော်ပြချက်များ၊

(၈) ငွေသားဖြင့်ထုတ်ဝေသည့် အစုရှယ်ယာများနှင့် ငွေသားမှတစ်ပါး အခြားနည်းဖြင့် အပြည့်အဝသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသသော်လည်းကောင်း ပေးချေထားသည့် အစုရှယ်ယာများအား ပိုင်းခြားဖော်ပြထားသည့် အကျဉ်းချုပ်၊

(၉) ကုမ္ပဏီ၏အစုရှယ်ယာ မတည်ငွေရင်းပမာဏနှင့် ပိုင်းခြားသတ်မှတ်ထားသည့် အစုရှယ်ယာအရေအတွက်၊

(၁၀) အစုရှယ်ယာတစ်ခုစီအတွက် သတ်မှတ်တောင်းဆိုထားသည့် ပေးချေရန်ငွေပမာဏ၊

(၁၁) နောက်ဆုံးအကြိမ်နှစ်စဉ်အစီရင်ခံစာ ပြုလုပ်သည့်နေ့၏ နောက်ပိုင်းတွင် လက်လွှတ်ဆုံးရှုံးသော သို့မဟုတ် ပယ်ဖျက်သော အစုရှယ်ယာအရေအတွက် စုစုပေါင်း၊

(၁၂) နောက်ဆုံးအကြိမ် နှစ်စဉ်အစီရင်ခံစာပြုလုပ်သည့်နေ့၏ နောက်ပိုင်းတွင် ကုမ္ပဏီသည် နိုင်ငံခြားကုမ္ပဏီဖြစ်လာသည့် အကြောင်း သို့မဟုတ် နိုင်ငံခြားကုမ္ပဏီအဖြစ်မှ ရပ်စဲသည့် အကြောင်းနှင့် ပြောင်းလဲသွားသောနေ့ရက်၊

(၁၃) ကုမ္ပဏီ၏လက်အောက်ခံကုမ္ပဏီ၊ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီနှင့် မူရင်းအစုများ ပိုင်ဆိုင်သည့်ကုမ္ပဏီ ရှိခဲ့လျှင် ၎င်းတို့၏အမည်များ၊

(၁၄) နှစ်စဉ်အစီရင်ခံစာပြုလုပ်သည့်နေ့တွင် ကုမ္ပဏီ၏ဒါရိုက်တာဖြစ်ကြသူများနှင့် ကုမ္ပဏီ၏အတွင်းရေးမှူးများရှိခဲ့လျှင် ၎င်းတို့၏အမည်များ၊ နေရပ်လိပ်စာများ၊ ကျား/မ၊ မည်သည့်နိုင်ငံသားဖြစ်သည်ဟူသောအကြောင်းနှင့် နောက်ဆုံးနှစ်စဉ်အစီရင်ခံစာပြုစုပြီးနောက်ပိုင်း ၎င်းတို့ကို ပြောင်းလဲပြင်ဆင်ခြင်းနှင့် သက်ဆိုင်သည့် အချက်အလက်များ၊ ထိုသို့ပြောင်းလဲပြင်ဆင်ခဲ့သည့် နေ့ရက်၊

(၁၅) ဤဥပဒေအရ မှတ်ပုံတင်အရာရှိထံတင်ပြ၍ မှတ်ပုံတင်ထားရန် လိုအပ်သော ပေါင်နှံမှုများနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းများကို မှတ်ပုံတင်ထားပြီးကြောင်း အတည်ပြုချက်နှင့်

(၁၆) အခါအားလျော်စွာ သတ်မှတ်ဖော်ပြထားသည့် အခြားအချက်အလက်များ။

(ဂ) မှတ်ပုံတင်အရာရှိထံသို့ ဖော်ပြပါအချက်အလက်များအား တင်ပြရမည့်အပြင် အထက်ပါ အချက်အလက်များနှင့် အကျဉ်းချုပ်ဖော်ပြချက်များကို ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်း၌ သီးခြားအပိုင်းတွင် ထည့်သွင်းဖော်ပြရမည်။ မှတ်ပုံတင်စာရင်းနှင့်အတူ ထိန်းသိမ်းထားရှိသည့် နှစ်စဉ်အစီရင်ခံစာနှင့် မိတ္တူများကို ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦး သို့မဟုတ် အတွင်းရေးမှူးတစ်ဦးက လက်မှတ်ရေးထိုးထားရမည့်အပြင် စာရင်းနှင့် အကျဉ်းချုပ်များတွင်ပါသည့် အချက်အလက်များကို ဖော်ပြပါနေ့အထိ မှန်ကန်ကြောင်း ဖော်ပြရမည်။

(ဃ) အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီတစ်ခုသည် ယင်း၏ဒါရိုက်တာတစ်ဦးကဖြစ်စေ၊ အတွင်းရေးမှူးကဖြစ်စေ၊ အခြားအရာရှိကဖြစ်စေ လက်မှတ်ရေးထိုးထားသည့် သက်သေခံလက်မှတ်တစ်ခုကို ပုဒ်မခွဲ (က) အရ လိုအပ်သော နှစ်စဉ်အစီရင်ခံစာနှင့်အတူ ပူးတွဲတင်ပြရမည်။ ထိုသက်သေခံလက်မှတ်၌ နောက်ဆုံးအကြိမ်နှစ်စဉ်အစီရင်ခံစာ ပြုလုပ်သည့်နေ့ နောက်ပိုင်း သို့မဟုတ် ပထမအကြိမ်ပြုလုပ်သည့် နှစ်စဉ်အစီရင်ခံစာဖြစ်ပါက ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်ခဲ့သည့်နေ့ရက် နောက်ပိုင်းတွင် ကုမ္ပဏီသည် အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများအတွက် ငွေကြေးထည့်ဝင်စေရန် အများပြည်သူများအား တစ်စုံတစ်ရာ ကမ်းလှမ်းထားခြင်းမရှိကြောင်း ဖော်ပြပါရှိစေရမည်။

**မှတ်ပုံတင်စာရင်းတွင် ထည့်သွင်းဖော်ပြခြင်း မပြုရမည့် ယုံကြည်အပ်နှံမှုများ**

၉၈။ (က) အတိအလင်းဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ သို့မဟုတ် အကျိုးဖြစ်ထွန်းမှုရှိစေမည်ဖြစ်သော မည်သည့်ယုံကြည်အပ်နှံမှုကိုမျှ မှတ်ပုံတင်စာရင်းတွင် ရေးသွင်းခြင်းသော် လည်းကောင်း၊ မှတ်ပုံတင်အရာရှိက လက်ခံခြင်းသော်လည်းကောင်း မပြုလုပ်ရ။

(ခ) ပုဒ်မခွဲ(က) ၌ မည်သို့ပင်ဆိုစေကာမူ ကုမ္ပဏီ၏ မှတ်ပုံတင်စာရင်းတွင် အစုရှယ်ယာ သို့မဟုတ် အကျိုးခံစားခွင့်တစ်ရပ်ရပ်ကို လက်ဝယ်ရှိသူအဖြစ် မှတ်ပုံတင်ထားသည့် သေဆုံးသူတစ်ဦး၏ တရားဝင်ကိုယ်စားလှယ်သည် အဆိုပါသေဆုံးသူ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိုယ်စားလှယ်အနေဖြင့် ဖော်ပြပါအစုရှယ်ယာ သို့မဟုတ် အကျိုးခံစားခွင့်အား လက်ဝယ်ရှိသူအဖြစ် ကုမ္ပဏီ၏ သဘောတူညီချက်နှင့်အညီ မှတ်ပုံတင်ခွင့်ရရှိသည်။

(ဂ) ပုဒ်မခွဲ (က) ၌ မည်သို့ပင်ဆိုစေကာမူ ကုမ္ပဏီ၏ မှတ်ပုံတင်စာရင်းတွင် အစုရှယ်ယာ သို့မဟုတ် အကျိုးခံစားခွင့်တစ်ရပ်ရပ်ကို လက်ဝယ်ရှိသူအဖြစ် မှတ်ပုံတင်ထားသည့် ဒေဝါလီခံရသူတစ်ဦး၏ ပစ္စည်းများအတွက် ယုံကြည်အပ်နှံခြင်းခံရသူ၊ အတည်ပြုဆောင်ရွက်ရသူ၊ စီမံဆောင်ရွက်ရသူ သို့မဟုတ် လွှဲအပ်ခံရသူသည် အဆိုပါ ဒေဝါလီခံရသူ၏ ပစ္စည်းများအတွက် ယုံကြည်အပ်နှံခြင်းခံရသူ၊ အတည်ပြုဆောင်ရွက်ရသူ၊ စီမံဆောင်ရွက်ရသူ သို့မဟုတ် လွှဲအပ်ခံရသူအနေဖြင့် ဖော်ပြပါအစုရှယ်ယာ သို့မဟုတ် အကျိုးခံစားခွင့်အား လက်ဝယ်ရှိသူအဖြစ် ကုမ္ပဏီ၏ သဘောတူညီချက်နှင့်အညီ မှတ်ပုံတင်ခွင့်ရရှိသည်။

**မှတ်ပုံတင်စာရင်းများအား စစ်ဆေးခြင်း**

၉၉။ (က) ဤဥပဒေအရ ထိန်းသိမ်းထားရှိသည့် ကုမ္ပဏီတစ်ခုနှင့် သက်ဆိုင်သော မှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများအားလုံးကို နေ့စဉ်အလုပ်ချိန်အတွင်း ကုမ္ပဏီမှ အထွေထွေအစည်းအဝေးတွင် ချမှတ်နိုင်သော စစ်ဆေးရန်ခွင့်ပြုမည့်နေ့ရက် တစ်ရက်စီတွင် သာမန်အလုပ်ချိန်အတွင်း အချိန်နှစ်နာရီအောက်မနည်းစေမည့် သင့်လျော်သော စည်းကမ်းကန့်သတ်ချက်များနှင့်အညီ ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးက စစ်ဆေးနိုင်ရန်အတွက် အခမဲ့ခွင့်ပြုပေးရမည်ဖြစ်ပြီး အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုဖြစ်ခဲ့လျှင် အခြားပုဂ္ဂိုလ် တစ်ဦးဦးမှ စစ်ဆေးမှုတစ်ရပ်စီအတွက် ဒါရိုက်တာများမှ သတ်မှတ်ထားသော သင့်လျော်သည့်ငွေပမာဏကို ပေးဆောင်သည့် စစ်ဆေးခြင်းကိုလည်းခွင့်ပြုရမည်။ အဆိုပါ ကုမ္ပဏီတွင် ပါဝင်သူ သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးသည် ဖော်ပြပါစာရင်းများမှ ကောက်နုတ်ချက်များကို ပြုလုပ်ရယူနိုင်သည်။

(ခ) ဤဥပဒေအရ ပြုစုထားရှိရန်လိုအပ်သော မှတ်ပုံတင်စာရင်း၊ အညွှန်းစာရင်း၊ သို့မဟုတ် ၎င်းတို့၏ တစ်စိတ်တစ်ဒေသ၊ စာရင်းများနှင့် အကျဉ်းချုပ်များ သို့မဟုတ် ၎င်းတို့၏ တစ်စိတ်တစ်ဒေသတို့၏ မိတ္တူတစ်စောင်ကို ဒါရိုက်တာများက သတ်မှတ်ထားသော သင့်လျော်သည့်ငွေပမာဏကို ပေးဆောင်စေခြင်းဖြင့် ကုမ္ပဏီတွင်ပါဝင်သူ တစ်ဦးဦးကသော်လည်းကောင်း၊ အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုဖြစ်ခဲ့လျှင် အခြားပုဂ္ဂိုလ်တစ်ဦးဦးက သော်လည်းကောင်း ရယူနိုင်သည်။ ကုမ္ပဏီသည် ပါဝင်သူ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးမှ ထိုသို့တောင်းခံလာသော မိတ္တူတစ်စုံတစ်ရာအား ထိုသူမှ သတ်မှတ်ထားသော ငွေပမာဏကို ပေးသွင်းပြီး ကုမ္ပဏီက လိုအပ်သောအချက်အလက်များကို လက်ခံရရှိပြီးသည့် နောက်တစ်ရက်မှစတင်၍ ၁၀ ရက်တာကာလအတွင်း ထိုသို့ တောင်းခံသူထံသို့ ပေးပို့ရမည်။

၁၀၀။ပုဒ်မ ၉၉၊ ပုဒ်မခွဲ (က) အရ လိုအပ်သောစစ်ဆေးမှု တစ်ရပ်ရပ်ကို ငြင်းပယ်ခဲ့လျှင် သို့မဟုတ် ပုဒ်မ ၉၉၊ ပုဒ်မခွဲ (ခ) အရ လိုအပ်သော မိတ္တူတစ်စုံတစ်ရာကို သတ်မှတ်ထားသည့်ကာလအတွင်း ပေးပို့ခြင်းမရှိခဲ့လျှင် ထိုသို့ပျက်ကွက်ခဲ့သည့်ကုမ္ပဏီနှင့် ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးစီသည် ပြစ်မှုတစ်ရပ်စီအတွက် ဒဏ်ကြေးငွေ ကျပ်နှစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိသည် အမိန့်တစ်ရပ်ထုတ်ပြန်၍ မှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများကို ချက်ချင်းစစ်ဆေးဆောင်ရွက်စေနိုင်သည် သို့မဟုတ် လိုအပ်သောမိတ္တူများကို ယင်းတို့အားရယူလိုသည့် ပုဂ္ဂိုလ်များထံသို့ ပေးပို့စေရန် ညွှန်ကြားနိုင်သည်။

**ဆက်လက်ဖော်ပြပါမည်။**

## မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူးရုံးဖွင့်

**ချမ်းမြသာစည် ဒီဇင်ဘာ ၁၇**
မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးသစ် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၄၅ လမ်း၊ ဂန္ဓာမာလမ်းနှင့် ယုဇနလမ်းကြား မြရည်နန္ဒာ တန်ဖိုးနည်းအိမ်ရာအနီးတွင် ကျင်းပသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာစကားပြောကြားပြီး မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကြည်ဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်များသည် ခင်းကျင်းပြသထားသော မီးသတ်တပ်ဖွဲ့များ အသုံးပြုဆောင်ရွက်လျက်ရှိသည့် မီးငြိမ်းသတ်ရေးကိရိယာပစ္စည်းများ၊ မီးငြိမ်းသတ်မှု သရုပ်ပြအစီအစဉ်များ၊ သဘာဝရေဘေးအန္တရာယ် ကာကွယ်မှုလုပ်ငန်းများတွင် ဆောင်ရွက်သည့် စက်ပစ္စည်း၊ ယာဉ်နှင့် ဆက်စပ်ပစ္စည်းများကို ကြည့်ရှုကြသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၏ လုပ်ငန်း စွမ်းဆောင်ရည် တိုးတက်မြင့်မားရေးအတွက် အဆောက်အအုံ၊ ယာဉ်၊ စက်၊ မီးငြိမ်းသတ်ရေးပစ္စည်းများ၊ ကယ်ဆယ်ရေးပစ္စည်းများ လုံလောက်စွာရှိစေရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မီးသတ်စခန်းအဆောက်အအုံ ၁၀ လုံး၊ ဝန်ထမ်းနေအိမ် နှစ်လုံး၊ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ၊ အသက်ရှူကိရိယာ၊ ပိုက်လိပ်၊ အောက်စီဂျင်စက်၊ အသက်ကယ်ကွင်း ၃၂ ကွင်း၊ လှေစက် လေးလုံး၊ အသက်ကယ်ကြိုးများ၊ မီးကာ အင်္ကျီများ ဖြည့်ဆည်းပေးခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင်လည်း လိုအပ်သည့် မီးငြိမ်းသတ်ရေးပစ္စည်းများ ဖြည့်ဆည်းပေးသွားမည်ဖြစ်သည်။

**သီဟကိုကို(မန္တလေး)**

## တာချီလိတ်၌စက်ဘီးစီးပြိုင်ပွဲနှင့်အပျော်စီးပွဲ အင်အား၇၀၀ကျော် ပါဝင်ဆင်နွှဲ

**တာချီလိတ် ဒီဇင်ဘာ ၁၇**
ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်စီစဉ်မှု၊ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် Tachileik Mountain Bike Group တို့ ပူးပေါင်းစီစဉ်မှုဖြင့် စက်ဘီးပြိုင်ပွဲနှင့် စက်ဘီးအပျော်စီးခြင်းကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၇ နာရီခွဲက တာချီလိတ်မြို့ ရှမ်းရိုးမကွင်းရှေ့၌ ကျင်းပကြောင်း သိရသည်။



စက်ဘီးစီးပြိုင်ပွဲတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးအောင်ဝင်းထွန်းက စက်ဘီးစီးခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက စက်ဘီးပြိုင်ပွဲနှင့် အပျော်စက်ဘီးစီးခြင်းကို စတင်တာလွှတ်ပေးသည်။

အဆိုပါ စက်ဘီးစီးပြိုင်ပွဲနှင့် စက်ဘီးအပျော်စီးခြင်းကို စက်ဘီးအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်၊ ပြည်သူလူထုတစ်ရပ်လုံး အားကစားလုပ်ငန်းအပေါ် စိတ်ပါဝင်စားပြီး ကျန်းမာသန်စွမ်းသည့် ပြည်သူများဖြစ်လာစေရန်၊ မျိုးဆက်သစ်စက်ဘီးအားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ကျင်းပပေးခြင်းဖြစ်ရာ မန္တလေး၊ မိတ္ထီလာ၊ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဖြတ်၊ တာလေမြို့များနှင့် ထိုင်းနိုင်ငံရှိ ချင်းရိုင်းနှင့် မယ်ဆိုင်မြို့များမှ စက်ဘီးစီးအားကစားသမား စုစုပေါင်း အင်အား ၇၀၀ ကျော် တပျော်တပါးပါဝင်ဆင်နွှဲသည်။

ပြိုင်ပွဲတွင် အသက်အုပ်စုအလိုက် အမျိုးသား၊ အမျိုးသမီး စက်ဘီးအားကစားသမားများအား ဆုငွေများ၊ အမှတ်တရလက်ဆောင်ပစ္စည်းများ ချီးမြှင့်ပေးပြီး ပါဝင်ယှဉ်သူများကို ပြိုင်ဘီးငါးစီးအား မဲဖောက်ပေးခဲ့သည်။ **ဝေယံလင်း(ပြန်/ဆက်)**

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အလှမယ်များ ပညာပေးဆောင်ရွက်



**အမရပူရ ဒီဇင်ဘာ ၁၇**
ပြိုင်ပွဲဝင် အလှမယ်များမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြုကိုယ်တိုင်ကိုယ်ကျ ပါဝင်၍ အမှိုက်ကောက်ခြင်းနှင့် ပညာပေးစည်းရုံးခြင်းတို့ကို ဒီဇင်ဘာ ၁၆ ရက် နံနက် ၈ နာရီက အမရပူရရှိ ဦးပိန်တံတားနှင့် မန္တလေးတောင်ခြေဒေသတစ်ဝိုက်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

မယ်မြေကမ္ဘာမြန်မာ ပရဟိတသူရဲကောင်းများ စတင်ပေါ်ထွက်စေရန်အတွက် ရည်ရွယ်ကျင်းပသော Miss Earth Mandalay City 2018 Eco FashionShow ပြိုင်ပွဲမှ ပြိုင်ပွဲဝင်အလှမယ်များဖြစ်ပြီး ပြိုင်ပွဲကာလအတွင်း မန္တလေးမြို့နေရာအနှံ့တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာပေးလှုပ်ရှားမှုတစ်ခုအနေဖြင့် ဆောင်ရွက်နေကြခြင်းဖြစ်သည်။

ပြိုင်ပွဲဝင် အလှမယ် ၁၆ ဦးသည် ဦးပိန်တံတားဝန်းကျင်တွင် အမှိုက်များကောက်ရာ၌ မိဘပြည်သူများအား အတူပူးပေါင်းပါဝင်စေရန်အတွက် အသိပညာပေးခြင်း၊ အဆိုအကများဖြင့် စည်းရုံးကြသည်။

ထို့နောက် မွန်းလွဲ ၁ နာရီ၌လည်း မန္တလေးတောင်ခြေ ဒေသတစ်ဝိုက်တွင် အလားတူ ဆောင်ရွက်ခဲ့ကြသည်။ ထိုအလှမယ်များသည် ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင်လည်း မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက်၌လည်း အထက်ပါနည်းအတိုင်း ဆက်လက်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**၀၀၂**

## ပျဉ်းမနားမြို့၌ အမှိုက်ပုံးများ ပြည်သူလူထုအားပေးအပ်



**ပျဉ်းမနား ဒီဇင်ဘာ ၁၇**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်၌ မျှဝေသောလက်များ (ပျဉ်းမနား)ပရဟိတအသင်းမှ ပျဉ်းမနားမြို့အတွင်း ကန်တော်မင်္ဂလာရှမ်းကန်နှင့် အခြားလူစည်ကားရာနေရာများတွင် အသုံးပြုရန်အတွက် အမှိုက်ပုံးများအား ပြည်သူလူထုထံ ပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၈ နာရီက ကန်တော်မင်္ဂလာ ရှမ်းကန်အနီးရှိ ဗိုလ်ချုပ်ကြေးရုပ်ရင်ပြင်တွင် ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်(၁) ဦးအေးမြင့်က ပျဉ်းမနားမြို့ အမှိုက်ကင်းစင်ရေး၊ သန့်ရှင်းသပ်ရပ်ရေးအတွက် မျှဝေသောလက်များ (ပျဉ်းမနား) ပရဟိတအသင်းမှ ဖိုက်ဘာဂလက်စ်နှင့် ကားတာယာအမှိုက်ပုံးများကို ပြည်သူလူထုထံအပ်နှံပြီးဖြစ်၍ ပြည်သူများကလည်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပူးပေါင်းကာ မိမိတို့မြို့ သန့်ရှင်းသာယာလှပ၊ စိမ်းလန်းစိုပြည်ရေးအတွက် ဆက်လက်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်က အမှာစကားပြောကြားပြီး မျှဝေသောလက်များ (ပျဉ်းမနား) ပရဟိတအသင်းအမှုဆောင် ဦးကျော်သူရက အသင်းဖြစ်ပေါ်လာပုံနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် (၁) ဦးအေးမြင့်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်မြင့်ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဌာန ကြီးမှူး ဦးအေးကိုကိုနှင့် မျှဝေသောလက်များ (ပျဉ်းမနား) ပရဟိတအသင်းဥက္ကဋ္ဌ ဒေါက်တာပေါ်မြင့်ဦးတို့က အမှိုက်ပုံးများအား ပြည်သူလူထုထံ ပေးအပ်ပွဲအခမ်းအနားအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင် (၁)ထံသို့ ဖိုက်ဘာဂလက်စ် ၁၃ ပုံးနှင့် ကားတာယာအမှိုက်ပုံး ၆၀ အား မျှဝေသောလက်များ (ပျဉ်းမနား)ပရဟိတအသင်းဥက္ကဋ္ဌက လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် (၁)နှင့် တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများက ကန်တော်မင်္ဂလာရှမ်းကန်ပတ်လည်ရှိ အမှိုက်များအားလိုက်လံသိမ်းဆည်းပေးပြီး ပျဉ်းမနားမြို့နယ်မှ ပန်းချီပညာရှင်များက စွန့်ပစ်ကားတာယာများဖြင့် ပြုလုပ်ထားသည့် အမှိုက်ပုံးများပေါ်တွင် ဆေးရောင်စုံပုံများကို လက်တွေ့ရေးဆွဲအလှခြယ်ပေးသည်။

**စိုးမိုး(ပြန်/ဆက်)**

## ကချင်ပြည်နယ် မိုးညှင်းမြို့တွင် မြန်မာ့အသံချစ်သူများအဖွဲ့ အဖွဲ့ဝင်များတွေ့ဆုံ

**မိုးညှင်း ဒီဇင်ဘာ ၁၇**
ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မြန်မာ့အသံချစ်သူများအဖွဲ့ (Radio Fan Club)အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကချင်ပြည်နယ် မိုးညှင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တစ်တပ်တစ်အား ပါဝင်ကူညီပံ့ပိုးပေးခဲ့ကြသူများနှင့် မြန်မာ့အသံသို့ ဒေသဆိုင်ရာ သတင်းများပေးပို့ပြီး ထူးချွန်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မြန်မာ့အသံချစ်သူအဖွဲ့ဝင် သတင်းထောက်များကို ညွှန်ကြားရေးမှူး (အသံလွှင့်) ဦးဇေယျာက ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ မြန်မာ့အသံ၏ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်း ဗီဒီယိုကို ပြသပြီး မြန်မာ့အသံဝန်ထမ်းများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ကြီးမှူး ကျင်းပသည့် ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲတွင် အထူးဆုရရှိခဲ့သူ တေးသံရှင် စလား၊ ငြိမ်းချမ်းရေးဂီတပွဲတော်တွင် ပြည်နယ်လက်ရွေး စင်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူ မင်းဇိုင်းဂျုံးဇယ်တို့က မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြပြီး မိုးညှင်းမြို့ အထက(၁)မှ ကျောင်းသူလေးများက စံတော်ချိန်အက၊ မိုးဇာပြောအကတို့ဖြင့် ပါဝင်ဖျော်ဖြေကြသည်။

ထို့နောက် မြန်မာ့အသံအစီအစဉ်များဖြစ်သည့် ပြည်သူ့အသံ၊ မုသားနောက်ကွယ်က ဘဝများ၊ ရှင်သန်ခြင်းကမ်းလက်များ၊ ဂျွမ်းထိုးလိုက်ပါ ဟာသဇာတ်လမ်းနှင့် လေလှိုင်းကြားက ပွဲတင်သံအစီအစဉ်တို့ကိုလည်း ကောက်နုတ် မိတ်ဆက်သရုပ်ပြပြီး ပြည်သူ့အတွက် ထာဝရမြန်မာ့အသံ သီချင်းကို အဖွဲ့လိုက်သီဆိုဖျော်ဖြေကြကာ တက်ရောက်လာသူ မြန်မာ့အသံချစ်သူအဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သက်ဆိုင်ရာအဖွဲ့ဝင်များနှင့် မိုးညှင်းဒေသခံ မြန်မာ့အသံချစ်သူအဖွဲ့ဝင်များစသည့် စုစုပေါင်းအင်အား ၁၀၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

မြန်မာ့အသံချစ်သူများအဖွဲ့ကို အနယ်နယ်အရပ်ရပ်မှ အမာခံသောတရှင်များဖြင့် ဖွဲ့စည်းခဲ့ရာ ယခုအခါ အဖွဲ့ဝင်အင်အား ၉၅၀၀ ခန့် ရှိပြီး အဖွဲ့ဝင်လိုသူများအနေဖြင့် မြန်မာ့အသံ ဖုန်း ၀၆၇-၇၉၂၁၅၊ ၀၉-၄၂၆၉၇၉၆၄၇၊ ၀၉-၄၂၆၉၇၉၆၄၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်ဝင်ရောက်နိုင်ကြပြီး သက်ဆိုင်ရာမြို့နယ် ပြန်/ဆက် ရုံးများတွင် ဝင်ခွင့်လျှောက်လွှာပုံစံများ အခမဲ့ထုတ်ယူဖြည့်စွက်ကာ အဆိုပါရုံးများသို့ ပြန်လည်ပေးပို့ခြင်းဖြင့် အဖွဲ့ဝင်နိုင်ကြသည်။

အလားတူ မြန်မာ့အသံချစ်သူများအဖွဲ့ အဖွဲ့ဝင်များတွေ့ဆုံပွဲ အခမ်းအနားများကို ထားဝယ်မြို့တွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင်လည်းကောင်း၊ ဟသ်ာတမြို့တွင် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင်လည်းကောင်း အသီးသီးကျင်းပသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ညဏ်ထွန်း**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ



# ပြည်ပညာရေးကောလိပ် ပြောင်းရွှေ့ဆောက်လုပ်မည့် နေရာကြည့်ရှု

**ပြည် ဒီဇင်ဘာ ၁၇**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့ ပညာရေးဝန်ထမ်းများနှင့် တွေ့ဆုံပွဲကို ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီးပညာရေးမှူးရုံး ပြည်မြို့(ရုံးခွဲ)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ပြည်ပညာရေးကောလိပ်အဆင့်မြှင့်တိုးချဲ့ပြောင်းရွှေ့ဖွင့်လှစ်မည့်မြေနေရာအား သွားရောက်ကြည့်ရှုရာ ပြည်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အေးက ရှင်းလင်းတင်ပြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့်တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဆရာမကြီးဒေါ်မြင့်မြင့်သန်းနှင့်တိုင်းဒေသကြီး/ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာဆရာမများ တက်ရောက်ကြသည်။

ပြည်ပညာရေးကောလိပ် အဆင့်မြှင့်တိုးချဲ့ပြောင်းရွှေ့ဖွင့်လှစ်မည့်နေရာသည် ပြည်မြို့နှင့်အောင်လံမြို့အကြား ကားလမ်းဘေးရှိ သစ်တောဦးစီးဌာနပိုင် ထုံးရေကြိုးဝိုင်း၊ သစ်အကွက်(၁၆)အတွင်းရှိ လျာထားမြေဧက ၇၀ အပေါ်တွင် အဆင့်မြှင့်တိုးချဲ့ပြောင်းရွှေ့ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။

**တင်စိုး(ပဲခူး)**

# စည်းကမ်းမဲ့အမှိုက်ပုံများ ကင်းရှင်းစေရေးနှင့် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်ဖြစ်သော မြောက်ပိုင်းခရိုင်အတွင်း စည်းကမ်းမဲ့အမှိုက်ပုံများ ကင်းရှင်းစေရေးနှင့် ချောင်းမြောင်းများပိတ်ဆို့မှု မဖြစ်ပေါ်စေရေးအတွက် ခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးဝင်းမောင်၏ ကြီးကြပ်မှုဖြင့် ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက လှိုင်မြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့တွင် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးများက ဦးဆောင်၍ သန့်ရှင်းရေးဌာနနှင့် မြောင်းရှင်းလုပ်သားများက စည်းကမ်းမဲ့အမှိုက်ပုံများအား သိမ်းဆည်းခြင်းနှင့် ပိတ်ဆို့ရေနုတ်မြောင်းများအား ဆယ်ယူရှင်းလင်းခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် လှိုင်မြို့နယ် အမှတ် (၁) ရပ်ကွက် ဇေယျမင်္ဂလာလမ်းနှင့် အောင်မေတ္တာလမ်းတွင် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်း ဦးဆောင်၍ သန့်ရှင်းရေးဌာနနှင့် မြောင်းရှင်းလုပ်သားများက နောက်ဖေးလမ်းကြားမှ အမှိုက်များအား သိမ်းဆည်း ရှင်းလင်းကြပြီး ရေနုတ်မြောင်း အတွင်း ပိတ်ဆို့အမှိုက်၊ နုန်း၊ ချေးများအား ဆယ်ယူရှင်းလင်း ဆောင်ရွက်ကြသည်။ အလားတူ မရမ်းကုန်းမြို့နယ် အမှတ်(၂) ရပ်ကွက် အရှေ့ဗဟိုလမ်းတွင် မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးအေးသောင်း ဦးဆောင်၍ သန့်ရှင်းရေးဌာနမှ စည်းကမ်းမဲ့အမှိုက်ပုံများအား သိမ်းဆည်းပြီး မြောင်းရှင်းလုပ်သားများက ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ကြသည်။

အဆိုပါ လှိုင်မြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့ကို စည်ပင်သာယာမှ ရန်ကုန်မြောက်ပိုင်းခရိုင်နယ်နိမိတ်အဖြစ် သတ်မှတ်ထားပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရန်ကုန်အနောက်ပိုင်းခရိုင် နယ်နိမိတ်အဖြစ် သတ်မှတ်ထားသည်။ **မောင်သုည**



# လျှပ်စစ်ဗို့အားတိုးတက်ကောင်းမွန်စေရေး ထရန်စဖော်မာအသစ်တပ်ဆင်

**တာမွေ ဒီဇင်ဘာ ၁၇**

တာမွေမြို့နယ် တာမွေကြီး(က+ဂ)ရပ်ကွက် တာမွေဈေးအနီး ၁၅၄လမ်းတွင် မိဘပြည်သူများဓာတ်အားသုံးစွဲရာ၌ လျှပ်စစ်ဗို့အားတိုးတက်ကောင်းမွန်စေရေး၊ လျှပ်စစ်ဝန်အားနိုင်နင်းစွာဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ၆ ဒသမ ၆/ သုည ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာအသစ်တိုးချဲ့တပ်ဆင်တည်ဆောက်ခြင်းနှင့် ၁၂၀ မီလီမီတာစကွဲယား × ၄ စီ (ABC)ကေဘယ်ကြိုးလိုင်းသစ်ဆွဲခြင်းလုပ်ငန်းများကို မြို့နယ်လျှပ်စစ်မန်နေဂျာ(စီမံ)ဦးကျော်စန်းနှင့်လက်ထောက်မန်နေဂျာ(အင်ဂျင်နီယာ)ဦးစိုးမိုးတို့ ကြီးကြပ်ကာ ဒီဇင်ဘာ ၁၆ ရက်က အပြီးတပ်ဆင်ဆောင်ရွက်ပေးခဲ့ကြသည်။

ထိုသို့တပ်ဆင်ပေးရာတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်လွှတ်တော်ကိုယ်စားလှယ်ဦးလှသိန်းနှင့်တာဝန်ရှိသူတို့လာရောက်ကြည့်ရှုကာ မြို့နယ်အတွင်း ဖွံ့ဖြိုးတိုးတက်လာသည့် လျှပ်စစ်ဓာတ်အားတိုးတက်ဖြန့်ဖြူးပေးနိုင်မှုအပေါ် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားသည်။ **(၅၉၇)**

# မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေး

**လှိုင်သာယာ ဒီဇင်ဘာ ၁၇**

ရန်ကုန် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁၁) ရပ်ကွက် အနော်ရထာ လမ်းမကြီးဘေးရှိ အောင်မင်္ဂလာဈေးအနီး၌ ဒီဇင်ဘာ ၁၄ ရက် နံနက် ၈ နာရီခွဲက မှုခင်းအသိပညာပေး ပြခန်းယာဉ်ရောက်ရှိကာ သောင်ကြီးနယ်မြေရဲစခန်းမှ ရဲအုပ်မြင့်ဇော်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့စု (၄၀) မှ အရာခံဗိုလ်စိုင်းအောင်အောင်၊ လူကုန်ကူးတပ်ဖွဲ့မှ ဒုရဲအုပ်ကျော်လင်းထိုက်၊ ယာဉ်ထိန်းတပ်ဖွဲ့စု (၆၈) ရဲအုပ်ဝင်းမောင်တို့က ခရီးသွားပြည်သူများနှင့် ဈေးသူဈေးသားများ၊ ဈေးဝယ်ပြည်သူများကို မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် လာရောက်ပြသရာ အထက (၂) ကျောင်းအုပ်ဆရာကြီးနှင့် ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ လာရောက် ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**စိုင်းလင်းဇော်(လှိုင်သာယာ)**

# လူငယ်နှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု မိတ်ဆက်ပွဲ သန်လျင်၌ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် Z&S Education Sevices Company Ltd. (သန်လျင်)မှ UK အခြေစိုက် Charterd Institute for Security (CISI) Accredited Training Partner ဖြစ်သော Institute of Business and Investment Management (IBIM) တို့ ပူးပေါင်းကျင်းပသော လူငယ်နှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု မိတ်ဆက်ပွဲကို ဒီဇင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပခဲ့သည်။

လူငယ်နှင့်ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုမိတ်ဆက်ပွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ရီရီလွင်၊ Z & S Education Services မှ MD ဆရာဦးဇာနည်တင် MCC (သန်လျင်)တို့က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် UK အခြေစိုက် Charterd Institute for Security (CISI) Accredited Training Partner ဖြစ်သော Institute of Business and Investment Management (IBIM)မှ ဆရာအောင်သိန်းထွန်းက လူငယ်နှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု မိတ်ဆက်ရှင်းလင်းပြီး တက်ရောက်လာသူများနှင့် ဘဏ္ဍာရေးဆိုင်ရာများ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သက်နိုင် (သန်လျင်)**



# မဟာဗန္ဓုလပန်းခြံအတွင်း အားကစားလုပ်ရှားသူများဖြင့် စည်ကား

**ကျောက်တံတား ဒီဇင်ဘာ ၁၇**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံအတွင်း ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက ကျန်းမာရေးအတွက် မိမိတို့နှစ်သက်သည့်ကိုယ်လက်လှုပ်ရှားကျန်းမာရေးလှုပ်ရှားသူများဖြင့်စည်ကားလျက်ရှိသည်။ မဟာဗန္ဓုလပန်းခြံသည် ကျန်းမာရေးလှုပ်ရှားမှုများပြုလုပ်ခြင်း၊ ကလေးငယ်များလွတ်လပ်စွာကစားနိုင်ခြင်း၊ မိသားစုများ/သူငယ်ချင်းများ လာရောက်အပန်းဖြေအနားယူနိုင်သောနေရာတစ်ခုအဖြစ် သက်ဝင်လှုပ်ရှားလာသည့်ပန်းခြံတစ်ခုဖြစ်ကြောင်း သိရသည်။

**နန်းနွဲ့သီဂီ**

# သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေး

**တိုက်ကြီး ဒီဇင်ဘာ ၁၇**

တိုက်ကြီးမြို့နယ် ခုနစ်ကျိုက်အနောက်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒီဇင်ဘာ ၁၄ ရက် ညနေ ၃ နာရီခွဲက ဖိုးခေါင်နယ်မြေရဲစခန်းမှူး ရဲအုပ်တင်မျိုးဇော်က မှုခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ မှုခင်းအသိပညာပေးခြင်းတို့အား ဟောပြောခဲ့ရာ ကျေးရွာနေပြည်သူ စုစုပေါင်း ၃၅ ဦး ခန့်တက်ရောက်ခဲ့ကြသည်။ **၁၁၈**



ခရမ်းမြို့နယ် ကမာမတ်ရဲကင်းစခန်းမှူး ရဲအုပ်လှထွန်းသည် ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲ ၁၂ နာရီခွဲက ပေါက်ပင်ကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ မှုခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး မှုခင်းအသိပညာပေး ဆွေးနွေးပွဲပြုလုပ်ရာ ပြည်သူ ၆၀ ခန့် တက်ရောက်ခဲ့ကြသည်။ **အောင်ဆွေ (ရွှေတံတား)**

# ဆရာဝန်တင်ရွှေ၏ စာပေကျေးဇူး

တက္ကသိုလ်တင်ခ

ဤတွင် ရှေးဦးစွာ "ဆု"ဟူသော ဝေါဟာရ၏ အဓိပ္ပာယ် လေ့လာရမည်ဖြစ်သည်။ မြန်မာအဘိဓာန်အကျဉ်းချုပ် (အတွဲ-၂၊ စာ-၇)တွင် ဆုဟူသော ဝေါဟာရကို အနက် သုံးချက်ပြထားရာ ယင်းတို့မှာ (၁)တောင့်တလိုလား ချက်၊ (စန္ဒာဒေဝီမိဖုရား၊ သားဆုကို အလိုရှိ၍ သစ္စာပြု ကြောင်း၊ တေမိဇာတ်)၊ (၂) လုပ်ဆောင်ကြိုးပမ်းမှု တစ်ရပ်အတွက် ဂုဏ်ပြုသည့်အနေဖြင့် နှင်းအပ်သော အရာ (အားကစားဆု၊ စာပေဆု)၊ (၃) မဲပေါက်၍ရသည့် ငွေ(ထီဆုစသည်)ဟူ၍ ဖြစ်ပေသည်။

အထက်ဖော်ပြပါ အဓိပ္ပာယ်အနက် ဒုတိယ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် စာပေဆုနှင့်သက်ဆိုင်ပေ သည်။ စာပေပညာရှင်တို့၏ လုပ်ဆောင်ကြိုးပမ်းမှုကို အသိအမှတ်ပြု ဂုဏ်ပြု၍ ချီးမြှင့်သည့် သဘောပင်ဖြစ် သည်။ ဤတွင် ပဓာနကျသည်မှာ "ချီးမြှင့်မှု"၏ တန်ဖိုး မဟုတ်၊ "ချီးမြှင့်ခြင်း"ဟူသော ဂုဏ်ကသာ အရေးပါ ပေသည်။ ခေါမခေတ်က အိုလံပစ်ပွဲတော်တွင် ဗိုလ်စွဲ သူတို့အား "သံလွင်ခက်"ကို ခွေကာ ခေါင်းပေါ်တင် ပေးလိုက်ခြင်းဖြင့် ဂုဏ်ပြုခြင်း အင်္ဂါမြောက်လေတော့ သည်။

ဒုတိယကျော်အောင်စံထားဆရာတော် ဝေါဟာ ရတ္ထပကာသနီကျမ်း(စာ-၃၂၁)တွင်ကား ဆလိမ်သက် သက်၊ ဆုလာဘ်ဟူသော ဝေါဟာရမျှသာထင်၏။ ထို ဝေါဟာရကားထိုက်သောဂုဏ်နှင့် လျော်စွာရသည်ကို ဆိုမိန့်ခြင်းတည်း။ ဤနှင့်လျော်စွာ ဘုရားဆု၊ ပစ္စေက ဗုဒ္ဓါဆု၊ သာဝကဆု၊ သားဆုစသည်ဖြင့် ရအပ်သော ဝတ္ထုအလျောက် ဆိုမိန့်ဟန်ထင်သာပြီဟု ဖွင့်ဆိုထားပါ သည်။

အခြားနိုင်ငံတကာမှာကဲ့သို့ပင် မြန်မာစာပေသမိုင်း တွင်လည်း စာပေကို နှစ်သက်၍ဖြစ်စေ၊ စာရေးဆရာ ၏ ဂုဏ်ကို ချီးမြှင့်လို၍ဖြစ်စေ၊ စာပေတိုးတက်ရေးကို ရည်ရွယ်၍ဖြစ်စေ ဆုချီးမြှင့်သော အစဉ်အလာရှိခဲ့ ပေသည်။

## စာပေဆုချီးမြှင့်

ရှေးခေတ်မြန်မာမင်းများလက်ထက်တွင် စာပေဆု ချီးမြှင့်မှုနှင့် ပတ်သက်၍ သီးသန့် 'မူ'ချထားခြင်းမရှိသော် လည်း ဘုရင်၊ မိဖုရား၊ အခြားအာဏာရှိ ပုဂ္ဂိုလ် တစ်ဦးဦး၏ နှစ်သက်မှုကိုလိုက်၍ ငွေကြေးနှင့် အခြား ပစ္စည်းစသည်တို့ကို ဆုအဖြစ် ချီးမြှင့်လေ့ရှိသကဲ့သို့ ကျရောက်နေသော ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပေးသည့် ဆုမျိုးလည်းရှိခဲ့ပေသည်။

လက်ဝဲသုန္ဒရဘွဲ့ခံ ဦးမြတ်စံသည် လူပျိုတော်သား မောင် အောင်တင်ကိစ္စနှင့် စပ်လျဉ်း၍ မဲဇာသို့ပို့ခြင်း တည်းဟူသော ပြစ်ဒဏ်ကို ခံရသည်။ မဲဇာသို့ရောက် သော် ဦးမြတ်စံသည် "မဲဇာတောင်ခြေ" အစချီ ရတု ပိုဒ်စုံသုံးပုဒ်၊ "ဝေရွှန်းစန္ဒာ" အစချီရတုပိုဒ်စုံသုံးပုဒ်တို့ကို ရေးဖွဲ့၍ ရွှေမြို့တော်နေ ဇနီးမရွှေထံ ပို့လိုက်သည်။ မရွှေကလည်း မယ်တော်ဘုရား လက်တော်အရောက် ဆက်သခဲ့ရာ သားတော်ဆင်ဖြူရှင် မင်းတရားက မယ်တော်ဘုရား၏ မိန့်တော်မူချက်အရပင် ဦးမြတ်စံ အား မဲဇာသစ်တောမှ ရတနာသိယ်ရွှေမြို့တော်သို့ ပြန်ခေါ်တော်မူသည်။ ဤကား မဲဇာတည်း ဟူသော တစ် ကျွန်းမှ လွတ်မြောက်ခဲ့ရသည်။ 'စာပေဆု' သာဓက တစ်ရပ်ပင်တည်း။

မြဝတီမင်းကြီးဦးစသည် သာယာဝတီမင်းလက်ထက် က နန်းမတော်မယ်နုတို့ မောင်နှမ အရေးအခင်းတွင် ရောနှောပါဝင်ကာ ထောင်သွင်း အကျဉ်းချထားခြင်းခံခဲ့ ရသည်။ သို့သော် နောက်ပိုင်းတွင် 'ကုန်းဘောင်နေမင်း၊ ဘုန်းရောင်ဝေရှင်း၊ တောင်ဒီပါထိန်လင်း၊ အို-ရာ မင်းရှိစုံကြာ အစချီ ဘုန်းတော်ဘွဲ့သီချင်းတစ်ပုဒ်တည်း ဖြင့်ပင် ထောင်သွင်းအကျဉ်းချထားခြင်းဘေးဒုက္ခမှ ကင်းလွတ်ခဲ့ရပေသည်။ ဤကား စာပေအဖြစ် ထောင်မှ လွတ်သည့် သာဓကတစ်ရပ်ပင်တည်း။

ဝေါကြီးမှူး ဦးခြုံမှာမူ"ဂနိုင်အစဆီက" အစချီ လွမ်း ချင်းတစ်ပုဒ်ကို ရတ်ချည်းရွှေကြက်ယက်ဘုရားဖူးထွက် လာသော သီပေါမင်းတရားကြီးနှင့် မိဖုရားခေါင်တို့ကို ဆက်သရာ အထူးနှစ်သက်တော်မူသောကြောင့် ဆု တော်ငွေ တစ်ထောင်ပေးသနားတော်မူသည်။ ယင်းဖြစ် ရပ်နှင့်ပတ်သက်၍ ဆရာမောင်သုတက သူ၏စာဆို တော် အတ္ထုပ္ပတ္တိတွင် ထိုလွမ်းချင်းမှာ စံနမူနာထား လောက်သည်ဖြစ်၍ ယခုတိုင် စံတေးဟု ကျော်စော ထင်ရှားလျက်ရှိသည်ဟု ရေးသားဖော်ပြခဲ့သည်။

## ဆုငွေကြေညာ

ကိုလိုနီခေတ်သို့ရောက်သောအခါတွင်ကား စာမူချ၍ စနစ်တကျ ချီးမြှင့်လာသည်။ အစိုးရက ဦးဆောင် မဟုတ်၊ လူပုဂ္ဂိုလ်တစ်ဦး၏ စိတ်ဝင်စားမှုကို အကြောင်း ပြု၍ ဖြစ်ပေါ်လာခြင်းပေတည်း။ အောက်မြန်မာနိုင်ငံ ကို အင်္ဂလိပ်တို့ သိမ်းပိုက်ပြီးနောက် အဦးဆုံးပေးသော ဆုမှာ (Jardine Prize) ဖြစ်သည်။ ဗြိတိသျှအစိုးရ၏ မင်းကြီး ဆာဂျွန်ဂျာဒင်း (Sir John Jardine) မြန်မာပြည် သို့ ပထမဦးစွာလာသည့်အချိန်တွင် မြန်မာဓမ္မသတ် ဖြစ်ပေါ်လာပုံကို စာတမ်းတစ်စောင်ရေးသားပြုစုနိုင် သူအား ဆုငွေ ၁၀၀၀ ပေးမည့်အကြောင်းကြေညာသည်။

ထိုအခါ ရန်ကုန်အစိုးရအထက်တန်းကျောင်း (ရန်ကုန်)ကောလိပ်မှ ပါဠိပါမောက္ခ ဒေါက်တာအီးဖိုး ချမ်းမား (Dr. E Forchammer) က ၁၈၈၄ ခုနှစ်တွင် စာတမ်းတင်သွင်းရာ ဆုငွေ ၁၀၀၀ ပေးပြီး ၁၈၈၅ ခုနှစ် တွင် အစိုးရပုံနှိပ်တိုက်မှ ပုံနှိပ်ထုတ်ဝေခဲ့သည်။ စာ မျက်နှာ ၁၁၁ မျက်နှာခန့်ရှိ ယင်းစာတမ်းကို ဂျာဒင်းဆုရ စာတမ်း (Jardine Prize Essay) ဟု ခေါ်တွင်ခဲ့ပေသည်။

> စာပေသမားဟူသည် စီးပွားရေးကိစ္စကို စိတ်မဝင်စားတတ်သူများ ဖြစ်ကြပေရာ စာပေဆု၏ အထောက်အထားကြောင့် စာပေဖန်တီးသူတို့၏ ဘဝအခြေအနေကိုလည်း တင့်တယ်စေသည့် . . .

၁၉၂၁ ခုနှစ်တွင် မြန်မာနိုင်ငံသို့ တိုင်းခန်းလှည့်လည် ရောက်ရှိလာသော ဝေလမင်းသားအား အကြောင်းပြု ကာ ဝေလမင်းသားဆု (Prince of Wales Prize) ဟု စာပေဆုတစ်ဆု ပေါ်ပေါက်ခဲ့သည်။ စာမူကို ရန်ကုန် တက္ကသိုလ်ပညာရေးအဖွဲ့ (Senate) က ရွေးချယ်ကာ ဆုတော်ငွေမှာ တစ်ထောင်ဖြစ်သည်။ ၁၉၂၁-၂၂ ခုနှစ် တွင် ပထမဆုံးသော ဝေလမင်းသားဆုကို ရသူမှာ ယူနီဗာစီတီကောလိပ်မှ မြန်မာစာနည်းပြဆရာ ဆရာ ပွားဖြစ်၍ စာမူအမည်မှာ ဝေလမင်းသား နားတော်သွင်း ချေါင်းဖြစ်သည်။ ၁၉၂၂-၂၄ ခုနှစ်အတွင်းမှာမူ ဆု ချီးမြှင့်ခြင်းမရှိခဲ့ပေ။

ယင်းနောက်ပိုင်းတွင်ကား ဝေလမင်းသားနှင့် မဆိုင် ဘဲ အခြားအကြောင်းအရင်းများနှင့် ပတ်သက်သည့် စာပေဆုတို့ကို ချီးမြှင့်ခဲ့သည်။ ဦးနီ(ဘီအေ)မြန်မာပြန် သည့် 'မြို့ဘက်စီမံအုပ်ချုပ်ရေး' စာမူသည် ၁၉၂၄ ခုနှစ် တွင်လည်းကောင်း၊ ဦးဖေ(မန္တလေး)၏ "ဝရုဏပျို့"သည် ၁၉၂၅ ခုနှစ်တွင်လည်းကောင်း ဝေလမင်းသားဆုရ ခဲ့သည်။ စပ်မိ၍ဆိုရသော် အဂ္ဂမဟာပဏ္ဍိတ ဦးမြို့၏ ပိဋကတ်သုံးပုံ မြန်မာပြန်များသည် ၁၉၂၈ ခုနှစ်တွင် ဝေလမင်းသားဆုရခဲ့သည်။ ထို့နောက်တွင်ကား မောင် ဘသောင်း(သခင်ဘသောင်း)မြန်မာပြန်သည့် 'ကမ္ဘာ့ ရာဇဝင်ချုပ်'သည် ၁၉၂၉ ခုနှစ်တွင်လည်းကောင်း အရှင်အာဒိစ္စဝံသ မြန်မာပြန်သော 'အာသောက ကျောက်စာ'များသည် ၁၉၃၁ ခုနှစ်တွင်လည်းကောင်း ဝေလမင်းသားဆုကို ရရှိခဲ့ကြသည်။

ထို့နောက်တွင်ကား မြန်မာနိုင်ငံသုတေသနအသင်း ဆု၊ မြန်မာနိုင်ငံပညာပြန့်ပွားရေးအသင်းဆု၊ ဂန္ထလောက ဆု စသည်ဖြင့် အသင်းအဖွဲ့နှင့် စာပေတိုက်တို့မှ ချီးမြှင့် သောဆုများ ပေါ်ထွက်လာသည်။ ၁၉၂၄ ခုနှစ်တွင် သစ္စာ ဝါဒီသတင်းစာတိုက်မှ ဆုတစ်ဆုပေးရန်ကြေညာသည်။ ယင်းဆုမှာ ဟင်နရီဝေါ့တန် ပျော်ရွှင်သောဘဝ၏ ချင်းရာလင်္ကာကဗျာကို ဘာသာပြန်ရန်ဖြစ်သည်။ ဆုငွေမှာ ရွှေဒင်္ဂါးငါးပြားဖြစ်၍ ဟိုက်ကုတ်လွှတ်တော် တရားဝန်ကြီးဂျေအေမောင်ကြီးက ချီးမြှင့်သည်။ ဆုရ ဘာသာပြန်ကဗျာမှာ ရန်ကုန်မြို့ မြို့မအထက်တန်း ကျောင်း (၁၁) ဆင့်မှ "မောင်သိန်းဟန်"ဖြစ်သည်။ ထိုဆုရကျောင်းသားကား နောင်တစ်ချိန်တွင် 'ဇော်ဂျီ' အမည်ဖြင့် မြန်မာကဗျာလောကတွင် ထင်ရှားကျော် ကြားလာမည့် ပုဂ္ဂိုလ်ဖြစ်ပေသည်။

ဒုတိယကမ္ဘာစစ်အတွင်းကလည်း မြန်မာနိုင်ငံစာ ရေးဆရာအသင်းဆုနှင့် ဂရိတ်တားအေးရှားဆုဟူ၍ ပေးခဲ့ဖူးသည်။ မင်းဆွေ၏ 'ဓား' ဝတ္ထုသည် ထိုစဉ်က စာရေးဆရာအသင်းဆု ရရှိခဲ့သော စာအုပ်ဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည့်နောက်တွင် မြန်မာနိုင်ငံ ဘာသာပြန်အသင်းက ချီးမြှင့်သော စာပေ ဗိမာန်ဆုသည် ထင်ရှားသောဆုဖြစ်သည်။ ၁၉၄၈ ခုနှစ် တွင် ပထမဆုံးအကြိမ်ချီးမြှင့်သော ယင်းဆုကို စာရေး ဆရာမင်းအောင်က "မိုးအောက်မြေပြင်"ဝတ္ထုဖြင့် ရရှိခဲ့ သည်။ ၁၉၆၂ ခုနှစ် တော်လှန်ရေးအစိုးရ တက်လာသော အခါ စာပေဗိမာန်သည် အစိုးရက ချီးမြှင့်သောဆုအသွင် ပြောင်းလဲသည်။ ထို့ကြောင့် အနုပညာစာပေဆုဟု အမည်ပြောင်းပြီး မူသစ်ဖြင့် ချီးမြှင့်ခဲ့သည်။

## အစိုးရက ချီးမြှင့်

ယင်းအနုပညာစာပေဆုသည် တစ်မျိုးသားလုံးကို ကိုယ်စားပြု၍ အစိုးရက ချီးမြှင့်သောဆုဖြစ်သော ကြောင့် ၁၉၆၅ ခုနှစ်တွင် 'အမျိုးသားစာပေဆု' ဟု အမည် ပြောင်းခဲ့သည်။ ယင်းဆုကိုပင် ၁၉၆၉ ခုနှစ်မှစ၍ ပုံစံ သစ်ဖြင့် ချီးမြှင့်ခဲ့ရာ အမျိုးသားစာပေဆု(ပုံစံသစ်) အဖြစ် ခေါ်စမှတ်ပြုကြသည်။ ၁၉၆၉ ခုနှစ်တွင် စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့က စာမူပြိုင်ပွဲပြုလုပ်၍ စာပေဗိမာန်ဆုကို ပေးခဲ့သည်။

ထိုစာပေဆုတို့နှင့်အတူ ရှုမဝမဂ္ဂဇင်းတိုက်မှ ချီးမြှင့် သော ရှုမဝတစ်ထောင်ဆု၊ ဘားမားစတားဂျာနယ်တိုက် မှ ချီးမြှင့်သော ချိုတေးသံဆုတို့လည်း ပေါ်ထွက်လာခဲ့ သည်။ ထို့အပြင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ လက် အောက်ခံအဖွဲ့အစည်းတစ်ခုဖြစ်သော ယူနက်စကို (ကုလသမဂ္ဂ ပညာသိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ - UNESCO) က ချီးမြှင့်သော ယူနက်စကိုဆုလည်းရှိခဲ့သည်။

ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတိုင်းရင်းသား များဖြစ်ကြသော မွန်၊ ကရင်နှင့် ရှမ်းအမျိုးသားတို့က လည်း တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုတို့ မတိမ် ကောရေးအတွက် စာပေပြိုင်ပွဲများ ပြုလုပ်ကာ စာပေဆု များ ချီးမြှင့်ခဲ့ပေသည်။

မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ချက်ထား ၍ ပခုက္ကူမြို့မှ ဆေးပေါင်းရုံပိုင်ရှင်ဦးအုန်းဖေက သူ၏ ကိုယ်ပိုင် ငွေ ၇၆ သိန်းနှင့် ၁၂၇၉ ကျပ်ကို ၁၉၉၃ ခုနှစ်က နိုင်ငံတော်သို့ ပေးအပ်လှူဒါန်းရာမှ ပခုက္ကူဦးအုန်းဖေ စာပေဟု ပေါ်ထွန်းလာသည်။ ယင်းဆုနှင့်အတူ တစ် သက်တာစာပေဆုကိုလည်း ချီးမြှင့်ခဲ့ရာတစ်မူထူးခြား ခဲ့သည်ဟု ဆိုနိုင်ပေသည်။ ယခင်က စာပေဆုများသည် စာအုပ်ကို ချီးမြှင့်ဆုများသာဖြစ်ပြီး စာပေဆုများဖြစ်ပြီး စာရေးဆရာကို ချီးမြှင့်သော သဘောမဟုတ်ပေ။ ပခုက္ကူ ဦးအုန်းဖေ၏ တစ်သက်တာစာပေဆုမှာကား စာရေး ဆရာကို ဦးတည်ရည်ရွယ်၍ ပေးသောဆုဖြစ်သည်။ မူလက တစ်နှစ်လျှင် တစ်ဦးသာပေးရန်ရည်ရွယ်သော် လည်း ၁၉၉၄ ခုနှစ်တွင်ကျင်းပသည့် ပထမအကြိမ် ဆုနှင်းသဘင်တွင် ယင်းတစ်သက်တာစာပေဆုနှင့် ထိုက်တန်သူမှာ ဆရာကြီး နှစ်ဦးဖြစ်နေသောကြောင့် နှစ်ဦးစလုံးကိုပင် ချီးမြှင့်ခဲ့ပေသည်။ ထိုဆရာကြီးနှစ်ဦး မှာ ဦးထင်ဖတ်(မောင်ထင်)နှင့် ဦးတင်မြင့်(သခင်) တို့ ဖြစ်ပေသည်။

စာပေဆုတို့မည်သည် လူ့အဖွဲ့အစည်းကို အသိဉာဏ် ဖြစ်စေရန်၊ ဦးဆောင်မှုပေးရန် ရည်ရွယ်ချက်ရှိသည်ဖြစ် ၍ လူမှုရေးဒါနတစ်မျိုးပင်ဖြစ်သည်။ ထို့ကြောင့် ဆုပေး သူတို့အဖို့ အတ္တဟိတအကျိုးစီးပွားဖြစ်ထွန်းနိုင်သကဲ့သို့ ဆုရသူတို့မှာလည်း ပရဟိတအကျိုးကို ခံစားရပေသည်။

## စာပေပေါ်ထွန်းရေးကို အလေးပေး

ဂျာဒင်းဆု၊ သာဒိုးအောင်ဆု၊ ငွေတာရီဆု၊ ပခုက္ကူ ဦးအုန်းဖေဆု၊ ဆရာဝန်တင်ရွှေဆု စသည်ဖြင့် အလှူရှင် ပုဂ္ဂိုလ်၏အမည်ဖြင့် ယှဉ်တွဲဖော်ပြခြင်းခံရသည့်အတွက် အလှူရှင်၏ ဂုဏ်သတင်းလည်း ကျော်စောခြင်းသို့ ရောက်ပေသည်။ ထိုဆုရှိသမျှကာလပတ်လုံး ထိုဆု၏ အလှူရှင်သည်ကား "စာပေတန်ဆောင်၊ မီးရှူးရောင်ဖြင့် လူ့ဘောင်လောကတွင် အလှဆင်ပေးသူ" ဟု ပရိသတ် အပေါင်းက သောင်းသောင်းဖြဖြ ဂုဏ်ပြုသိရှိကြပေ သည်။ ထို့အပြင် စာပေဖန်တီးသူနှင့် စာပေရသကို ခံ စားသုံးဆောင်သူတို့ကလည်း ထိုစာပေကြောင့် စာပေ ဥယျာဉ်တွင် စာကောင်းပေကောင်းတည်းဟူသော ပန်းအလှတို့ ဖူးပွင့်နိုင်ကြပေသည်ဟု နှလုံးသွင်း၍ ချီးမွမ်းထောမနာခြင်းပြုကြပေသည်။ သွယ်ဝိုက်သော နည်းအားဖြင့် စာပေဆုဟူသည် စိတ်ကောင်းနှလုံး ကောင်းဖွံ့ဖြိုးစေမည့် စာပေပေါ်ထွန်းရေးကို အလေး ပေးဦးတည်ချက်ထားသည်ဖြစ်သောကြောင့် လော ကုတ္တရာအကျိုးတရားပွားစီးခြင်းလည်းဖြစ်သည်ဟု ဆို နိုင်ပေသည်။

ပရဟိတဆုရသူတို့သည် ခံစားရသည့် အကျိုးကား ယေဘုယျအားဖြင့် စာပေသမားဟူသည် စီးပွားရေး ကိစ္စကို စိတ်မဝင်စားတတ်သူများ ဖြစ်ကြပေရာ စာပေဆု ၏ အထောက်အထားကြောင့် စာပေဖန်တီးသူတို့၏ ဘဝအခြေအနေကိုလည်း တင့်တယ်စေသည့်သဘောရှိ ပေသည်။ ထို့အပြင်စာပေ၏ တွန်းအားပေးမှုကြောင့် အကျိုးပြုစာပေတို့ ပေါ်ထွန်းရေးသို့လည်း စာပေသမား တို့က ရှေးရှုဦးတည်ကြိုးပမ်းနိုင်ပေသည်။ စာပေဆုတို့ မည်သည် အတိုင်းအတာ ပမာဏတစ်ခုအထိ ဘဝ လုံခြုံရေးအတွက် အာမခံပေးသည်ဖြစ်သည်။ စာပေ ဖန်တီးသူတို့အဖို့ စိတ်လက်ချမ်းသာစွာ အကျိုးပြု စာပေများကို ဖန်တီးရေးသားလိုစိတ်ကို နှိုးဆော်၍ လိုက်ဖက်ညီထွေသည်၊ အခြေအနေကို ဖန်တီးပေးရာ လည်း ရောက်ပေသည်။ အချုပ်ဆိုရသော် စာပေဆုတို့ မည်သည် အထက်ဖော်ပြပါအတိုင်း အတ္တပရနှစ်ဝသော အကျိုးတို့ကို ဖြစ်ထွန်းစေသည်ဖြစ်ရာ လူ့အဖွဲ့အစည်း ကြီးပွားတိုးတက်ရေးအတွက် လွန်စွာလိုအပ်လှကြောင်း သိသာထင်ရှားသည်။

ဤတွင် ဆရာဝန်တင်ရွှေ၏ ပုဂ္ဂလဝိသေသ ထူးခြား သည့် အချက်တို့ကို တင်ပြလိုပါသည်။ ဦးတင်ရွှေ ၁၉၃၆-၂၀၀၀ သည် ၁၉၆၀ ပြည့်နှစ်တွင် ဆေးတက္ကသိုလ် (၁) ရန်ကုန်မှ M.B,B.S ဆေးပညာဘွဲ့ကို ရခဲ့သည်။ ထို့ကြောင့် သူ့ကို ဆေးပညာဒေါက်တာ (Dr) ဟုခေါ် နိုင်သည်။ သို့သော် သူသည် သူ့ကိုယ်သူ ဒေါက်တာ တင်ရွှေဟု မခေါ်၊ ဆရာဝန်တင်ရွှေဟုသာခေါ်ခဲ့သည်။ ထို့နောက် ၁၉၇၂ ခုနှစ်တွင် သူသည် အင်္ဂလန်နိုင်ငံ လန်ဒန်တက္ကသိုလ်မှ (Ph-D) ပါရဂူဘွဲ့ရခဲ့သည်။ ထို့ကြောင့် သူ့ကို (ပါရဂူ) ဒေါက်တာတင်ရွှေဟုခေါ်၍ လည်းရသည်။ သို့သော် ထိုဘွဲ့ကိုလည်း သူအရေး မထား။ သူ့ကိုယ်သူ ဆရာဝန်တင်ရွှေဟုသာ ခေါ်စေခဲ့ သည်။

စာမျက်နှာ ၂၁ သို့



# အပလီကေးရှင်းသစ်ကို ပရိသတ်ဆီအရောက်ပို့ခဲ့တဲ့ တေလာဆွစ်

ပေါ့ပ်တေးသံရှင် တေလာဆွစ်က သူ့ရဲ့အပလီကေးရှင်းသစ်ကို လတ်တလောမှာ စတင်ထုတ်လွှင့်ပေးခဲ့ပြီဖြစ်တယ်လို့ သိရပါတယ်။ ဒီအပလီကေးရှင်းကိုတော့ တေလာဆွစ်က "The Swift Life"လို့အမည်ပေးထားကာ အပလီကေးရှင်း အသုံးပြုသူတွေဟာ သီးသန့်လူမှုကွန်ရက်မှာ ပါဝင်နိုင်မှာဖြစ်ပြီး တေလာဆွစ်နဲ့ပတ်သက်တဲ့ အီမိုဂျီရုပ်ပုံလေးတွေနဲ့ အခြားအရာတွေကို ရရှိနိုင်မှာဖြစ်တယ်လို့ အီးတီအွန်လိုင်း ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"Ready For It"တေးသီချင်းရဲ့ တေးသံရှင် တေလာဆွစ်က အပလီကေးရှင်းအသစ် ထုတ်လွှင့်လိုက်ပြီဖြစ်ကြောင်းကိုတော့ သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ပြီးခဲ့တဲ့ သောကြာနေ့က ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။

iPhones အသုံးပြုသူတွေအနေနဲ့ ဒီအပလီကေးရှင်းကို အခမဲ့ဒေါင်းလုဒ်ရယူနိုင်ပြီး အသုံးပြုသူတွေအနေနဲ့ တေလာဆွစ်ရဲ့ဓာတ်ပုံတွေ၊ ဗီဒီယိုတွေနဲ့ သတင်းတွေ၊ ဒ့ါအပြင် ကမ္ဘာတစ်ဝန်းက သူ့ရဲ့ပရိသတ်တွေနဲ့ တွေ့ဆုံပွဲတွေကို တွေ့မြင်ခွင့် ရမှာဖြစ်ပါတယ်။ အသုံးပြုသူတွေအနေနဲ့ သူ့ရဲ့အချစ်တော်ကြောင်လေးအပါအဝင် တေလာဆွစ်ရဲ့ အီမိုဂျီရုပ်ပုံလေးတွေ အသုံးပြုကာ အချင်းချင်းဆက်သွယ်ပြောကြားနိုင်မှာဖြစ်တယ်လို့လည်း သိရပါတယ်။

# ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေထွက်နေတဲ့ ဇက်အက်ဖ်ရွန်နဲ့ ရေဗက်ကာဖာဂူဆန်

"The Greatest Showman" ရုပ်ရှင်ရဲ့ သရုပ်ဆောင်ဖက်တွေဖြစ်ကြတဲ့ ဇက်အက်ဖ်ရွန်နဲ့ ရေဗက်ကာဖာဂူဆန်တို့ဟာ ရုပ်ရှင်ထဲက အချစ်ဇာတ်လမ်းကို အပြင်လောကအထိများ ယူဆောင်လာပြီလားရယ်လို့ ဝေဖန်မှုတွေ ဖြစ်လာခဲ့ပါတယ်။ သူတို့နှစ်ဦးဟာ သူငယ်ချင်းမိတ်ဆွေတွေသာဖြစ်တယ်လို့ ဖွင့်ဟခဲ့ပေမယ့် အချို့သော ပရိသတ်တွေကတော့ နှစ်ဦးအကြားမှာ သူငယ်ချင်းဆက်ဆံရေးထက် ပိုမိုနေကြောင်း စွပ်စွဲမှုတွေလည်း ရှိနေတာဖြစ်တယ်လို့ အီးတီအွန်လိုင်း ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဒီလို ကောလာဟလတွေကို စတင်စေခဲ့တာကတော့ ဇက်အက်ဖ်ရွန် ဖော်ပြခဲ့တဲ့ ဓာတ်ပုံတွေကြောင့် ဖြစ်ပါတယ်။ လတ်တလောမှာ အသက်(၃၀)နှစ်အရွယ်ရှိပြီဖြစ်တဲ့ မင်းသားက သူနဲ့ ရေဗက်ကာဖာဂူဆန်တို့ အတူရိုက်ကူးထားတဲ့ ဓာတ်ပုံတစ်ပုံကို ယခုလအစပိုင်းက သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ် စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာဖြစ်ပါတယ်။ ယင်းဓာတ်ပုံမှာ ဇက်ကရေဗက်ကာကို ဖက်ထားပြီး သူကလည်း ဇက်ကို ငေးကြည့်နေတာကိုတွေ့ရပါတယ်။ အဆိုပါဓာတ်ပုံရဲ့ အောက်မှာရေးသားထားတဲ့ စာသားတွေကလည်း သူတို့အကြားမှာ ထူးခြားတဲ့ဆက်ဆံရေးရှိနေကြောင်း ပိုမိုအထင်ရောက်စေတာ ဖြစ်ပါတယ်။ ဇက်အက်ဖ်ရွန်က "ဓာတ်ပုံတစ်ပုံဟာ စကားလုံးများစွာနဲ့ ညီမျှပါတယ်"လို့ ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၀ ရက်မှာလည်း "Baywatch"ရုပ်ရှင်ရဲ့ ဇာတ်ဆောင်မင်းသား ဇက်က သူ့ရဲ့ တွစ်တာစာမျက်နှာပေါ်မှာ ရေဗက်ကာကို ငေးကြည့်နေတဲ့ သူ့ရဲ့ဓာတ်ပုံတစ်ပုံကိုလည်း ထုတ်ဖော်ပြသခဲ့တာဖြစ်ပါတယ်။ နယူးယော့ခ်မှာ အတူရှိနေစဉ် ရိုက်ကူးခဲ့တဲ့ အဆိုပါဓာတ်ပုံရဲ့ အောက်ခြေမှာတော့ မင်းသားက "နောက်ဆုံးတော့ ကျွန်တော်ကြည့်ခဲ့ပြီ"လို့ ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ဒီလိုနှစ်ဦးသားအတူ ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကို လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ဖော်ပြခဲ့တာကြောင့် ပရိသတ်တွေက ဇက်အက်ဖ်ရွန်နဲ့ ရေဗက်ကာဖာဂူဆန်တို့ ချစ်သူ



တွေဖြစ်နေကြောင်း ဝေဖန်ခဲ့ကြပြီး သက်သေပြနိုင်ဖို့ကိုလည်း ရှာဖွေနေကြတယ်လို့လည်း သိရပါတယ်။

**အေးပြည့်စုစည်းသည်**

# နာမည်ကျော်ကာတွန်းဆရာများ၏ မူရင်းလက်ရာများကို မြင်တွေ့ခွင့်ရနိုင်သည့် ၂၀၁၇ မြန်မာကာတွန်းပြပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

မြန်မာနိုင်ငံတစ်ဝန်းမှ ကာတွန်းဆရာများ၏ မူရင်းလက်ရာများကို မြင်တွေ့ခွင့်ရနိုင်သည့်အပြင် ကာတွန်းဆရာကြီးများနှင့် တွေ့ဆုံနိုင်မည့် ပထမအကြိမ် ၂၀၁၇ မြန်မာကာတွန်းပြပွဲကို Moon Art Gallery (၃၅)လမ်းအလယ်ကျောက်တံတားမြို့နယ်တွင် ဒီဇင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီမှ စတင်ကာ ညနေ ၅ နာရီထိ ကျင်းပခဲ့ခြင်းဖြစ်သည်။

"ဒီပြပွဲက ကာတွန်းဆရာတွေ စုစုစည်းစည်းနဲ့ လုပ်တဲ့ပွဲပါ၊ ပြပွဲလုပ်ရတဲ့ ရည်ရွယ်ချက်ကတော့ ကာတွန်းကို မီဒီယာမှာ ပုံနှိပ်ဖော်ပြတာကို ဖတ်ရတာထက် ကာတွန်းဆရာတွေရဲ့ မူရင်းလက်ရာစစ်စစ်ကို ပြသနိုင်မယ်၊ ပရိသတ်ကလည်း ကြည့်ခွင့်ရတယ်ဆိုတာက အရသာတော်တော်ကွာတယ်၊ ပရိသတ်နဲ့ ကာတွန်းဆရာတွေ၊ ကာတွန်းကားတွေနဲ့ တိုက်ရိုက်ထိတွေ့ခွင့်ရတဲ့ ပွဲလေးပါ" ဟု ကာတွန်းဝင်းအောင်က ပြောသည်။

အဆိုပါပြပွဲကို မြန်မာနိုင်ငံကာတွန်းဆရာအသင်းက စီစဉ်ကျင်းပပြီး ဒီဇင်ဘာ ၁၅ ရက်မှ ၁၇ ရက်ထိ သုံးရက်တိုင် ကျင်းပခဲ့ခြင်းဖြစ်သည်။

"ပြည်သူလူထုအနေနဲ့ ဆောင်းပါးတစ်ပုဒ်ဖတ်မယ်ဆိုရင် အနည်းဆုံး အချိန် ၅ မိနစ်ကနေ ၁၀ မိနစ်အထိ ပေးရမယ်၊ ဒါပေမယ့် ကာတွန်းတစ်ပုဒ်ကတော့ တစ်မိနစ်တောင် မပေးရဘူးလေ၊ ဆိုလိုတာက ကာတွန်းတစ်ပုဒ်က ဆောင်းပါးရှည်ကြီးတစ်ပုဒ် ဖတ်လိုက်ရသလို ပြည့်ပြည့်ဝဝ အကုန်ဖော်ပြနိုင်တယ်၊ ဖော်ပြနိုင်တဲ့အခါကျတော့ ပြည်သူလူထု ကြိုက်နှစ်သက်မှုကိုလည်း ကာတွန်းက ခံရတယ်၊ ခေတ်ရဲ့အခြေအနေကိုလည်း ပြည်သူလူထုက ဒက်ခနဲ သူ့နှလုံးသားထဲမှာ တန်းသိနိုင်တဲ့ သတ္တိရှိတယ်၊ ရှိတဲ့အတွက် ကာတွန်းက ပြည်သူလူထုအတွက် အတော်အကျိုးပြုတဲ့ ပညာရပ်ပါ" ဟု ဦးနေမျိုးအေး (ဒု-ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကာတွန်းဆရာများအသင်း)က ပြောသည်။

ပြပွဲတွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှ နာမည်ကျော် ကာတွန်းဆရာများ၏ မတူကွဲပြားသော စိတ်ကူးစိတ်သန်းများဖြင့် ရေးဆွဲထားသည့် ကာတွန်းလက်ရာများကို မြင်တွေ့နိုင်မည့်အပြင် ကာတွန်းဆရာကြီးများကိုယ်တိုင် ရေးဆွဲပေးသည့် အမှတ်တရကာတွန်းပုံများကိုလည်း အခမဲ့ရရှိနိုင်မည် ဖြစ်သည်။ ထို့ပြင် ပြပွဲတွင် ကွယ်လွန်ကြပြီဖြစ်သော ကာတွန်းဆရာကြီးများ၏ ကာတွန်းလက်ရာကောင်းများကိုလည်း မြင်တွေ့ခွင့်ရရှိမည် ဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် နှစ်(၁၀၀)ပြည့်မြောက်ပြီးဖြစ်သည့် ကာတွန်းပညာရပ်သည် ယနေ့အချိန်တွင် ခေတ်စနစ်အမျိုးမျိုးကိုလည်း ဖြတ်သန်းလာခဲ့ပြီးဖြစ်သည်။ ကာတွန်းပညာသည် ပြည်သူလူထုနှင့် အနီးစပ်ဆုံးနေရာတွင် ရှိနေပြီး ပြည်သူလူထု၏ စိတ်အပန်းကို ပြေစေနိုင်ရုံမျှမက အသိပညာ၊ ဗဟုသုတများကိုပါ ပေးစွမ်းနိုင်ခြင်းကြောင့် အသက်အရွယ်မရွေး နှစ်ခြိုက်သည့် ပညာရပ်တစ်ရပ်ဖြစ်သည်။ ယင်းကြောင့် ကာတွန်းပညာရပ်ကို စိတ်ဝင်တစားလေ့လာလိုသူများအတွက် မြန်မာနိုင်ငံကာတွန်းဆရာများအသင်းအနေဖြင့် ဟောပြောပွဲများ၊ ဆွေးနွေးပွဲများနှင့် သင်တန်းများဖွင့်လှစ်သင်ကြားပေးရန် စီစဉ်နေကြောင်း သိရသည်။

**ခင်ဇာလီ**

# ကိုယ်ပိုင်လေယာဉ်ပေါ်မှ အတူဆင်းသက်လာတဲ့ ဂျက်စတင်ဘီဘာနဲ့ ဆယ်လီနာဂိုမက်ဇ်





နောက်တစ်ကြိမ် ပြန်လည်လက်တွဲခဲ့ကြတဲ့ ပေါ့ပ်ကြယ်ပွင့်စုံတွဲဖြစ်တဲ့ ဂျက်စတင်ဘီဘာနဲ့ ဆယ်လီနာဂိုမက်ဇ်တို့ဟာ လတ်တလောမှာတော့ ကယ်လီဖိုးနီးယားပြည်နယ်မှာရှိတဲ့ ဗန်နိုက်စ်လေဆိပ်မှာ ကိုယ်ပိုင်လေယာဉ်တစ်စင်းပေါ်ကနေ အတူဆင်းသက်လာခဲ့တာကို တွေ့ရပါတယ်။ ဒီလိုနှစ်ဦးအတူ တွေ့ခဲ့ရတာကြောင့် လာမယ့် ခရစ္စမတ်အားလပ်ရက်တွေကို အတူဖြတ်သန်းနိုင်ကြောင်း သတင်းတွေလည်း စတင်ပေါ်ထွက်လာခဲ့တယ်လို့ ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက် (၂၃)နှစ် အရွယ်ရှိပြီဖြစ်တဲ့ ဂျက်စတင်ဘီဘာနဲ့ (၂၅)နှစ်အရွယ် ဆယ်လီနာဂိုမက်ဇ်တို့ လေဆိပ်ကနေအတူ ထွက်ခွာလာတဲ့ပုံကို ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေဟာ အွန်လိုင်းမီဒီယာတွေပေါ်မှာ ပျံ့နှံ့လာခဲ့တာဖြစ်ပါတယ်။ အဆိုပါဓာတ်ပုံတွေမှာတော့ သူတို့နှစ်ဦးနဲ့အတူ လေယာဉ်မှူးတစ်ဦးလည်း ပါဝင်နေတာတွေ့ရပါတယ်။ လေဆိပ်ကနေ ထွက်ခွာလာရာမှာတော့ ဆယ်လီနာဂိုမက်ဇ်ဟာ ခေါင်းကိုငုံ့ကာ လမ်းလျှောက်လာခဲ့တာကို တွေ့ရပြီး ဂျက်စတင်ဘီဘာကတော့ သူ့ရဲ့ခရီးဆောင်အိတ်ကို ကိုယ်တိုင်သယ်ကာ ပြုံးရယ်ရင်းလျှောက်လှမ်းလာခဲ့တာကို တွေ့ရပါတယ်။ "Sorry"တေးသီချင်းရဲ့ တေးသံရှင်ဟာ အဆိုပါဓာတ်ပုံတွေမှာ ပေါ့ပါးတဲ့ စိတ်နဲ့ အားလပ်ရက်တွေကို ဖြတ်သန်းသွားမယ့်ဟန်ရှိနေတာလည်း ဖြစ်ပါတယ်။

ယခင်က ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ စုံတွဲတစ်တွဲဖြစ်တဲ့ ဂျက်စတင်ဘီဘာနဲ့ ဆယ်လီနာဂိုမက်ဇ်တို့ဟာ ချစ်သူတွေအဖြစ် သုံးနှစ်ကျော်ကြာ လက်တွဲခဲ့ပြီးနောက် ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း လမ်းခွဲခဲ့ကြပါတယ်။ ဒီလိုလမ်းခွဲပြီးကြတဲ့နောက်မှာတော့ ဒုတိယအကြိမ် ချစ်သူတွေအဖြစ် ပြန်လည်လက်တွဲခဲ့ကြကြောင်း သတင်းတွေ စတင်ပေါ်ထွက်ခဲ့တာကတော့ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်းက ဖြစ်ပါတယ်။ ပထမဦးဆုံးသတင်းတွေ ပေါ်ထွက်လာချိန်မှာတော့ ဂျက်စတင်ဘီဘာကို ဆယ်လီနာဂိုမက်ဇ်ရဲ့ နေအိမ်ကို လာရောက်ခဲ့တာကို တွေ့ခဲ့ရတာက စတင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီအချိန်တုန်းကတော့ သူတို့နှစ်ဦး ချစ်သူတွေအဖြစ် ပြန်လည်တွေ့ဆုံတာမျိုးမဟုတ်ဘဲ သူငယ်ချင်းတွေအဖြစ် ပြန်လည်တွေ့ဆုံခြင်းသာဖြစ်ကြောင်း အချို့သော ဟောလိဝုဒ်မီဒီယာတွေက ရေးသားဖော်ပြခဲ့ကြပါတယ်။

နောက်ပိုင်းမှာတော့ သူတို့နှစ်ဦးကို မကြာခဏဆိုသလို ချိန်းဆိုတွေ့ဆုံခဲ့ကြတာကို တွေ့ရပြီးနောက်မှာတော့ ပြန်လည်လက်တွဲနေပြီဖြစ်ကြောင်း ဟောလိဝုဒ်မီဒီယာတွေက ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။ ဂျက်စတင်ဘီဘာနဲ့ ပြန်လည်လက်မတွဲမီက ဆယ်လီနာဂိုမက်ဇ်ဟာ အာရန်ဘီတေးသံရှင် သယ်ဝိခ်ကန်းဒ်နဲ့ လက်တွဲခဲ့ပြီး ချစ်သူသက်တမ်း တစ်နှစ်မပြည့်မီမှာပဲ လမ်းခွဲကာ ချစ်သူဟောင်း ဂျက်စတင်ဘီဘာနဲ့ ပြန်လည်လက်တွဲခဲ့တာဖြစ်ပါတယ်။ ဆယ်လီနာအနေနဲ့ ဂျက်စတင်ဘီဘာနဲ့ ပြန်လည်လက်တွဲခဲ့ပြီးနောက်မှာတော့ သယ်ဝိခ်ကန်းဒ်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်မှာ ဖော်ပြခဲ့တဲ့ ဆယ်လီနာဂိုမက်ဇ်နဲ့ပတ်သက်တဲ့ အမှတ်တရတွေအားလုံးကို ဖျက်သိမ်းခဲ့တာကိုလည်း တွေ့ရပါတယ်။

## မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများ အသင်း (လှိုင်ကော်ရုံးခွဲ) ဖွင့်လှစ်ခြင်းနှင့် မသန်စွမ်းသုံး အထောက်အကူပစ္စည်းပေးအပ်လှူဒါန်း

**လှိုင်ကော် ဒီဇင်ဘာ ၁၇**
ကယားပြည်နယ်အတွင်းရှိ မသန်စွမ်းသူများအား ပိုမိုထိရောက်စွာ ကူညီပေးနိုင်ရန်အတွက် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း (လှိုင်ကော်ရုံးခွဲ) ဖွင့်ပွဲအား ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီက လှိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။



ပြည်နယ်ဝန်ကြီးချုပ်က မသန်စွမ်းဖြစ်နေသော်လည်း အားငယ်နေမယ့်အစား စိတ်ပျက်အားငယ်မှုမရှိဘဲ အကောင်းဆုံးရင်ဆိုင်ဖြတ်သန်းရမှာဖြစ်ကြောင်း၊ ဌာနများအနေဖြင့်လည်း မသန်စွမ်းသူများအတွက် အထောက်အပံ့ကောင်းဖြစ်အောင် ကြိုးပမ်းကြစေလိုကြောင်း၊ မသန်စွမ်းသူများရဲ့ ဘဝဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကယားပြည်နယ်ဝန်ကြီးချုပ်က မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း (လှိုင်ကော်ရုံးခွဲ)အတွက် မတည်အလှူငွေကျပ်သုံးသိန်းနှင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့က မသန်စွမ်းအမျိုးသမီး နှစ်ဦးသို့ ကလေးဝှီးချဲ တစ်စုံအတွက် အလှူငွေကျပ် ၁၆၀၀၀၀ ထောက်ပံ့ပေးအပ်ပြီးနောက် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း (ရုံးချုပ်) ရန်ကုန်မှ အထောက်အကူပစ္စည်းများပေးအပ်၍ မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း (လှိုင်ကော်ရုံးခွဲ) အတွက် အလှူငွေများပေးအပ်ခဲ့ပြီး (လှိုင်ကော်ရုံးခွဲ)မှ နာယကက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အခမ်းအနားအပြီးတွင် ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က မသန်စွမ်းကလေးများနှင့် မသန်စွမ်းသူများ အာဟာရများ ဝယ်ယူစားသုံးနိုင်ရန်အတွက် တစ်ဦးလျှင် ငွေကျပ်တစ်သောင်းစီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့်ဇနီး ဒေါ်မြင့်မြင့်မော်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

**ကိုစိုင်း(လှိုင်ကော်)**

## ဖရဲစိုက်သူများ တရုတ်ဈေးကွက်ထက် ပြည်တွင်း၌ လက်လီရောင်းချခြင်းက တွက်ခြေကိုက်နေ

**ရေတာရှည် ဒီဇင်ဘာ ၁၇**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ ဖရဲစိုက်တောင်သူများအနေဖြင့် ကနဦး တရုတ်ဈေးကွက်သို့တင်ပို့ရာ၌ ဈေးကောင်းဖြင့် ရောင်းချခဲ့ရပြီး လက်ရှိ မူဆယ်ဈေးကွက်တွင် ဈေးနှုန်းကျဆင်းမှုများရှိနေ၍ ပြည်တွင်းလက်လီရောင်းချခြင်းက ကုန်ကျစရိတ်သက်သာပြီး ဈေးနှုန်းပိုမိုရရှိနေကြောင်း ကွင်းကြီးကျေးရွာအုပ်စု အမတ်ကြီးကျေးရွာနေ ဖရဲစိုက်တောင်သူတစ်ဦးက ပြောသည်။

"အစောပေါ်တဲ့သူတွေ မူဆယ်ဈေးကွက်မှာ ကျပ် ၅၀၀၀ ကျော် ရောင်းရလို့ ဈေးကောင်းတယ်လို့ပြောလို့ရပါတယ်၊ ဒါပေမယ့် နောက်ပိုင်းကျတော့ ခရီးလမ်းအကွာအဝေးကြောင့် ဖရဲသီးတွေက လတ်ဆတ်မှုမရှိတာရယ် စံချိန်စံညွှန်းမမီတာတွေကြောင့် တရုတ်ဝယ်လက်တွေဘက်က ဈေးနှိမ်တာတွေရှိတယ်၊ ဟိုမှာ အခုတစ်လုံးကို ကျပ် ၁၄၀၀ နှုန်းရောင်းရတယ်၊ ဒီမှာ တစ်လုံးကို ကျပ် ၁၅၀၀ - ၂၀၀၀ ရောင်းရတယ်၊ တစ်ပြိုင်တည်းကုန်သွားတာထက် အကုန်အကျသက်သက်သာသာနဲ့ အချိန်ပေးပြီးရောင်းရတာပဲကွာတော့ ဒီမှာပဲရောင်းကြတာတယ်" ဟု အဆိုပါတောင်သူက ဆက်လက်ပြောသည်။

ပဲဈေးကွက်အေးနေခြင်းကြောင့် ဒေသအတော်များများ၌ ဖရဲစိုက်ပျိုးသူမြင့်တက်ခဲ့သည့်အလျောက် အကျိုးအမြတ်ခံစားရမှုမှာ မိမိတို့စိုက်ပျိုးသည့်သီးနှံ စံချိန်စံညွှန်းမီရန် အရေးကြီးကြောင်း တောင်သူအချို့က သုံးသပ်ပြောကြားသည်။ မြေတစ်ဧကတွင် ဖရဲပင်အရေအတွက် ၁၁၀၀ နှင့် ၁၂၀၀ အကြားစိုက်ပျိုးသည့်အခါ ဈေးကွက်ဝင်သည့်အလုံးရေ ၇၀၀ နှင့် ၈၀၀ အကြား ရရှိပြီး ခြောက်ဘီးကုန်တင်ယာဉ်တစ်ခေါက်စာ ရရှိနိုင်မည်ဖြစ်သည်။ မူဆယ်ဈေးကွက်သို့တင်ပို့ရောင်းချနိုင်ခြင်းမရှိသည့် ဖရဲသီးများကို ဒေသတွင်းရှိဈေးများ၊ ရထား၊ ကားဂိတ်များနှင့် ရန်ကုန်-မန္တလေး ကားလမ်းတစ်လျှောက် လက်လီပြန်လည် ရောင်းချနေကြခြင်းဖြစ်သည်။

**ကိုလွင်(ဆွာ)**

## ပြည်တွင်းပဲစားသုံးသည့် အလေ့အထကောင်းများ တိုးမြှင့်ရေး ပဲစားသုံးမှုမြှင့်တင်ပွဲကျင်းပ

**ပဲခူး ဒီဇင်ဘာ ၁၇**
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းနှင့် ပဲခူးကုန်စည်ဒိုင်တို့ ပူးပေါင်း၍ ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ပဲခူးမြို့ ရန်ကုန်-မန္တလေး ကားလမ်းဘေးရှိ အောင်စေတီမိဘမဲ့ပရဟိတကျောင်း၌ ပြည်တွင်းပဲစားသုံးသည့် အလေ့အထကောင်းများ တိုးမြှင့်ရေး ပဲစားသုံးမှုမြှင့်တင်ပွဲအခမ်းအနားကျင်းပသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်နှင့် New Golden Gate Co.,Ltd အုပ်ချုပ်မှုဒါရိုက်တာ ဦးအုန်းဆိုင်တို့က အဖွင့်အမှာစကားပြောကြားပြီး မုဒိတာဖောင်ဒေးရှင်းမှ တာဝန်ရှိသူတစ်ဦးက ပဲနို့ထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အောင်စေတီမိဘမဲ့ပရဟိတကျောင်းနှင့် သပြေကုန်းဘိုးဘွားရိပ်သာအတွက် ပဲအိတ်များ၊ ပဲနို့ကြိတ်စက်နှင့် အလှူငွေများပေးအပ်လှူဒါန်းကြပြီး အောင်စေတီမိဘမဲ့ပရဟိတကျောင်းမှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကာ တက်ရောက်လာကြသူများက ပြည်တွင်းပဲစားသုံးမှု အလေ့အထကောင်းများ တိုးမြှင့်နိုင်ရေးအတွက် ပဲမျိုးစုံဖြင့်ချက်ပြုတ်ပြုလုပ်ထားသော မုန့်မျိုးစုံ၊ ဟင်းမျိုးစုံတို့ကို နေ့လယ်စာအဖြစ်စားသုံးကြကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အတွင်းရှိ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ပဲကုန်သည်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များတက်ရောက်ကြကြောင်း သိရသည်။

**ဟိန်းထက်(ခရိုင်/ပြန်ဆက်)**



## မြန်မာစွန့်ဦးလုပ်ငန်းရှင်များပေါ်ထွက်စေရေး အစီအစဉ်တွင် မြန်မာလူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်




**ရန်ကုန် ဒီဇင်ဘာ ၁၇**
မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT တို့ပူးပေါင်းထောက်ပံ့ကွပ်ကဲမှုနှင့် Kanaung Hub မှ စီစဉ်ကျင်းပပေးမည်ဖြစ်သည့် မြန်မာနိုင်ငံတွင်စွန့်ဦးတီထွင်လုပ်ငန်းရှင်များပေါ်ထွက်စေရေး Myanmar Youth Technopreneurship Development Program-2018 အစီအစဉ်ကို လာမည့် ၂၀၁၈ ခုနှစ် နှစ်ဦးပိုင်းတွင် ပြုလုပ်သွားမည်ဟု သိရသည်။ မြန်မာနိုင်ငံအတွင်းရှိ နည်းပညာရှင်လူငယ်များ နည်းပညာများဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရေးနှင့် ပြည်သူလူထုအတွင်း နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းရှိလူငယ်များ အဖွဲ့ဝင်နှစ်ဦးမှ ငါးဦးအထိ ပါဝင်ယှဉ်ပြိုင်နိုင်မည်ဟု သိရသည်။

ပါဝင်ယှဉ်ပြိုင်ရမည့် ဝန်ဆောင်မှုနှင့်ကုန်ပစ္စည်းများမှာ Entertainment, Open Data, Civic Tech, Business, Agriculture, Society, Health Care, Education စသည့်နယ်ပယ်များမှဖြစ်ရန်လိုအပ်ပြီး နည်းပညာဆိုင်ရာနှင့် ဆက်နွှယ်သော ဝန်ဆောင်မှုသို့မဟုတ် ကုန်ပစ္စည်းဖြစ်ရမည်ဟု သိရသည်။ လျှောက်လွှာများကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်မှစတင်ကာ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၈ ရက်အထိ Myanmar Youth Technopreneurship Development Program-2018 ဝက်ဘ်ဆိုက်ဖြစ်သည့် www.mmtechnopreneurship.com မှ လည်းကောင်း၊ ဒေသခံ MPT ရုံးများမှလည်းကောင်း၊ သက်ဆိုင်ရာလူမှုကွန်ရက် စာမျက်နှာများမှ တစ်ဆင့်လည်းကောင်း လျှောက်လွှာများကို လက်ခံသွားမည်ဟု သိရသည်။

ဆန်ခါတင်အဆင့်ရွေးချယ်ပွဲကို ရန်ကုန်နှင့် မန္တလေးမြို့များတွင် ကျင်းပမည်ဖြစ်ပြီး အောက်မြန်မာပြည် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်အသင်း ၁၅ သင်းအနက် ငါးသင်း၊ အထက် မြန်မာပြည် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်တို့မှ ပြိုင်ပွဲဝင်အသင်း ၁၅ သင်းအနက် ငါးသင်းတို့ကို အသီးသီး ဆန်ခါတင်အဆင့်အနေဖြင့် ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်တွင် အနိုင်ရရှိသည့် အသင်းအားဆုံးဖြတ်ရွေးချယ်ပေးသွားမည်ဖြစ်ပြီး ဆုကြေးငွေကျပ်သိန်း ၅၀ နှင့် ၂၀၁၈ ခုနှစ် မတ်လမှစတင်ကာ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၏ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုစင်တာ Kanaung Hub တွင် အခြားသောလုပ်ငန်းများနှင့်အတူ အနီးကပ် အလုပ်လုပ်ကိုင်နိုင်မည့် နေရာတစ်ခုအား ခြောက်လ အခမဲ့အသုံးပြုခွင့်ရရှိမည်ဟုသိရသည်။ **ဓာတ်**

## မင်္ဂလသုတ်ရွတ်ဖတ်ပူဇော်ပြိုင်ပွဲကျင်းပ

**စစ်တွေ ဒီဇင်ဘာ ၁၇**
စစ်တွေအကျဉ်းထောင်အတွင်း၌ အကျဉ်းထောင် တာဝန်ခံအရာရှိ ဦးသိန်းလွင် ဦးစီး၍ အကျဉ်းသား ၁၂၀ တို့က မင်္ဂလသုတ် ဌာန်ကရိုဏ်းကျကျရွတ် ဖတ်ပူဇော်ခြင်းပြိုင်ပွဲကို ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

**သူရိန်ထွန်း**

## စစ်ဘက်သုံး မောင်းသူမဲ့ရဟတ်ယာဉ် စမ်းသပ်ပျံသန်း



အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ် ကွန်တီကိုစစ်စခန်းတွင် သရုပ်ပြပျံသန်းခဲ့သော တက်ဘလက်မှ ထိန်းချုပ်နိုင်သည့် UH-1H Huey အမည်ရ ရဟတ်ယာဉ်ကို Aurora ပျံသန်းရေးသိပ္ပံလုပ်ငန်းမှ စစ်ဘက်ဆိုင်ရာလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ဒီဇိုင်းထုတ်လုပ်ထားခြင်းဖြစ်သည်ဟုသိရသည်။ အဆိုပါလုပ်ငန်းကို မကြာသေးမီက Boeing လေယာဉ်နှင့် အခြားပျံသန်းရေးယာဉ်နှင့် အပိုပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းကြီးမှ ဝယ်ယူထားခြင်းဖြစ်ပြီး ၎င်းရဟတ်ယာဉ်အား စမ်းသပ်ပျံသန်းစေခဲ့ခြင်းဖြစ်သည်။

အဆိုပါရဟတ်ယာဉ်ကို တက်ဘလက်ကွန်ပျူတာမှ ထိန်းချုပ်ကာ ကုန်ပစ္စည်းများကိုသုံးကြိမ်တိုင် ပို့ဆောင်နိုင်ခဲ့ပြီး မြေပြင်မှ ဝေဟင်သို့ ဒေါင်လိုက် အတက်အဆင်းပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။ ၎င်းရဟတ်ယာဉ်တွင် ကင်မရာဆင်ဆာစနစ်နှင့် အခြားလိုအပ်သည့် အာရုံခံစနစ်များ တပ်ဆင်ပေးထားသောကြောင့် ပျံသန်းရမည့်နေရာများနှင့် ဆင်းသက်ရမည့်နေရာများ တွက်ချက်ခြင်း၊ အတားအဆီးများ ရှောင်လွှဲနိုင်ခြင်းများကို အလိုအလျောက်ပြုလုပ်နိုင်သည်ဟု ဆိုသည်။ တက်ဘလက်ကွန်ပျူတာဖြင့် အချိန်ပြည့်ထိန်းချုပ်စောင့်ကြည့်နေရန်မလိုဘဲ စတင်ပျံတက်ချိန်နှင့် ဦးတည်ရာ လမ်းကြောင်းရွေးချယ်မှုလုပ်ငန်းများဆောင်ရွက်ပြီးလျှင် အခြားလုပ်ဆောင်မှုများကို ရဟတ်ယာဉ်တွင် တပ်ဆင်ထားသော နည်းပညာစနစ်များမှ အလိုအလျောက် လုပ်ဆောင်သွားမည်ဖြစ်သည်ဟု သိရသည်။ ALEX

# ရွှေ့ပြောင်းသွားလာသူများလည်း လူပါပဲ

မောင်သောင်းဝင်း(တမန်ဟောင်း)

လူသားတိုင်း၏အခြေခံလိုအပ်ချက်သည် စားဝတ်နေရေးပင်ဖြစ်သည်။ တချို့သောသူများသည် အေးချမ်းသာယာဝပြောသော တိုင်းပြည်တွင်မွေးဖွားကြသည်။ တချို့သောသူများသည် ပြည်တွင်းစစ်မီးတောက်လောင်နေသောနိုင်ငံများတွင်လူဖြစ်ရသည်။ တချို့သည်အဘက်ဘက်မှပြည့်စုံပြီးဖွံ့ဖြိုးတိုးတက်သောနိုင်ငံတွင် လူဖြစ်ကြရသည်။ တချို့မှာမူ သန့်ရှင်းသောသောက်ရေကိုပင် ဖူလုံစွာမရရှိနိုင်သော သဲကန္တာရနိုင်ငံများတွင် မွေးဖွားကြရသည်။ တချို့သောသူများသည် ပညာရေး၊ ကျန်းမာရေးအပါအဝင် လူမှုဖူလုံရေးအတွက်ပါ တာဝန်ယူပေးသောအစိုးရများ အုပ်ချုပ်သည့်နိုင်ငံများတွင်လူဖြစ်ကြရသည်။တချို့မှာမူစီမံခန့်ခွဲမှုညံ့ဖျင်းသည့် အာဏာရှင်အစိုးရများအုပ်ချုပ်သောနိုင်ငံများတွင်လူဖြစ်ကြရသည်။ မြတ်ဗုဒ္ဓ၏တရားအတိုင်းသာဆိုရလျှင် "ကံ၊ ကံ၏အကျိုးပေး" ပင် ဖြစ်မည်ထင်ပါသည်။

**ကြံ့ခိုင်သူသာ သက်ရှင်ကြွင်းကျန်မည်**

ကြံ့ခိုင်သူသာသက်ရှင်ကြွင်းကျန်မည် "Survival of the fittest" ဆိုသည့်အတိုင်း လူသားတို့သည် စား၊ ဝတ်၊ နေရေးအတွက် နေ့စဉ်ရုန်းကန်လှုပ်ရှားနေကြရသည်။ မည်သို့ပင် ရုန်းကန်လှုပ်ရှားနေစေကာမူ ရေခံမြေခံမကောင်းသည့်အပြင် ပြည်တွင်းစစ်မီးများပါ တောက်လောင်နေသောနိုင်ငံများတွင် လူတစ်ဦးသည် နေ့စဉ်ထမင်းနပ်မှန်အောင်ပင်မစားကြရပေ။ ထို့ကြောင့်လူသားတို့သည်မွေးဖွားရာ နိုင်ငံတွင် မနေနိုင်ကြတော့ဘဲ ရေကြည်ရာမြက်နုရှာကြရတော့သည်။ တစ်နေရာမှ တစ်နေရာသို့အသက်စွန့်သွားကြရတော့သည်။ ထိုသို့ တစ်ဝမ်းတစ်ခါးအတွက် ရုန်းကန်လှုပ်ရှားကြရသူများကို ရွှေ့ပြောင်းသွားလာသူများဟုခေါ်ဆိုကြသည်။

**အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာသူများနေ့**

နှစ်စဉ် ဒီဇင်ဘာလ ၁၈ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာသူများနေ့ဖြစ်သည်။ ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ၁၉၉၉ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ရွှေ့ပြောင်းသွားလာသူများနှင့်၎င်းတို့၏မိသားစုများကိုအကာအကွယ်ပေးရန်ပဋိညာဉ်တစ်ရပ်ချမှတ်ခဲ့သည်။ ထိုပဋိညာဉ်သည် ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာလ ၄ ရက်နေ့တွင်အာဏာသက်ရောက်ခဲ့သည်။ ရွှေ့ပြောင်းသွားလာသူများ၏ အခြေခံ လူ့အခွင့်အရေးရရှိရေးနှင့် ရွှေ့ပြောင်းသွားလာသူများအား အကာအကွယ်ပေးရေးဆိုသည့်သတင်းစကားပါးနိုင်ရန်အတွက် အစိုးရနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းများအား အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့အခမ်းအနားများ နှစ်စဉ်ကျင်းပနိုင်ရန် ကုလသမဂ္ဂအဖွဲ့ကြီးက စည်းရုံး ဆော်ဩထားရှိသည်။

**ဝမ်းနည်းဖွယ်ရာကြုံတွေ့ရ**

အလွန်အမင်းဆင်းရဲမွဲတေမှု၊ ရာသီဥတုပြောင်းလဲမှု၊ အဂတိလိုက်စားမှု၊ ပြည်တွင်းစစ်မီးများ တောက်လောင်နေမှုနှင့် အုပ်ချုပ်သူတို့၏ စီမံခန့်ခွဲမှုညံ့ဖျင်းခြင်းတို့ကြောင့် အမျိုးသား၊ အမျိုးသမီး၊ ကလေး၊ လူကြီးအပါအဝင်များစွာသောလူများသည် ပိုမိုကောင်းမွန်သောအနာဂတ်ကိုရှာဖွေရန်အတွက် တစ်နေရာမှတစ်နေရာသို့ရွှေ့ပြောင်းသွားလာအခြေချလုပ်ကိုင်စားသောက်နေကြရသည်။ ထိုသို့ရွှေ့ပြောင်းသွားလာမှုများကြောင့် တချို့သော နိုင်ငံနယ်စပ်များတွင် အိမ်ခြေရာမဲ့များပိုမိုများပြားလာခဲ့သည်။ ထိုသို့ရွှေ့ပြောင်းသွားလာစဉ် များစွာသောလူများသည်အသက်စွန့်လွှတ်ခဲ့ကြရသည်။ အထူးသဖြင့် လူမှောင်ခိုလှေများဖြင့် သွားလာရာမှပင်လယ်ပြင်တွင် နစ်မြုပ်သေဆုံးရခြင်းဖြစ်သည်။ အထူးသဖြင့်လစ်ဗျားနိုင်ငံမှထွက်ခွာလာသော ရွှေ့ပြောင်းသွားလာသူများသည် အသက်အန္တရာယ်နှင့် ပိုမိုကြုံတွေ့ကြရသည်။ တချို့သော ရွှေ့ပြောင်းသွားလာသူများသည် လူမှောင်ခိုသမားများ၏ ခေါင်းပုံဖြတ်မှုတို့ကြောင့် ပင်လယ်ပြင်တွင် မသေသင့်ဘဲ အသက်ဆုံးရှုံးခဲ့ကြရသည်။ မိသားစုများ ပြိုကွဲကြရသည်။ ဝမ်းနည်းဖွယ်ရာဖြစ်စဉ်များကို ကြုံတွေ့ကြရသည်။ စိတ်မချမ်းမြေ့ဖွယ်ရာဖြစ်စဉ်များပင်ဖြစ်သည်။

**ခေါင်းခဲနေရ**

နိုင်ငံတကာရွှေ့ပြောင်းသွားလာသူအရေအတွက်သည် နှစ်စဉ်မြင့်တက်လျက်ရှိသည်။ ၂၀၀၀ ပြည့်နှစ်တွင် ၁၇၅ သန်းခန့်သာရှိရာမှ ၂၀၁၇ ခုနှစ်တွင် သန်း ၂၅၀ ကျော်အထိမြင့်တက်လာခဲ့သည်။ ၎င်းတို့အနက် ရွှေ့ပြောင်းသွားလာသူ သန်း ၁၀၀ ခန့်သည် ဥရောပသို့ရောက်ရှိခဲ့ပြီး သန်း ၉၀ ခန့်သည် အာရှသို့ ရောက်ရှိခဲ့ကြသည်ဟုဆိုသည်။ လက်ရှိအချိန်တွင် ရွှေ့ပြောင်းသွားလာသူများသည် ကမ္ဘာတစ်ဝန်းသို့ ပျံ့နှံ့နေကြပြီဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့ခေါင်းဆောင်များသည် ရွှေ့ပြောင်းသွားလာသူများ အရေးနှင့်ပတ်သက်၍ ခေါင်းခဲနေကြရပြီဖြစ်သည်။

**စီးပွားရေးအကျိုးအမြတ်များ**

ကမ္ဘာ့နိုင်ငံများသည်ရွှေ့ပြောင်းသွားလာသူများထံမှ စီးပွားရေးအကျိုးအမြတ် များစွာရရှိလျက်ရှိသည်။ ထွက်ခွာသည့်နိုင်ငံများသည် ရေတိုကာလတွင် အရှုံး၊ အမြတ်နှစ်မျိုးစလုံး ကြုံတွေ့ရတတ်သော်လည်း ရေရှည်တွင်မူအမြတ်ထွက်ပါသည်။ လက်ခံရသောနိုင်ငံများသည် ကျွမ်းကျင်လုပ်သားပြတ်လပ်မှု ကြုံတွေ့ရသော်လည်း လုပ်ခလစာသက်သာစေမည်ဖြစ်သည်။ နှစ်နိုင်ငံစလုံးအတွက်အကျိုးအမြတ်ရရှိမှုသည် ရွှေ့ပြောင်းသွားလာသူများ၏ ကျွမ်းကျင်မှုအပေါ်တွင်မူတည်နေမည်ဖြစ်သည်။ ရွှေ့ပြောင်းသွားလာသူများက နေရင်းနိုင်ငံသို့ နှစ်စဉ်အမေရိကန်ဒေါ်လာ ၅၃၀ ဘီလီယံကျော် လွှဲပြောင်းပေးပို့ခဲ့ကြပြီး အမေရိကန်ဒေါ်လာ ၄၀၀ ဘီလီယံကျော်သည် ဖွံ့ဖြိုးဆဲနိုင်ငံများသိုရောက်ရှိနေသည်ဟု ကမ္ဘာ့ဘဏ်က အစီရင်ခံထားရှိသည်။

**အကြမ်းဖက်သမားများလည်းပါလာ**

အရှေ့အလယ်ပိုင်းဒေသမှ ဝင်ရောက်လာသော ရွှေ့ပြောင်းသွားလာသူများနှင့်အတူ အစွန်းရောက်အကြမ်းဖက်သမားများရောပါလာသဖြင့် ဥရောပနိုင်ငံများတွင်အကြမ်းဖက်မှုများနှင့် ကြုံတွေ့ခဲ့ရသည်။ အထူးသဖြင့် ဗြိတိန်၊ ပြင်သစ်တို့တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ကြုံတွေ့ခဲ့ရသည်။ ထို့ကြောင့် ဥရောပနိုင်ငံများသည် ရွှေ့ပြောင်းသွားလာသူများ ဝင်ရောက်မှုကိုစိစစ်ပိတ်ပင်လာကြသည်။ အကျိုးဆက်အနေဖြင့် အပြစ်မဲ့ရွှေ့ပြောင်းသွားလာသူများသည်ပင်လယ်ပြင်တွင်လမ်းစပျောက်ကာ အသက်ဆုံးရှုံးကြရသည်။ တန်ဖိုးရှိသောလူ့အသက်များစွာ ဆုံးရှုံးနေကြရသည်။

**ဆုံးရှုံးသွားသောအသက်များ**

၂၀၁၇ ခုနှစ် တစ်နှစ်တည်း၌ပင် မြေထဲပင်လယ်အတွင်းလှေနစ်မြုပ်မှုကြောင့်အသက်ဆုံးရှုံးခဲ့ရသည့် ရွှေ့ပြောင်းသွားလာသူအရေအတွက်သည် ၂၀၀၀ ကျော်အထိရှိခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ၅၀၀၀ ကျော်အထိ သေဆုံးခဲ့သည်ဟုဆိုသည်။ ကြောက်မက်ဖွယ်ရာကောင်းသည့် ကိန်းဂဏန်းပင်ဖြစ်သည်။ ထိုထဲတွင် အပြစ်မဲ့သည့် လူမမယ်ကလေးငယ်များလည်းပါရှိသည်။ စိတ်မချမ်းမြေ့ဖွယ်ရာပင်ဖြစ်သည်။ ဝိသမလောဘသမား လူမှောင်ခိုများ၏လက်ချက်ကြောင့် ပင်လယ်ပြင်တွင်အသက်ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။ ထိရောက်သော တားဆီးအရေးယူမှုများလိုအပ်နေပြီဖြစ်သည်။

**ရွှေ့ပြောင်းသွားလာသူများလည်း လူပါပဲ**

အမှန်စင်စစ်မှာမူမည်သည့်နိုင်ငံ၊ ဒေသ၊ နေရာတွင်မွေးဖွားသည်ဖြစ်စေ၊ အသားဖြူသည်၊ မည်းသည်ဖြစ်စေ၊ မည်သည့်ဘာသာကိုကိုးကွယ်နေသည်ဖြစ်စေ အားလုံးသည် လူများပင်ဖြစ်သည်။ ဆင်းရဲမွဲတေမှုနှင့် အုပ်ချုပ်မှုညံ့ဖျင်းသောကြောင့်သာ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ ရွှေ့ပြောင်းသွားလာနေရခြင်းဖြစ်သည်။ ထို့ကြောင့် ရွှေ့ပြောင်းသွားလာသူများကို ပင်လယ်ပြင်တွင် အသက်စတေးခိုင်းသည်ထက် စနစ်တကျ စိစစ်လက်ခံမှုများဆောင်ရွက်သင့်ပါသည်။ မည်သို့ပင်ဆိုစေကာမူ ရွှေ့ပြောင်းသွားလာသူများသည်လည်း တန်ဖိုးရှိသော လူများပင်ဖြစ်သည်။

ခြုံ၍တင်ပြရလျှင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် ရွှေ့ပြောင်းသွားလာသူများနှင့်၎င်းတို့၏မိသားစုများကိုအကာအကွယ်ပေးနိုင်ရန်အတွက် ၁၉၉၉ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ပဋိညာဉ်တစ်ရပ်ချမှတ်ခဲ့သည်။ ထိုပဋိညာဉ်ချမှတ်သည့်နေ့ရက်ကိုဂုဏ်ပြုသောအားဖြင့် နှစ်စဉ်ထိုနေ့တွင် ကမ္ဘာတစ်ဝန်း၌ အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာသူများနေ့အခမ်းအနားများကျင်းပလျက်ရှိသည်။ ကမ္ဘာ့နိုင်ငံအားလုံးမှ ခေါင်းဆောင်များသည် ရွှေ့ပြောင်းသွားလာသူများကိုအကာအကွယ်ပေးနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ အကြောင်းတရားမလှ၍ ရွှေ့ပြောင်းသွားလာနေရသူများသည်လည်း တန်ဖိုးရှိသော လူသားစင်စစ်များဖြစ်ကြသည့်အတွက် ၎င်းတို့အပေါ်စာနာထောက်ထားနိုင်ကြပါစေ။ ။

---

**ဆရာဝန်တင်ရွှေ၏စာပေကျေးဇူး . . . .**

စာမျက်နှာ ၁၈ မှ

သူသည် လူအများ၏ ကျန်းမာရေးကို အသားပေးစောင့်ရှောက်လိုသော ဆေးကုသသည့် ဆရာဝန်ဘဝကိုသာ မြတ်နိုးသည်။ ထို့ကြောင့် အများသူငါ ဆရာဝန်တွေ တပ်လေ့ရှိသော ဒေါက်တာဘွဲ့ကိုလည်း သူမတပ်၊ ပါရဂူဘွဲ့ (Ph-D) တည်းဟူသော ဒေါက်တာအခေါ်အဝေါ်ကိုလည်း သူမခံမင်၊ သူအမြတ်နိုးဆုံးဖြစ်သော အသက်မွေးဝမ်းကျောင်းပညာရှင်ဖြစ်သည့် ဆရာဝန်ဘွဲ့ကိုသာ နှစ်သက်သဘောကျ၍ ဆရာဝန်တင်ရွှေဟုသာ အမည်ခံခဲ့ပေသည်။

**ဆရာဝန်တင်ရွှေ**

ဆရာဝန်ဘဝကို မြတ်နိုး၍ ဆေးပညာကို ဖက်တွယ်ခဲ့သော ဆရာဝန်တင်ရွှေသည် စာပေဖြင့်လည်း လူထုကို အလင်းရောင်ပေးခဲ့သူဖြစ်သည်။ ၁၉၆၃ ခုနှစ်က ဆရာဝန်တင်ရွှေသည် ကျန်းမာရေးဝတ္ထုဆောင်းပါးများ စာအုပ်ဖြင့် အနုပညာစာပေဆိုင်ရာ စာပဒေသာ ပထမဆုကို ရရှိခဲ့သည်။ ထိုစဉ်က ဆုပေးရေးအဖွဲ့၏ မှတ်ချက်မှာ "ခက်ခဲနက်နဲ၍ သာမန်အားဖြင့် စိတ်ဝင်စားဖွယ်မရှိနိုင်သော ကျန်းမာရေးဆိုင်ရာ အချက်အလက်များဖြင့် စာဖတ်သူတို့၏ စိတ်ကို ဆွဲဆောင်နိုင်ရန် ဝတ္ထုသဏ္ဍာန်စကားတန်ဆာဆင်၍ ဖတ်ချင်စဖွယ် ရေးသားထားသည်" ဟူ၍ ဖြစ်ပါသည်။

စာပေဆုအမွေကို ထားရစ်ခဲ့သော ဆရာဝန်တင်ရွှေသည် စာပေလောကအတွက်လည်း အသုံးဝင်သည့် စာပေအမြောက်အမြားကို ချန်ထားရစ်ပါသည်။ "ယောနယ်၌ ပြုစားခံရခြင်း"ဟူသော သူ၏ စာအုပ်မှာ လူဖတ်အများဆုံး စာအုပ်တစ်အုပ်ဖြစ်ခဲ့ပါသည်။ ထို့အပြင် "ကျားမ ၄၀ကျော်လျှင်"ဟူသော စာအုပ်၊ ဆီးချိုရောဂါတို့နှင့် ပတ်သက်သော လက်တွေ့အသုံးချ ဆေးပညာဗဟုသုတပေး စာအုပ်များမှာလည်း လူထုအတွက် အထူးအကျိုးရှိလှသော စာပေများပင်ဖြစ်ပါသည်။

**ဘာသာ သာသနာကို စာပေဖြင့် ပူဇော်**

အထူးသဖြင့် သူ့အသက် (၅၄) နှစ်ကျော်မှ ထုတ်ဝေသော "မြတ်ဗုဒ္ဓသာသနာပုံတော်သမိုင်း" အတွဲ(၁)မှ အတွဲ ပေါင်းများစွာတို့သည် သူ၏ ဘာသာ သာသနာကို စာပေဖြင့် ပူဇော်သော စာအုပ်များဖြစ်ပါသည်။ ၁၉၉၀ ပြည့်နှစ် ဩဂုတ်လက ပထမအကြိမ် တန်ဖိုးကျပ် ၄၀ဖြင့် ထုတ်ဝေသော "မြတ်ဗုဒ္ဓသာသနာပုံတော်သမိုင်း" (ပထမတွဲ)တွင် သူ၏ စာပေအပေါ်ထားရှိသော စေတနာမှာ ရဲ့ဝံ့ပြတ်သားလှကြောင်း သိသာပါသည်။ ယင်းစာအုပ်၏ အရှေ့ပိုင်းစာမျက်နှာတွင် "ဤဗုဒ္ဓဘာသာ ကျမ်းစာတို့ကို အရင်းအနှီးစိုက်ထုတ်ကာ အကောင်းဆုံး စက္ကူဖြင့် အကောင်းဆုံးဖြစ်အောင် ကြိုးစားပုံနှိပ်ထားပါသည်။ စာရှုသူတို့ဝယ်ယူပြီး ကျေနပ်မှုမတွေ့ပါက တင်ရွှေစာပေနှင့် ဆက်သွယ်ပါ။ ငွေအပြည့်ပြန်အမ်းပါမည်ဟု ကတိပြုပါသည်" ဟုလည်းကောင်း၊ "စာရေးသူပြုစုရေးသားပြီးသော စာအုပ်များမှ စာမူတို့ကို စီးပွားရေးအရ မဟုတ်ပါလျှင် စာရှုသူတို့သဘောရှိ ကူးယူအသုံးပြုနိုင်ပါသည်။ ကူးယူသုံးစွဲသော စာအုပ်အမည်ကို ဖော်ပြပေးပါက ကျေးဇူးတင်ပါမည်"ဟုလည်းကောင်း ဖော်ပြထားပေရာ သူ၏ ဘာသာ၊ သာသနာနှင့် စာပေအပေါ်ထားရှိသော စေတနာမှာ ထင်ရှားသိသာလှပါသည်။

ဆရာဝန်တင်ရွှေ၏ အဓိကကျသော ဆန္ဒသုံးခုနှင့် စပ်လျဉ်း၍ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၀၁) စာ ၁၆၉ တွင် ဤသို့ဖော်ပြထားပါသည်။ အသက်ရှိစဉ်က အာသီသ သုံးခုမှာ "(၁) အသက်မသေမီ မိမိလေ့လာတတ်မြောက်ထားသော ပညာကို မြန်မာစာပေဖြင့် ဖြန့်ဖြူးခဲ့ရန်၊ (၂) မိမိရေးသားခဲ့သော စာအုပ်စာတမ်းများအားလုံးကို စီးပွားရေးအတွက်မဟုတ်ပါက လွတ်လပ်စွာ ကူးယူအသုံးပြုခွင့်ပြုရန်၊ (၃) ထေရဝါဒဗုဒ္ဓသာသနာထွန်းကားရေးအတွက် စွမ်းအားရှိသမျှ ကူညီပံ့ပိုးရန်တို့ဖြစ်ပါသည်။ ဆရာဝန်တင်ရွှေသည် သူကွယ်လွန်လျှင် ဆေးပညာတိုးတက်ရေးအတွက် သူ၏ခန္ဓာကိုယ်နှင့် မျက်လုံးကို လှူဒါန်းရန် မိသားစုအားမှာကြားခဲ့သည်"ဟု ဖော်ပြထားပါသည်။

ပြည်သူတို့ လူမှုရေးဒါနနှင့် ပတ်သက်၍ အမြင်ကျယ်လာသည်နှင့်အမျှ စာပေလောကသားတို့အတွက် စာပေဆုများ ဆက်လက်ပေါ်ထွက်လာဖို့ အလားအလာများစွာရှိပါသည်။ သို့သော် ဦးကုလားမဟာရာဇဝင်ကြီး၏ ပဏာမ တွင် "ထိုသို့သော မင်းစဉ်လျက်လည်း ပျက်ခြင်း၊ ကုန်ခြင်းသို့ ရောက်ခဲ့၏ ဟူ၍ဆိုသော စကားသည် ကမ္ဗဋ္ဌာန်းအဖြစ် တည်၏ဟူ၍ ဝိသေသခွဲခြမ်း၍ ဖွင့်တော်မူသောကြောင့်"ဟုဆိုထားရာ လူ့သမိုင်းတစ်လျှောက်တွင် ခယသဘော၊ ဝယသဘောတို့နှင့် မကင်းနိုင်သောကြောင့် စာပေဆုတို့လည်း ပျောက်တုံ ပေါ်တုံရှိလိမ့်မည်မှာ သဘာဝကျပါသည်။ ဗြိတိသျှအင်ပါယာ နေဝင်ချိန်တွင် ဂျာဒင်းဆုပျောက်ခဲ့သလို ရှုမဝမဂ္ဂဇင်းအားလျော့သွားသည့်အခါ ရှုမဝတစ်ထောင်ဆုလည်း ကွယ်ပခဲ့ပေသည်။

**လူသေသော်လည်း နာမည်မသေ**

ဆရာဝန်တင်ရွှေကား ကွယ်လွန်ခဲ့ပြီ။ သူထားရှိခဲ့သော စေတနာကို အကောင်အထည်ဖော်ပေးနိုင်ခဲ့သော သူ၏ မိသားစုဝင်တို့၏ လှုံ့လဖြင့် ဆရာဝန်တင်ရွှေစာပေဆုသည် စာပေလောက တစ်အားတက်စေဖို့ ပေါ်ထွက်လာခဲ့ပေပြီ။ ဆရာဝန်ကား လူသာသေသော်လည်း နာမည်မသေသည့်သူပေတည်း။ ထို့ကြောင့် စာပေဆုကို အကောင်အထည်ဖော်ပေးခဲ့သူ ဆရာဝန်တင်ရွှေ၏ မိသားစုဝင်တို့ စာပေကျေးဇူးတရားကို ခံစားရပြီး ကြီးပွားချမ်းသာကြပါစေကြောင်း ဆုတောင်းပေးလိုပါသည်။

အထူးသဖြင့်ကား ဆရာဝန်တင်ရွှေစာပေဆုရရှိကြသူများ ကျန်းမာချမ်းသာလန်းရွှင်စွာဖြင့် စာပေတာဝန်များကို ဆက်လက်၍ ထမ်းဆောင်နိုင်ကြပါစေ၊ သူတို့ကိုအားကျ၍သစ်လွင်သော စာပေဆုရှင်တို့ နှစ်စဉ်တိုးတက်ထွန်းကားကြပါစေဟုသာ မုဒိတာပွား၍ မေတ္တာစကားပါးလိုက်ပါသည်။ ။

ရည်ညွှန်း -

ဒေါက်တာကျော်စိန်၏ဆရာဝန်တင်ရွှေစာပေဆုဆောင်းပါး

ဒေါက်တာ - ခင်မောင်ညွှန့် ဆရာဝန် တင်ရွှေ စာပေအလွမ်းဆောင်းပါး။

ကြော်ငြာ


မြရတနာ ASIA KING TRAVELS
ကျိုက်ထီးရိုး/ ချောင်းသာ (နေ့စဉ်)+ ငွေဆောင် (သောကြာ)
+ တောင်ကြီး၊ အင်းလေး၊ ပင်းတယ။ ဆက်၍ - လွိုင်ကော်
+ ပုဂံ - ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ
+ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ + မြဝတီ၊ ဘားအံ
+ ထားဝယ် (ရှင်ကိုးရှင်)၊ မောင်းမကန်၊ ကျိုက္ခမီ၊ စက်စဲ
အပတ်စဉ် သောကြာ
09-77 85 85 911, 09-77 85 85 912, 09-4311 4301

Since 1985
ရွှေတာနာရှင်... မှ ကျိုက်ထီးရိုး/ ချောင်းသာ (နေ့စဉ်)
ကျိုက်ထီးရိုး၊ ဆောင်နိုင်ကြီးရေတံခွန်၊ စိမ်းလဲ့တင် (နေ့စဉ်)
မြဝတီ၊ မဲဆောက်၊ ဘားအံ (၃) ရက် / ပုဂံ - ညောင်ဦး၊ ပုပ္ပါး (၃) ရက် Dec 15
မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း (၃) ရက် / တောင်ကြီး၊ အင်းလေး (၄) ရက် 22,29
ထားဝယ်ရှင်ကိုးရှင် (၅) ရက် / တောင်ကြီး၊ အင်းလေး၊ လွိုင်ကော် (၅) ရက်
ပုဂံ - ပုပ္ပါး၊ မန္တလေး၊ ပြင်ဦးလွင် (၅) ရက် / ကျိုက္ခမီ၊ စက်စဲ၊ ဘားအံ (၃) ရက်
ဝန်းမောက် - ဖလံတောင်၊ အင်းတော်ကြီး - ရွှေမဥ္ဇူ၊ မြစ်ကြီးနား - မြစ်ဆုံ (၆) ရက်
အလောင်းတော်ကဿပ (၃) ရက်။ ဆက်၍ - မန္တလေး၊ ပြင်ဦးလွင် (၅) ရက်
Ph: 09 795066657, 09 785066657, 09 765066657






Taw Win Nan Htake Htar Travels & Tours
No.(1), 151St, Tamwe Township, Yangon.
- ချင်းပြည်နယ် - ခေါ်နူးစုမ် - စလေ 4N/5D ရက်ရှည်ခရီးစဉ်များ
- တောင်ကြီး - အင်းလေး - ပင်းတယ - ကလော 4N/5D Dec
- ထားဝယ် - ရှင်ကိုးရှင် - မောင်းမကန်ကမ်းခြေ 4N/5D 15.22.29.30
- လွိုင်ကော် - ဒီမောဆိုး - ပင်းတယ 4N/5D နေ့ချင်းပြန်ခရီးစဉ်များ
- ပုဂံ - စွယ်တော်လေးဆူ - ပခုက္ကူ 4N/5D Dec
- မန္တလေး - ပြင်ဦးလွင် (ပန်းပွဲတော်) - စစ်ကိုင်း 3N/4D 15.17.22.24.
- ကလော Trekking - အင်းလေး 3N/4D 29.31
- မြဝတီ - မဲဆောက် - ဘားအံ 3N/4D
နေ့ချင်းပြန် - ဘားအံ - တောင်ပိုင်း / ဆန္ဒန်ဂူ / မော်လမြိုင် / တောင်ငူ
09- 4500 43394, 09-252630799, 09-787177990

၂၀၁၈ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင်
ထူးချွန်စွာ အောင်မြင်လိုသူများအတွက်
ဦးကျော်အောင်ဟိန်း
ရူပဗေဒဂုဏ်ထူးရှင်လက်စွဲ
ရူပဗေဒဉာဏ်စမ်းနှင့် မေးခွန်းဟောင်းများ
ဖြန့်ချိရေး - ရန်အောင်စာပေ၊ 09-5179398

လူငယ်ကလေးစာစဉ် အမှတ် (၄)





သင့်ကလေးအတွက်
ပညာဖွံ့ဖြိုးဉာဏ်ရည်တိုးစေရန် မင်းထက်ဇော်
ပဲ့ပြင်ဆုံးမလမ်းညွှန်နည်းများ
- ကလေးငယ်များ ပညာဖွံ့ဖြိုး၍ဉာဏ်ရည်တိုးစေရန် ပဲ့ပြင်ဆုံးမလမ်းညွှန်နည်းများ
- ကျေးဇူးတရားနှင့် ကျေးဇူးတရားကို သိတတ်စေရန် သင်ကြားပေးခြင်း
- စာဖတ်စေရန်နှင့် စာကြည့်တိုက်ကို အသုံးပြုတတ်စေရန် သင်ကြားပြသခြင်း
- သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်ကျော်လွှားနိုင်ရန် သင်ကြားပြသခြင်း
- ဖွံ့ဖြိုးစေရန် မွေးမြူပေးခြင်းနှင့် ဖွံ့နှင့် ပါတ်သက်သော အားကစားနည်းများ
စသည်ဖြင့် ကလေးငယ်များ ဉာဏ်ရည်တိုးစေရန် သင်ကြားပေးရမည့် အချက်များပါဝင်သည်။
ထွက်ပြီ မနော‌ဖြူစာပေ - Tel : 09-73246980, 09 73043873, 09 450017070

YGN အိမ် ခြံ မြေ အကျိုးဆောင်မှ
နိုင်ငံခြားသားများ နေထိုင်ရန် ပြင်ဆင်ပြီး
တိုက်ခန်း/Condo နှင့် လုံးချင်းကောင်းများ
အမြန်ငှားလိုပါသည်။ 09 4500 39 220

Jaunction Square Crystal Resendent
လက်ရှိဝင်ငွေ တစ်လ (၄၅) သိန်း ရရှိသော
1850 Sqft ထောင့်ခန်းရောင်းမည်
Ph:09 456921181






DOZO
FASHION DESIGN TECHNICAL SCHOOL
Daw Thida Win, B.Sc (Dip in Fashion Design, Japan)
Thet Hnin Aye (BA.Fashion Design, Japan)
1991ခုနှစ်မှစ၍မြန်မာနိုင်ငံတွင်ပထမဦးဆုံးဖွင့်လှစ်ခဲ့သောနိုင်ငံတကာအဆင့်မီFashion Design School ဖြစ်သည်။Design,Pattern,Cutting,Sewingများကိုတိကျမှန်ကန်သောJapanနိုင်ငံမှနောက်ဆုံးပေါ်နည်းစနစ်များဖြင့် သင်ကြားပေးလျက်ရှိသည်။ Professional Designer Diploma
Courses - Basic, Advance, Fashion Illustration, Pattern Magic, Drapping, Hand Made, Wedding Dress, Children Wear's, မြန်မာပွဲတက် နှင့် ထိုင်မသိမ်း, ORIGAMI & DRAPPING (TR technique) "မန္တလေးတွင် သင်တန်းကျောင်း ဖွင့်လှစ် နေပါပြီ။"
Start Date (ရန်ကုန်) : 8.1.2018 (Mon, Tue)
(မန္တလေး) : 20.1.2018 (Sat, Sun, Mon)
Yangon - No.506, Damaryone St, Hlaing T/S, 10 Qr, 6 ½ Miles
Mandalay - No.(Nagyi-2/94),Between 63 × 64 Street, Chan Mya Thar Zi T/S
Phone(ရုံးချိန်အတွင်း) 09 5004830, 09420301999 www.dozofashion.com



ပထမဦးဆုံးမြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည်
Since 2001
နေရာတိုင်းဆောင်ထား
အရောက်ပို့
တပ်ဆင်
ရှင်းပြ
Rain Flower
ကြည့်မြင်တိုင်
ဖုန်း -၀၉-၇၃၁၀၀၈၉၀
-၀၉-၇၃၁၀၀၈၉၁
-၀၉-၄၅၁၇၃၀၀၀၅
-၀၉-၄၅၁၇၃၀၀၀၆
မြောက်ဥက္ကလာပ
ဖုန်း -၀၉-၇၃၁၅၄၆၇၀
-၀၉-၄၅၁၇၃၀၀၀၈
၉-မိုင်၊ ပြည်လမ်း
ဖုန်း -၀၉-၄၃၀၄၉၃၅၆
ပေါက်တောဝ၊ အင်းစိန်
ဖုန်း -၀၁-၆၄၃၇၅၈
-၀၉-၇၃၁၂၆၀၅၇
-၀၉-၁၀၄၇၀၆၅၄
-၀၉-၄၅၁၇၃၀၀၀၂
နေပြည်တော်
ဖုန်း -၀၉-၄၉၂၀၈၈၈၀
-၀၉-၁၁၁၃၆၂၆၁
မန္တလေး
ဖုန်း -၀၉-၄၂၁၀၈၈၄၂၂
-၀၉-၆၅၀၀၄၁၃
5 Year Warranty





FAME Arthrotec®
Bio supplement for joint
အဆစ်အားဖြည့်ဆေး
TMR 011382 (0618)
၂/၂၀၁၅ တဆထလ (တိုး) ၀၆၅၇
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
09-965559860

FAME Osteomax®
Bone density enhancement
အရိုးသန်မာဆေး
TMR 011384 (0618)
၂/၂၀၁၅ တဆထလ (တိုး) ၀၆၅၇
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
09-73142216

GOLDEN EDEN
SLEEP SOLUTIONS
CHRISTMAS အကြို
SALE
Bedsheet set | Comforter | Pillow | Bolsters





PLACE : HLEDAN CENTER
DATE : 18 DEC 2017
imported from SINGAPORE
www.goldenedensleepsolutions.sg

MYANMAR ENTREPRENEURSHIP SUMMIT 2017

# ကျေးဇူးတင်လွှာ

Organized by: MYEA

Myanmar Entrepreneurship Summit 2017 ပွဲသို့ ကြွရောက်ချီးမြှင့်ပေးခဲ့ကြပါသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးနိုင်သက်လွင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း၊ လွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ Myanmar Entrepreneurship Summit 2017 ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကူညီပံ့ပိုးပေးပါသော Sponsor ကုမ္ပဏီများ၊ Contributor များ၊ Media Partner များ၊ Food & Beverages Sponsor များ၊ ပြပွဲတွင် ပါဝင်ပြသပေးပါသော Sponsor ကုမ္ပဏီများ၊ Start-up များ၊ ဆုရွေးချယ်ရေးအစီအစဉ်တွင် အကဲဖြတ်လူကြီးများအဖြစ် ဆောင်ရွက်ပေးခဲ့ကြပါသော ဦးဝေဖြိုး (MD, Ya Thar Cho Co.,Ltd)၊ Dr. သောင်းဟန် (CEO, Myanmar Citizen Bank)၊ ဦးကျော်မျိုးထွန်း (Writer and Financial Advisor)၊ ဒေါ်မိမိမျိုးဝင်း (Head of Programmes, British Council)၊ ဦးမျိုးမင်း (Founder, PS Business School)၊ ဒေါ်မွန်မွန်မြင့်သူ (CEO, ACE plus Solutions)၊ Dr. မင်းထက် (Vice President, Sein & Mya Mattress)၊ Dr.မေပြည့်စုံကြွယ် (Founder and Director, Matrix Strategic Co.,Ltd) တို့နှင့် Panel Session များတွင် ပါဝင်ပေးပါသော Panelist များဖြစ်ကြသည့် -

- ဦးသိန်းထွန်း (Chairman, Tun Commercial Bank)
- Dr. စိုင်းဆမ်ထွန်း (Chairman, Loi Hein Group of Companies)
- ဦးဝင်းအောင် (Chairman, Dagon Group of Companies)
- ဦးဇေယျသူရမွန် (Group CEO, Zeya & Associates)
- ဦးနေအောင် (Founder and CEO, Oway Group)
- ဦးဝေယံလင်း (CEO and Co-Founder, CarsDB.com)
- Mr. Sahib Anandsongvit (Founder and CEO, Seekster)
- Mr. Martin Pun (Head of CSR, YOMA Strategic Holdings, Singapore)
- Mr.Jonathan Wong (Chief of Technology and Innovation, UN)
- Mr. Peter Brimble (Team Leader, The Dana Facility)
- ဒေါ်လှလှဝင်း (Founder & CEO, 360 ed)
- ဦးအောင်မိုးကျော် (Co-Chairman, Grand Royal Group)
- ဦးကျော်မျိုးထွန်း (Writer and Financial Advisor)
- Mr. Rudolf Gildemeister (Managing Partner, Glolden Rock Capital)
- Mr.Azeem M. Azimuddin (CFO, Ayeyarwaddy Bank Ltd.)

Moderator များအဖြစ် ဆောင်ရွက်ပေးကြပါသော ဦးရဲမင်းဦး (Managing Director, Grand National Capital) , Dr. ထွန်းသူရသက် (Founder and CEO, MIT) ဒေါ်မိမိမျိုးဝင်း (Head of Programmes, British Council), Dr. အောင်သူရ (Vice President, MYEA) ၊ Myanmar Entrepreneurship Summit 2017 ပွဲ ဖြစ်မြောက်ရေးကော်မတီ MYEA မှ CEC/ EC များ၊ Working Group အဖွဲ့ဝင်များ၊ MYEA (ဗဟို)မှ Member များ၊ MYEA နယ်အသင်းများမှ Member များနှင့် အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးခဲ့ကြပါသော ပြည်တွင်းပြည်ပမှ ဂုဏ်သရေရှိလူကြီးမင်းများအားလုံးကိုမြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌနှင့် စီမံခန့်ခွဲရေးကော်မတီမှ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

## Sponsors & Contributors

Platinum Partner

SHWE TAUNG

Silver Partner

ALPINE Purified Drinking Water PROMISES PURITY

Bronze Partners

RGK+Z&A Group · awba · 5BB Broadband · Yum Yum · PACIFIC ALPINE MYANMAR LTD · XENON

Contributors

TOYOTA MINGALAR · Value · MATRIX · RED STAR DISTRIBUTION Co.,Ltd. · indee · BOOM SMS Solution · eventnook · KYAW · ESPRIT

Media Partners

7DAY DAILY · 5 · DedaaBox Total Learning App · MILKY WAY · Mahar · mitv · MRTV Entertainment · SKYNET

**CHERICOF**

Dichlorobenzyl alcohol 1.2mg + Amylmetacresol 0.6mg

SUN PHARMA

ချောင်းဆိုးပြီးလည်ချောင်းယားယံခြင်း၊ လည်ချောင်းနာခြင်းများ ပျောက်ကင်းစေပြီး ခံတွင်းရှင်းသန့် မွှေးပျံ့စေသည့် ချယ်ရီကော့ဖ် ငုံဆေးပြား

လိမ္မော်နှင့် သံပရာအရသာ



မိသားစုတိုင်းအတွက် မရှိမဖြစ် ချယ်ရီကော့ဖ်

## ဦးအောင်ဟိန်းကျော်

အတန်းအားလုံးစာအုပ်(လုံး၀) မကိုင်ဘဲသင်သည်

• Translation

အင်္ဂလိပ်စာရေးနည်း (အခြေခံ / အဆင့်မြင့်)

စာတွေမြဲသင်၊ ဘာမြေခံမှ လက်တွေ့လေ့ကျင့်သည်၊ ၃ လတွင်းရေးတတ်ရမည်

အင်္ဂလိပ်စကားပြော သင်တန်း

▪ နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်

စာတွေမြဲသင်၊ စကားသင်သည်၊ ၁ လအတွင်းပြောနိုင်ရမည်

အလွတ်ကျက် စရာမလို

• 392468 • 09517184

• အင်္ဂလိပ်စကားပြော(Vol:1,2,3,4) • ရေးနည်း(Pre., Vol:1,2,3) စာအုပ်ထွက်ပြီ

၁၆၇၊ ၃ထပ်၊ ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ လယ်၊ ရန်ကုန်

## ရွှေကိန္နရီ

(MOVING HOUSING SERVICE)

အိမ်ပြောင်း၊ အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း

ကားကြီး၊ ကားငယ်

ဆိုဒ်စုံများနှင့် အလုပ်သမားများအပါ

တပါတည်းပြောင်းရွှေ့ပေးသည်။

(မြို့တွင်း / နယ်ဝေး)

09-2532 77776
09-2532 66667
09-2532 66668
09-2532 66669

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန လက်အောက်ရှိ ဧည့်ဝန်ဆောင်မှုဆိုင်ရာသင်တန်းကျောင်း၊ ဝန်ဆောင်မှု သင်တန်းဌာန THTC (Hospitality Training Department)၊ အမှတ်(၄၀/၄၂)၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့တွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် Lux Dev တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အောက်ဖော်ပြပါ ဟိုတယ်ဝန်ဆောင်မှုသင်တန်းနှင့် ခရီးသွား လုပ်ငန်းဆိုင်ရာသင်တန်းများကိုဖွင့်လှစ်မည်ဖြစ်ပါသည်။

LUX DEV
Luxembourg Agency for Development Cooperation

၁လ/ရက်သတ္တပတ် (၄)ပတ်ကြာသင်တန်းများ (အဆင့်-၁)

၁)အစားအစာနှင့်အဖျော်ယမကာဝန်ဆောင်မှုသင်တန်း(Food and Beverage Service) နှင့် အစားအစာချက်ပြုတ်မှုသင်တန်း(Food Production Course) (၈.၁.၂၀၁၈) မှ (၂.၂.၂၀၁၈) နေ့အထိ

၂) အခြေခံဧည့်ကြိုသင်တန်း (Front Office Operation)နှင့်အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း (Housekeeping) (၅.၂.၂၀၁၈)မှ(၇.၃.၂၀၁၈)နေ့အထိ

၃)အစားအစာနှင့်အဖျော်ယမကာဝန်ဆောင်မှုသင်တန်း(Food and Beverage Service) နှင့် အစားအစာချက်ပြုတ်မှုသင်တန်း(Food Production Course)(၁၂.၃.၂၀၁၈) မှ (၆.၄.၂၀၁၈) နေ့အထိ

**ခရီးသွားလုပ်ငန်းဆိုင်ရာသင်တန်း (အဆင့် ၁) (Certificate 1 in Travel & Tourism) သင်တန်းကာလ ဇန်နဝါရီလ - မတ်လ ၂၀၁၈ ထိ နှင့် ဧည့်ဝန်ဆောင်မှုဆိုင်ရာသင်တန်း (အဆင့် ၁) (Certificate 1 in Hospitality) သင်တန်းကာလ ဇန်နဝါရီလ - ဇူလိုင်လ ၂၀၁၈ ထိ**

အသေးစိတ်အချက်အလက်များကို Tourism & Hospitality Training Center (THTC)၊ ဒုတိယထပ်၊ အမှတ် (၄၀/၄၂)၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း -၀၉ ၄၅၆၈၀၁၂၅၁ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်

## ဒေါ်ခိုင်ခိုင်ဝင့်

Accountancy Training Centre

**LCCI, ACCA**

➢ စီးပွားရေးပညာရပ်များကိုအခြေခံမှစ၍စနစ်တကျ တွေးခေါ်တက်မြောက်လိုသူများ။

➢ Cost ထက် Benefit အားသာချက်ကို အပြည့်အဝ ရရှိစေမည်။

ဂုဏ်ထူးအလွှတ်၊ ညှိုးရောက်နှံ့သတ် ကျောင်းအပ် လက်ခံပြီ

အမှတ်(၃၂)၊ ၅လွှာ၊ သမ္မာဒိဋ္ဌိလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။

Ph : 095067748, 09965067748, 09254715990

## မင်္ဂလာပါ

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း

မြို့တွင်း / နယ်ဝေးများအတွက်

ဈေးနှုန်းချိုသာစွာဖြင့်

Box ကားမျိုးစုံဖြင့်

အလုပ်သမားစီစဉ်ပေးသည်။

09-450042704
09-250095116
09-420096296

UD group

# SMART HOME

UD GROUP FACTORY

09 - 77 200 4054

မန္တလေး စက်မှုဇုန် တွင် ထုတ်လုပ်သည်။

**SPECIFICATIONS**

| | |
|---|---|
| **Type** | - Fiberglass |
| **Diameter** | - 20 ft |
| **Area** | - 314 sqft |
| **Height** | - 11.7 ft |
| **Color** | - Customized |
| **Weight** | - 500 kg |
| **Installation** | - 3 workers in three hours, no crane, no electrical |
| **Lifetime** | - over 50 years |

သိန်း(၃၀)

www.facebook.com/udsmarthome

udgroupfactory@gmail.com



**အားသာချက်များ**

☑ ဈေးနှုန်းသက်သာခြင်း
☑ မီးလောင်မှု ဒဏ်ခံနိုင်ခြင်း
☑ လျှပ် ဒဏ်ခံနိုင်ခြင်း
☑ လေတိုက်နှုန်း (၁)နာရီ မိုင် ၂၂၀ ထိ
☑ ခြမစားခြင်း၊ သံချေးမတတ်ခြင်း
☑ တပ်ဆင်ရန်အချိန် (၃)နာရီ
☑ ဖြုတ်ရ၊ တပ်ရလွယ်ကူခြင်း
☑ သယ်ယူပို့ ဆောင်ရန်လွယ်ကူခြင်း

ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ

နှစ်သစ်မှာ ခရီးသွား အတွေ့အကြုံသစ်ကို အရမ်းတန်တဲ့ဈေးနဲ့ ရမှာမို့ လက်မလွှတ် သင့်ဘူးနော် . . .

SKL Travel
ရွှေခင်းလမ်းခရီးသွားလုပ်ငန်း
ရန်ကုန် – ၀၁ ၅၂၄ ၈၄၃၊ ၀၉ ၇၈၈ ၉၉၉ ၈၁၀ မှ ၈၆၀
မန္တလေး – ၀၉ ၇၇၁၄ ၇၇၁၄၃ မှ ၁၄၆

ဗုဒ္ဓဂယာ ဇန်နဝါရီ (၁ -၈) ရက် ဟိုတယ် (တည်း/စား) USD 975
ဟိုချီမင်း–ဒါလတ်–ညချမ်း ဇန်နဝါရီ (၃ -၇) ရက် USD 344
ဘန်ကောက် – ဘာလီ ဇန်နဝါရီ (၃ -၇) ရက် USD 555
ဘန်ကောက်–ဟွာဟင်း ဇန်နဝါရီ (၄ -၆) ရက် USD 333
ဟန်နွိုင်း – စာပါ ဇန်နဝါရီ (၁၁ -၁၄) ရက် USD 399
ဘန်ကောက် – ခေါက်ယိုင် ဇန်နဝါရီ (၁၂ -၁၄) ရက် USD 399

ရွှေစံမှီ ဒီဇင်ဘာပိတ်ရက်ခရီးစဉ်များ 22,23,24,29,30
ဘားအံ့ဂူဘုရား ဝင်းကျန်ကျွန်း စုံစမ်းရန်
✦ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်း၊ မိန်းမရဲ၊ ဆက်၍–လွိုင်ကော်
✦ ပြင်ဦးလွင်၊ သီပေါ၊ ပေါ်နန်းဘော်ကြီး၊ ဒုဌဝတီ၊ ခါလိန်၊ Little Bagan၊ ဝတ်ထိပ်
✦ ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ၊ ဆက်၍–မန္တလေး၊ ပြင်ဦးလွင်
✦ အလောင်းတော်ကဿပ(သီးသန့်)၊ ဆက်၍–မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်
✦ ထားဝယ်၊ ရှင်ကိုးရှင်၊ မောင်းမကန်၊ မျော်ရစ်၊ ဆက်၍–မြိတ်၊ ပထော်ပထက်
✦ အင်းတော်ကြီး၊ ရွှေမဥ္ဇူ၊ မြစ်ကြီးနား၊ မြစ်ဆုံ၊ ဗန်းမော်၊ ဇလုံတောင်၊ မိုးကုတ်
✦ မြဝတီ၊ မဲဆောက်၊ ဘားအံ့ဂူ(၅)ဂူ၊ ✦ ရှင်သိဝလိခြေတော်ရာ၊ စပ်လဲရေတံခွန်(စနေ)
✦ ကျိုက်ထီးရိုး/ ချောင်းသာ(နေ့စဉ်) ✦ 09-420420761, 09-420420762,09-420420763

ရှိုင်ရယ် ပတ္တမြား အဆင့်မြင့်ခရီး
ထားဝယ် ရှင်ကိုးရှင်၊ မောင်းမကန်၊ မျော်ရစ် 11000
မြဝတီ၊ မဲဆောက်၊ ဘားအံ ဂူ(၅)ဂူ သောကြာ 80000
မန္တလေး၊ ပြင်ဦးလွင်၊ ✷ ဂေါ်ရန်ဂျီကမ်းခြေ 70000
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ရေပြာအိုင် 70000
ပုဂံညောင်ဦး၊ စွယ်တော်လေးဆူ၊ ပုပ္ပါး 70000
ခရီးစဉ်တိုင်းကို အဆင့်မြင့်ကား/တည်းခိုခန်း/စားသောက်ဆိုင်/တဆင့်ကားခ အားလုံးငြိမ်း။
444463699, 444462599, 43054879

ရွှေမြင့်မိုရ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
အိမ်ခန်း၊ရုံးခန်း၊ဆိုင်ခန်းများကို
ကားဆိုဒ်စုံနှင့် အလုပ်သမားများအပါ
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးပါသည်။
Ph: 09-450093119
09-263119919
09-777565619

ဖျော်ရည်၊ ဂျယ်လီ၊ ရေခဲမုန့်၊ ယိုစုံ၊ နိုင်ငံခြားမုန့်ဖုတ်သင်တန်း
အချိုရည်၊ အသီးဖျော်ရည်၊ ဂျယ်လီမာ/ပျော့၊ Jelly Candy ရေခဲမုန့်၊ ပုလဲမစ်ရှိတ်၊ ဖာလူဒါ၊ ဒိန်ချဉ်၊ အအေးဆိုင်ဖွင့်နည်း၊ ယိုမျိုးစုံ၊ တော်ဖီ၊ ဝိုင်၊ Sauce တိတ်၊ ပေါင်မုန့်၊ ကွတ်ကီးမျိုးစုံ၊ ဂျပန်စတိုင်လမုန့်၊ နံကထိုင်၊ ဓါတလဲ၊ နိုင်ငံခြားမုန့်ဖုတ်သင်တန်း၊
ဆပ်ပြာဆီ ကုန်ကြမ်းနှင့် ပြုလုပ်နည်း ရပါပြီ
MASTER စားသောက်ကုန်သင်တန်းနှင့် အရောင်းဆိုင်
အမှတ်(၁၀၀/၁၀၂)၊၇လွှာ(ဓါတ်လှေခါးဖြင့်တက်ပါ)၊ ၂၇လမ်း(အလယ်)၊ ရန်ကုန်။
01-389340 ၊ Master အရောင်းဆိုင်(၁၂၄)၊ မြေညီ၊ ၂၇လမ်း(အလယ်)၊ ရန်ကုန်။
01-248014, 01-379071,09-73181875











တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များက ရိုးရာအတီးအမှုတ်များဖြင့် ကပြဖျော်ဖြေခဲ့ကြသည့် တိုင်းရင်းသားများအား ဂုဏ်ပြုငွေ ချီးမြှင့်စဉ်။

# မောင်တောမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ ဒေသအရောက် ကွင်းဆင်း

**မောင်တော ဒီဇင်ဘာ ၁၇**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဖော်ကီတောင်ကျေးရွာ၊ မင်းကြီးကျေးရွာ၊ မြဝတီကျေးရွာနှင့် သစ်တုံးနားခွဆုံကျေးရွာတို့ကို အသစ်တည်ဆောက်နိုင်ရေး ပန္နက်တင်မင်္ဂလာ အခမ်းအနားများကို ယနေ့နံနက်ပိုင်းက သက်ဆိုင်ရာ ကျေးရွာများတွင် ကျင်းပသည်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❖

# ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အချိန်စာရင်း ထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက ဒီဇင်ဘာ ၁၈ ရက်စွဲဖြင့် ၂၀၁၈ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ အချိန်စာရင်းကို ထုတ်ပြန်ထားသည်။

**၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အချိန်စာရင်း**

| ရက်စွဲ | အချိန် | ဘာသာရပ်များ |
|---|---|---|
| (၁) | (၂) | (၃) |
| ၇-၃-၂၀၁၈ ဗုဒ္ဓဟူးနေ့ | နံနက် ၉ နာရီမှ ၁၂ နာရီအထိ | မြန်မာစာ |
| ၈-၃-၂၀၁၈ ကြာသပတေးနေ့ | နံနက် ၉ နာရီမှ ၁၂ နာရီအထိ | အင်္ဂလိပ်စာ |
| ၉-၃-၂၀၁၈ သောကြာနေ့ | နံနက် ၉ နာရီမှ ၁၂ နာရီအထိ | သင်္ချာ |
| ၁၂-၃-၂၀၁၈ တနင်္လာနေ့ | နံနက် ၉ နာရီမှ ၁၂ နာရီအထိ | { ဓာတုဗေဒ / စိတ်ကြိုက်မြန်မာစာ |
| ၁၃-၃-၂၀၁၈ အင်္ဂါနေ့ | နံနက် ၉ နာရီမှ ၁၂ နာရီအထိ | ရူပဗေဒ |
| ၁၄-၃-၂၀၁၈ ဗုဒ္ဓဟူးနေ့ | နံနက် ၉ နာရီမှ ၁၂ နာရီအထိ | { ဇီဝဗေဒ / ဘောဂဗေဒ |
| ၁၅-၃-၂၀၁၈ ကြာသပတေးနေ့ | နံနက် ၉ နာရီမှ ၁၂ နာရီအထိ | ပထဝီဝင် |
| ၁၆-၃-၂၀၁၈ သောကြာနေ့ | နံနက် ၉ နာရီမှ ၁၂ နာရီအထိ | သမိုင်း |

**သတင်းစဉ်**

# မြန်မာ အမျိုးသားနှင့် အမျိုးသမီးဘောလုံးအသင်း အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

မြန်မာ ယူ-၂၃ အမျိုးသားဘောလုံးအသင်းနှင့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၈) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အာရှအားကစားပြိုင်ပွဲနှင့် အဆက်ပြတ်နေသော မြန်မာ့ဘောလုံးလောကအတွက် တစ်ကျော့ပြန် ယှဉ်ပြိုင်မှုဖြစ်လာမည်ဖြစ်ပြီး မြန်မာအမျိုးသမီးဘောလုံးအသင်းမှာမူ ပထမဆုံး အကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အာရှအဆင့်အဖြစ် အာရှဖလားပြိုင်ပွဲသာ ယှဉ်ပြိုင်ဖူးပြီး အာရှအားကစားပြိုင်ပွဲတွင် ပထမဆုံးယှဉ်ပြိုင်မှုအဖြစ် မှတ်တမ်းဝင်မည်ဖြစ်သည်။ အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှု အစဉ်အလာကြီးမားခဲ့ဖူးပြီး ချန်ပီယံဆု နှစ်ကြိမ်၊ တတိယ တစ်ကြိမ်ရရှိဖူးသည့် မြန်မာအသင်းသည် ၁၉၉၄ ခုနှစ်တွင် နောက်ဆုံး ယှဉ်ပြိုင်ပြီးနောက်ပိုင်း တစ်ကျော့ပြန်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး အောင်မြင်မှုရရေး ကြိုးပမ်းရမည်ဖြစ်သည်။

**စာမျက်နှာ ၁၁ ကော်လံ ၄ သို့** ○



(၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် မြန်မာ ယူ-၂၂ အမျိုးသားအသင်း။



# လွမ်းမိအခါခါ ဒီဇင်ဘာ

ကြင်လှိုင်မြင့်

သည်ကနေ့သည် စနေနေ့။ ရုံးပိတ်ရက်ဖြစ်သည်။ ထို့ကြောင့် အိမ်သူအိမ်သားအားလုံး စိတ်အေးလက်အေးဖြင့် အိပ်ပျော်နေကြသည်။ ဒီဇင်ဘာလ၏ အအေးဒဏ်ကို အာခံအန်တုရန်အတွက် စောင်ကို ခပ်တင်းတင်းဆွဲခြုံပြီး ကျောချင်းကပ်ကာ အနွေးဓာတ်ဖလှယ်နေကြသည်။

သားငယ်ယိုယိုနှင့် သမီးငယ်တုံတုံတို့ မောင်နှမနှစ်ယောက် စောင်တစ်ထည်တည်းကို အတူလုခြုံကာ အချင်းချင်း စည်းလုံးနေကြသည်။ အငယ်ကို သိပ်မညှာတတ်သော သားငယ်ယိုယို သည်တစ်ခါတွင်တော့ ဒီဇင်ဘာလ၏ အအေးဒဏ်ကိုခံစားနိုင်ဟန်မတူ။ သူ့ညီမငယ်တုံတုံအား ဖက်ပြီးအိပ်နေသည်။

ညဥ့်နက်လာလေလေ အအေးဓာတ်တို့သည် ပိုလေးပိုထွေးလာလေလေ ဖြစ်သည်။ စောင် မည်သို့ပင် ခြုံခြုံ၊ ခေါင်းစွပ် မည်သို့ပင် ဆောင်းဆောင်း သန်လျင်ဆောင်းကိုတော့ အန်မတုနိုင် ပြန်မခုနိုင်။ သစ်ပင်သစ်ရိပ်၊ ဝါးပင်ဝါးရိပ်ပေါ်များ လွှမ်းခြုံမှု'အား'အသင့်အတင့် ကောင်းနေသေးသော နေရာဒေသဖြစ်သည့်အတွက် အခြားသော နေရာဒေသများနှင့် နှိုင်းစာလျှင် ပို၍အေးသည်။ စိမ့်သည်။ သူရိန်နေမင်းကြီး ထွက်လာပြီး နာရီပေါင်းများစွာကြာသည့်တိုင်အောင် သန်လျင်ဆောင်း၏ အအေးဓာတ်ကို မလွှမ်းခြုံနိုင်။ အနိုင်မယူနိုင်။

သစ်ရွက် ဝါးရွက်များ၏ ထိပ်ဖျားတွင် သီးခိုတွဲကျနေသော နှင်းစက်နှင်းပေါက် နှင်းရည်ကြည်တို့သည် အိမ်ခေါင်မိုးသွပ်ပြားများပေါ်သို့ အလုအယက် တိုးဝှေ့လိမ့်ဆင်း ခုန်ချနေကြသည်။ မိုးစက်မိုးပေါက်များကဲ့သို့ အဆက်မပြတ် စုပြုံအုံဆင်းနေကြသည်မျိုး မဟုတ်သော်လည်း တတောက်တောက်နှင့် ဟန်ချက်ညီစွာ ကျဆင်းနေကြသည်မှာ နားထောင်၍ပင် ကောင်းနေသေးတော့သည်။ အိမ်ခေါင်မိုးသွပ်ပြားများကို အခုအခံမယူဘဲ မြေပြင်ပေါ်သို့ တိုက်ရိုက်ကျွမ်းပစ်လိမ့်ဆင်းသွားကြသော နှင်းစက် နှင်းပေါက်တို့၏ တဖတ်ဖတ်မြည်သံများကို ကြားရသည်မှာလည်း တစ်မျိုးတစ်ဘာသာ ကြည်နူးစရာ၊ လွမ်းမောစရာကောင်းလွန်းလှသည်။

ဤအသံ ဤဟန်တို့၏ အရသာကို ဆောင်းရာသီတစ်ခုတည်း၌သာ ကြားရ ခံစားရသည်ဖြစ်၍ အိပ်ရာထဲတွင် အိပ်စက်အနားယူနေရင်း နှစ်သက်စွာ နားဆင်မိသည်။ အချိန်ကာလ အကန့်အသတ်ဖြင့်သာ ရရှိသော အခွင့်အရေးဖြစ်သည့်အတွက် လက်လွှတ်ဆုံးရှုံးမခံနိုင်။ အမိအရ ဆုပ်ဆုပ်ကိုင်ကိုင်ကြီး ခံစားနေမိသည်။ ထိုအချိန်တွင် ရပ်ကွက် အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ အသံချဲ့စက်ဖြင့် ဖွင့်လှင့်လိုက်သော သီချင်းသံကို ကြားလိုက်ရသည်။ နာရီကို လှမ်းကြည့်လိုက်မိသည်။ အချိန်သည် နံနက် လေးနာရီ။

"စောစောအိပ်လို့ . . . စောစောထလို့ . . စောစောလမ်းလျှောက်ကြပါစို့ . . . ကိုယ်ခန္ဓာသန်စွမ်းစေဖို့ . . စိတ်နှလုံး ရွှင်လန်းစေဖို့ . . သူငယ်ချင်းအပေါင်းအသင်းများနဲ့ . . ပျော်ဖို့ရွှင်ဖို့ . . . ကျန်းမာစေဖို့ . . . " မရိုးနိုင်၊ မအီနိုင်သော ဤသီချင်းလေးအား ကြားလိုက်ရသောအခါ လွန်ခဲ့သော အနှစ်သုံးဆယ်ခန့်က စာရေးသူ၏ ငယ်ဘဝကို ပြန်လည်တမ်းတ မြင်ယောင်ခံစားနေမိပါတော့သည်။

ထိုခေတ် ထိုအခါ၏ အခေါ်အဝေါ် အသုံးအနှုန်းအရ ရပ်ကွက်ကောင်စီရုံး၊ ရပ်ကွက်ကောင်စီဥက္ကဋ္ဌ၊ လမ်းကောင်စီလူကြီး စသည်ဖြင့် အမည်ကင်ပွန်းတပ်ကာ ရာထူးအဆင့်အတန်းကို သတ်မှတ်ခဲ့ကြသည်။ ယခုခေတ်တွင်မူ ရပ်ကွက်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ရပ်ကွက်အထွေထွေအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူး စသည်ဖြင့် ပြောင်းလဲခေါ်ဝေါ်သတ်မှတ်သုံးနှုန်းကြသည်။

ရပ်ကွက်ကောင်စီရုံးမှ အထက်ပါ သီချင်းကို စနေနေ့နံနက်တိုင်း လေးနာရီထိုးပြီဆိုလျှင် ပုံမှန်ဖွင့်သည်။ ရပ်ကွက်ကောင်စီဥက္ကဋ္ဌ ဆရာကြီး ဦးမောင်မောင်အေးကိုယ်တိုင် ဦးဆောင်ဦးရွက်ပြုကာ ရပ်ကွက်သူ ရပ်ကွက်သားများ လမ်းလျှောက်ထွက်ကြရန် ဆော်ဩခြင်းဖြစ်သည်။ ဆရာကြီးသည် ရပ်ကွက်သူ ရပ်ကွက်သားများ ကျန်းမာရေးအသိပညာ တိုးပွားစေရန် နည်းပေးလမ်းပြသည်။ အားကစားကို စိတ်ဝင်တစားရှိလာစေရန် အစီအစဥ်ကောင်းများ ချမှတ်လုပ်ဆောင်ပေးသည်။ ဆရာကြီးသည် စာရေးသူတို့ သန်လျင်မြို့ မြို့ဟောင်းအလယ်ရပ်ကွက် မူလတန်းကျောင်းလေး၏ ကျောင်းအုပ်ကြီးလည်းဖြစ်သည်။

ယခုလို ဒီဇင်ဘာလ ရောက်ပြီဆိုလျှင် စာရေးသူတို့ သန်လျင်မြို့နယ်တွင် ကျောင်းပေါင်းစုံ ကိုယ်ကာယလေ့ကျင့်ခန်း သရုပ်ပြပြိုင်ပွဲများ၊ အပြေးပြိုင်ပွဲများ၊ ရပ်ကွက်ပေါင်းစုံ စုပေါင်းလမ်းလျှောက်ပြိုင်ပွဲများ ရှိခဲ့သည်။ ကျောင်းပေါင်းစုံ ကိုယ်ကာယလေ့ကျင့်ခန်း သရုပ်ပြပြိုင်ပွဲများတွင် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်ဟူ၍ အဆင့်သုံးဆင့်ခွဲကာ ကျင်းပခဲ့ကြသည်။ ဆုတံဆိပ်များကိုလည်း ပထမဆု၊ ဒုတိယဆု၊ တတိယဆုများအပြင် အကောင်းဆုံးအကွက်ပြသရုပ်ဆောင်ဆု၊ စည်းလုံးညီညွတ်မှုဆု၊ စည်းကမ်းသေဝပ်မှုဆုစသည်ဖြင့် သတ်မှတ်ချီးမြှင့်ခဲ့ကြသည်။

ဆရာကြီး ဦးမောင်မောင်အေး၏ ဦးဆောင်လမ်းပြမှုများကြောင့် စာရေးသူတို့ သန်လျင်မြို့ မြို့ဟောင်းအလယ်ရပ်ကွက် မူလတန်းကျောင်း ကိုယ်စားပြု ယှဉ်ပြိုင်သည့်အဖွဲ့သည် ပထမဆုချည်းသာ ဆွတ်ခူးခဲ့သည်။ အကောင်းဆုံးအကွက်ပြသရုပ်ဆောင်ဆု၊ စည်းလုံးညီညွတ်မှုဆုများစွာကိုလည်း ထွေးပိုက်နိုင်ခဲ့သည်။ ဆရာကြီးသည် နှစ်စဥ်နှစ်တိုင်း ဒီဇင်ဘာလ မရောက်မီ နိုဝင်ဘာလဆန်းပိုင်းရောက်ပြီဆိုလျှင် ကာယလေ့ကျင့်ခန်း သရုပ်ပြဆရာမ ဒေါ်ခင်စောမူနှင့်အတူ ဦးဆောင်တိုင်ပင်ကာ သူ၏ကျောင်းမှ ကျောင်းသား ကျောင်းသူများကို သင်တန်းပေးလေ့ကျင့်ရန် လူစစ်ရွေးချယ်သည်။

ဆရာကြီး၏ဇနီး ဆရာမကြီး ဒေါ်ကြင်အုန်းသည်လည်း အငြိမ်မနေခဲ့ရ။ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ စားသောက်ရန်နှင့် ပြိုင်ပွဲတွင် ဝတ်ဆင်ရန် တူညီ ဖြူစိမ်းဝတ်စုံများကို စီမံချုပ်လုပ်ခြင်းတို့ဖြင့် အလုပ်များခဲ့ရသည်။ ရှေ့သွားနောက်လိုက်ညီကြသော ဆရာကြီးနှင့် ဆရာမကြီးတို့ ဇနီးမောင်နှံ၏ စိတ်တူကိုယ်တူ စေတနာတူကြပုံမှာ မလေးစားဘဲ မနေနိုင်ဖြစ်ခဲ့ရသည်။

ကျောင်းနှင့် ကျောင်းသား ကျောင်းသူများအပေါ်တွင်ထားသော ဆရာကြီးနှင့် ဆရာမကြီးတို့၏ စေတနာမှာ လေးစားအားကျစရာ ကောင်းလှသည်။ ဆရာကြီးနှင့် ဆရာမကြီးတို့ ကွယ်လွန်ခဲ့ကြသည်မှာ ယခုဆိုလျှင် ၂၅ နှစ်ပင် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ဆရာကြီးနှင့် ဆရာမကြီးတို့ တပည့်များအပေါ်တွင် ထားခဲ့သော ဖြူစင်စိတ်စေတနာများကြောင့် ကောင်းရာသုဂတိလားကြပါစေဟု အထပ်ထပ်အခါခါ ဆုတောင်းမိသည်။

ဆရာကြီးနှင့် ဆရာမကြီးတို့ စေတနာထားကြသည့်အတိုင်း စာရေးသူတို့ ကျောင်းသား ကျောင်းသူများသည်လည်း ညီညီညွတ်ညွတ်၊ ကြိုးကြိုးစားစား ဆရာ့စကားအတိုင်း နာခံလုပ်ဆောင်ခဲ့ကြသည်။ ဆရာတပည့် ညီညွတ်ကြသဖြင့် အောင်ပန်းအလီလီ ဆွတ်ခူးနိုင်ခဲ့ကြသည်။ အပြုံးပန်းဝေနိုင်ခဲ့ကြသည်။ နှစ်စဥ်လိုလို ပထမဆုချည်း ရခဲ့ကြသည်။ ဆရာကြီးနှင့် ဆရာမကြီးတို့၏ မျက်နှာများ ရွှင်လန်းနေခဲ့ကြသည်။ ပီတိဝေနေခဲ့ကြသည်။ ကာယနည်းပြဆရာမ ဒေါ်ခင်စောမူသည်လည်း မျက်ရည်တဝဲဝဲ ချွေးတရွှဲရွှဲ။

ဆရာကြီး ဆရာမကြီးတို့၏ ဂုဏ်ကျေးဇူးများကြောင့် ပြိုင်ပွဲမဝင်မီ လေ့ကျင့်ရင်း ကိုယ်တွေ့အသိတရားများ ရခဲ့ကြသည်။ ဤသည်မှာ နာခံတတ်ခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ စိတ်ဓာတ်ကြံ့ခိုင်ခြင်း၊ အချင်းချင်း ဖေးမ

❝ သစ်ရွက်ဝါးရွက်များ၏ ထိပ်ဖျားတွင် သီးခိုတွဲကျနေသော နှင်းစက် နှင်းပေါက် နှင်းရည်ကြည်တို့သည် အိမ်ခေါင်မိုးသွပ်ပြားများပေါ်သို့ အလုအယက် တိုးဝှေ့ လိမ့်ဆင်း ခုန်ဆင်း နေကြသည်။ မိုးစက် မိုးပေါက်များကဲ့သို့ အဆက်မပြတ် စုပြုံအုံဆင်းနေကြသည်မျိုး မဟုတ်သော်လည်း တတောက်တောက်နှင့် ဟန်ချက်ညီစွာ ကျဆင်း နေကြသည်မှာ နားထောင်၍ပင် ကောင်းနေသေး တော့သည် ❞

ကူညီတတ်ခြင်းတို့ ဖြစ်ကြသည်။ ဤကဲ့သို့သော အလေ့အကျင့်ကောင်းများသည် ယခု အသက်လေးဆယ်ကျော်လာသည်အထိ လိုက်ပါနေကြဆဲဖြစ်သည်။ ထိုစဥ်တုန်းက အတူလေ့ကျင့်၊ အတူပြိုင်ပွဲဝင်ခဲ့ကြသည့် ငယ်သူငယ်ချင်းများနှင့်လည်း ယခုအချိန်အထိ အဆက်အသွယ် အမြဲမပြတ် ရှိနေဆဲဖြစ်သည်။

အတန်းပညာများ မြင့်မားလာကြသည်။ အသက်အရွယ်များ ရလာကြသည်။ အလုပ်အကိုင် အသီးသီးသို့ ဝင်ရောက်နေကြသည်။ သို့သော် ထိုမူလတန်းကျောင်းလေးတွင် ခင်မင်ပေါင်းသင်းခဲ့ရသော ငယ်သူငယ်ချင်းများသည် စာရေးသူ၏ နှလုံးအိမ်တွင် ယနေ့ထိတိုင် စွဲစွဲထင်ထင် စူးစူးနစ်နစ်ရှိနေကြဆဲဖြစ်သည်။

ထိုသူငယ်ချင်းများနှင့် ပြေးလွှားဆော့ကစားခဲ့ရသော မူလတန်းကျောင်းသားငယ်ဘဝများအား ပြန်လည်တမ်းတ မြင်ယောင်မိသည်။ မျက်ရည်ဝဲမိသည်။

ဒီဇင်ဘာလ၏ သောကြာနေ့များ. . .

ညနေ ကျောင်းဆင်းပြီဆိုလျှင် သူငယ်ချင်းများစုပြီး တိုင်ပင်ကြသည်။ အချိန်းအချက် ပြုလုပ်ကြသည်။ ပေးထားသည့်ကတိများ မပျက်စေရန် လက်သန်းချင်း ချိတ်ကြသည်။ လက်မချင်း တေ့ကြသည်။ အင်္ကျီ၏ ညာဘက်လက်ကို လက်မောင်းရင်းထိလှန်ပြီး လက်မောင်းရင်းမှ ငုံးဥသာသာ ကြွက်သားများကို မရအရ အားကုန်ညှစ်၍ ဖုထစ်ပြကြသည်။ အကြောင်းရင်းမှာ မနက်ဖြန်သည် စနေနေ့။ ချိန်းထားသည့် စုရပ်အား မဖြစ်မနေ ဆက်ဆက်လာမည်ဖြစ်ကြောင်း၊ ယောကျ်ားဖြစ်၍ ပေးထားသောကတိကို တည်ကြမည်ဖြစ်ကြောင်း သက်သေထူနေကြခြင်းဖြစ်သည်။

သောကြာနေ့ည ရောက်ပြီဆိုလျှင် ကောင်းကောင်းအိပ်မပျော်ချင်။ ရပ်ကွက်ကောင်စီရုံးမှ ဖွင့်မည်ဖြစ်သော လမ်းလျှောက်ထွက်ရန် လှုံ့ဆော်တေးသီချင်းကို အပြိုင်အဆိုင် နားစွင့်နေကြသည်။ အိပ်ပျော်သွား၍မဖြစ်။ အိပ်ပျော်သွားလျှင် ကိုယ်ပဲခံရမည်။ ကတိမတည်သူဟုလည်း အပြောခံရမည်။ ပို၍ဆိုးသည်မှာ လူကြီးများဝေသော မုန့်မရလိုက်မည်ကို စိုးရိမ်ကြသည်။

စာရေးသူတို့နေသော မြို့ဟောင်းအလယ်ရပ်ကွက်တွင် လမ်း စုစုပေါင်း ၁၂ လမ်းရှိသည်။ တစ်လမ်းချင်းစီတွင် အိမ်ခြေ ၃၀ ခန့် ရှိသည်။ ရပ်ကွက်ကောင်စီဥက္ကဋ္ဌ ဆရာကြီး ဦးမောင်မောင်အေးသည် ရပ်ကွက်သူ ရပ်ကွက်သားများ လမ်းထွက်လျှောက်ကြစေလိုသော စေတနာဖြင့် ပြိုင်ပွဲလေးတစ်ခု ပြုလုပ်ပေးသည်။ လမ်းလျှောက်လူဦးရေ အများဆုံးသောလမ်းသည် ပထမ။ ထို့နောက် ဒုတိယ၊ တတိယစသည်ဖြင့် ဆုပေးသည်။ ဓာတ်ပုံရိုက်ပြီး မှတ်တမ်းတင်သည်။ ဆရာကြီးပေးသောဆုကို လိုချင်ကြသဖြင့် အိမ်ရှိလူကုန် လမ်းလျှောက်ထွက်ကြသည်။ တစ်လမ်းနှင့်တစ်လမ်း အပြိုင်အဆိုင်ဖြစ်လာကြသည်။

လမ်းလျှောက်ထွက်လျှင် မိမိတို့၏ လမ်းနံပါတ်ပါရှိသော တုတ်တပ်ကတ်ပြားများကို ထိုလမ်းတွင်းမှ တစ်ယောက်ယောက်အား ဦးဆောင်ပြီး ကိုင်လျှောက်စေသည်။ လိုက်ပါလာသော လမ်းသူလမ်းသားများသည် နှစ်ယောက်တစ်တွဲ တန်းစီလျှောက်ကြရသည်။ အမှတ်ပေးဒိုင်လူကြီးများသည် မှတ်တမ်းစာအုပ်များ ကိုင်ဆောင်၍ လမ်းလျှောက်ထွက်သူ အရေအတွက်ကို မှတ်တမ်းတင်ကြသည်။ လမ်းလျှောက်ပြီး၍ နဂိုစုရပ်သို့ပြန်ရောက်လျှင် ဆုပေးသည်။ ဆုပေးပွဲတွင် လက်ခုပ်လက်ဝါး တီးကြသည်။ ပျော်သူများ ပျော်ကြသကဲ့သို့ စိတ်ဆိုးဒေါသဖြစ်သူများလည်း ရှိကြသည်။

"သန်းဇော် အအိပ်မက်လို့ ငါတို့ ဆုမရတာ။ ထပါလို့ ဒီလောက်နှိုးနေတာကို မထဘူး"

"ကြည့်နေ. . . အိမ်ကဟာကို နောက်အပတ်ကျရင် မရအရ အပါခေါ်ခဲ့မယ်"

"ငါ့ညီမ အပျင်းထူနေလို့၊ သူပါရင် ပြီးပြီ၊ အခုတော့ တစ်ယောက်တည်းနဲ့ ကပ်ခံလိုက်ရတယ်"စသည်ဖြင့် မကျေမနပ် ညည်းညူပြောဆိုနေကြသည်။ ဆုရသူများသည် ဆုများကို တကိုင်ကိုင်၊ တမြှောက်မြှောက်နှင့်။ ဆုမရသူများအား ကလိနေ၊ ဆွနေသည့်အလား။

ဤသို့ဖြင့် အိမ်လုံးကျွတ် လမ်းလျှောက်ထွက်ကြသည်။ လူကြီးများသည် အနိုင်ရရှိရေး၊ ဆုရရှိရေးအတွက် လူအရေအတွက်ကို အာရုံစိုက်ကြသည်။ စာရေးသူတို့ ကလေးသူငယ်များအုပ်စုသည် လူကြီးများဝေသော မုန့်များကို အာရုံပြုကြသည်။ လမ်းလူကြီးများသည် မိမိတို့လမ်းတွင်းမှ လမ်းသူလမ်းသားများ လမ်းလျှောက်ထွက်ကြစေလိုသော စေတနာဖြင့် မုန့်မျိုးစုံလုပ်၍ ဝေသည်။ မုန့်အမျိုးအမည်သည် တစ်ပတ်နှင့် တစ်ပတ်မတူ။ ကောက်ညှင်း အဖြူပေါင်း၊ ကောက်ညှင်း ငချိတ်ပေါင်း၊ ဘိန်းမုန့်၊ ငှက်ပျောကြော်၊ ဆန္ဒွင်းမကင်း စသည်ဖြင့် တစ်ပတ်နှင့် တစ်ပတ် မထပ်စေရ၊ မရိုးစေရ။

ထိုခေတ် ထိုအခါက ကြွပ်ကြွပ်အိတ်များ မပေါ်သေး။ မုန့်များအား အမျိုးအစားကိုလိုက်၍ သတင်းစာစက္ကူ၊ မြရာဖက်၊ ငှက်ပျောဖက် စသည်ဖြင့် ထုပ်ကြသည်။ ကောက်ညှင်းပေါင်းထုပ် ပူပူလေးကို ဖွင့်ဖောက်လိုက်လျှင် ထွက်လာသော ကောက်ညှင်းနှင့် ငှက်ပျောဖက်တို့၏ ပေါင်းစပ်ထားသော ရနံ့မွှေးမွှေးလေးအား ယနေ့ထိတိုင် သတိရနေမိသည်။

စာရေးသူတို့ ကလေးအုပ်စုတွင် ညွန့်ရွှေသည် ဖြတ်ထိုးဉာဏ်ကြီးသည်။ အကွက်မြင်သည်။ သူ၏ အကြံပေးချက်အရ လမ်းလျှောက်ပြိုင်ပွဲကို ဆုလည်းရသည်။ သူများလမ်းမှဝေသော မုန့်လည်းရကြသည်။

လမ်းရှိ ကလေးတိုင်း ခေါင်းဆောင်းပါအနွေးထည် ဝတ်လာကြရသည်။ ရပ်ကွက်ကောင်စီရုံးရှေ့ရောက်လျှင် ထိုအနွေးထည်ပါ ခေါင်းဆောင်းကို ကိုယ်စီဆောင်းပြီး ခေါင်းငိုက်စိုက်ချထားရသည်။ ထို့နောက် လူစုခွဲလိုက်သည်။ အခြားလမ်းများမှ မုန့်ဝေသော နေရာများတွင်ဝင်၍ တန်းစီသည်။ မုန့်များကို ခပ်တည်တည်နှင့် ယူလာကြသည်။ လူကြီးများ မမြင်သာသော အမှောင်ကဲသည့်နေရာတွင် လူစုကြသည်။ ရလာသော မုန့်များကို ဝေစားကြသည်။ မျှစားကြသည်။ စကားပြောရင်း အော်ရယ်ကြသည်။

မုန့်များ ကပျာကယာစားပြီး မိမိတို့လမ်းတွင်းမှ လူစုရှိရာဆီသို့ ပြေးကြပြန်သည်။ ရှေ့ဆုံးတန်းမှဝင်၍ တန်းစီကြသည်။ ခေါင်းဆောင်းများသည်လည်း ဆောင်းထားဆဲ။ ဆုပေးအဖွဲ့မှ လူကြီးများ လူအရေအတွက်ကို စတင်ရေတွက်နေကြပြီဖြစ်သည်။ နှစ်ယောက်တွဲ ခုနစ်တွဲ၊ ရှစ်တွဲကျော်သွားသောအခါ ဝတ်ထားသော အနွေးထည်များကို ချွတ်ကြသည်။ လူကြီးများ မမြင်စေရန် တန်းစီလျှောက်နေသော လူတန်းထဲမှ မသိမသာထွက်ပြီး မိမိတို့လမ်းရှိ လူတန်း၏ နောက်ဆုံးမှဝင်၍ တန်းစီကြပြန်သည်။ ဤနည်းဖြင့် နှစ်ပတ်၊ သုံးပတ် ပထမဆုရခဲ့ဖူးသည်။ ဝေသော မုန့်များများ စားခဲ့ကြရဖူးသည်။ သို့သော် ဤအစီအစဥ်သည် ကြာကြာမခံ။ လူကြီးများ သိသွား၍ ဆန္ဒမရှိစွာဖြင့် စွန့်လွှတ်လိုက်ကြရသည်။ ခေါင်းဆောင် သူငယ်ချင်း ညွန့်ရွှေ ကွယ်လွန်ခဲ့သည်မှာ နှစ်ကာလကြာပြီဖြစ်သော်လည်း ယနေ့အချိန်ထိ သတိရနေဆဲဖြစ်သည်။ ကျန်သောသူငယ်ချင်းများနှင့်ကြုံတိုင်း ငယ်ဘဝအကြောင်းများ ပြန်ပြောမိကြသည်။ လွမ်းမိပါသည် ငယ်ဘဝဆီ။

လမ်းလျှောက်ထွက်ရန် သတ်မှတ်နေရာသည် ရပ်ကွက်ကောင်စီရုံးရှေ့မှ သန်လျင် ကျိုက်ခေါက်ဘုရား ခြေတော်ရင်းအထိဖြစ်သည်။ ဆရာကြီးသည် လမ်းလျှောက်နေကြသူများအား နှစ်ယောက်တစ်တွဲဖြင့် စည်းကမ်းရှိရှိ ညီညီညာညာလျှောက်ကြရန် ဘေးမှနေ၍ လိုက်လံထိန်းကွပ်တန်းညှိပေးသည်။ ဤသို့လုပ်ဆောင်ရင်း စည်းကမ်း၏ အရေးပါပုံကိုလည်းပါးစပ်မှ မနားတမ်း ရှင်းပြဆုံးမနေသည်။

စာမျက်နှာ ၉ သို့ ❖

# ရွှေဘိုပေါ်ဆန်းအဟောင်း ယခင်နှစ်ထက် ဈေးနှုန်းပိုမြင့်မား

**ရွှေဘို ဒီဇင်ဘာ ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်ဒေသတွင် မိုးစပါးအဟောင်းဖြစ်သော ပေါ်ဆန်းစပါးသည် ယခင်နှစ်ထက် တင်းတစ်ရာလျှင် ကျပ်သုံးသိန်းကျော် ဈေးနှုန်းပိုမြင့်မားနေကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

အဆိုပါဒေသမှထွက်ရှိသော ရွှေဘိုပေါ်ဆန်းဆန်စပါးသည် စားသုံးရာတွင် အခြားဒေသများမှ ထွက်ရှိသောဆန်စပါးများထက် သာလွန်ကောင်းမွန်မှုကြောင့် မြန်မာနိုင်ငံ၌ လူကြိုက်များကာ ဈေးနှုန်းမြင့်မားလျက်ရှိသည်။

ဝါတန်းဆန်စပါးဈေးကွက်တွင် ဒီဇင်ဘာ ၁၄ ရက်၌ ပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၃၅၀၀၀ မှ ၅၈၀၀၀၊ ဧည့်မထ တစ်အိတ်လျှင် ကျပ် ၂၀၅၀၀ မှ ၂၃၅၀၀၊ ငစိန် တစ်အိတ်လျှင် ကျပ် ၂၀၅၀၀ မှ ၂၃၅၀၀၊ မိုးသုခ တစ်အိတ်လျှင် ကျပ် ၂၄၀၀၀ မှ ၂၅၀၀၀ ကြားနှင့် ရွှေဘိုဆန်ဈေးကွက်တွင် ပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၄၀၀၀၀ မှ ၄၅၀၀၀၊ ဧရာမင်း တစ်အိတ်လျှင် ကျပ် ၄၀၀၀၀ ဝန်းကျင်၊ နှွေဆန်ကြမ်း တစ်အိတ်လျှင် ကျပ် ၂၄၀၀၀ ဝန်းကျင် ဈေးပေါက်ခဲ့သည်။

ရွှေဘိုခရိုင်ဒေသတွင် မိုးစပါးအဟောင်းဖြစ်သော ပေါ်ဆန်းစပါးသည် ယခင်နှစ်၌ တင်းတစ်ရာလျှင် ကျပ် ၁၂ သိန်းခွဲ ဝန်းကျင်ဈေးသာရှိခဲ့သော်လည်း ယခုချိန်တွင် ကျပ် ၁၅ သိန်းခွဲဝန်းကျင်ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေကြကြောင်း ဈေးကွက်များမှ သိရသည်။

ရွှေဘိုဒေသတွင် မိုးစပါးများဖြစ်သော ပေါ်ဆန်းကို လှိုင်လှိုင်မရိတ်သိမ်းနိုင်ကြသေးသော်လည်း တောင်သူတစ်ဦးစ နှစ်ဦးစတို့ စတင်ရိတ်သိမ်းလျက်ရှိရာ စပါးခြွေစက်အကျအတိုင်း စပါးတင်းတစ်ရာလျှင် စပါး အရည်အသွေးအလိုက် ငွေကျပ် ၁၂ သိန်း ဝန်းကျင်ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေကြကြောင်း သိရသည်။

“မိုးစပါးကို လှိုင်လှိုင်မရိတ်သိမ်းနိုင်ကြသေးဘဲ ကျွန်တော်တို့ တစ်ဦးစ နှစ်ဦးစလောက်ပဲ စတင်ရိတ်သိမ်းပြီးပါပြီ၊ စပါးဈေးကတော့ စပါးခြွေစက်အကျအတိုင်း စပါးတင်းတစ်ရာလျှင် စပါးအရည်အသွေးအလိုက် ငွေကျပ် ၁၂ သိန်း ဝန်းကျင်ဈေးနဲ့ ရောင်းလိုက်ပါတယ်၊ မိုးစပါးအဟောင်းကတော့ ကျပ် ၁၅ သိန်းခွဲ ဝန်းကျင်ဈေးနဲ့ ရောင်းဝယ်နေကြပါတယ်” ဟု ခင်ဦးမြို့နယ် ကန်သစ်ရွာမှ တောင်သူ ဦးတင်ဦးက ပြောသည်။ **ရောင်နီတင်ဝင်း**



# ရန်ကုန်မြို့ မြေအသုံးချမှုနှင့် ဇုန်များသတ်မှတ်ခြင်းဆိုင်ရာ ဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၁၇**
ရန်ကုန်မြို့တော်ခန်းမတွင် ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့၏ မြေအသုံးချမှုနှင့် ဇုန်များ သတ်မှတ်ခြင်းဆိုင်ရာ ဆွေးနွေးပွဲကိုကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးနှင့် တာဝန်ရှိသူများ၊ JICA study team မှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အင်ဂျင်နီယာပညာရှင်များနှင့် ဗိသုကာပညာရှင်များမှ မြို့နယ်အလိုက် အဖွဲ့ငါးဖွဲ့ခွဲ၍ ဝိုင်းဝန်းဆွေးနွေးကြသည်။

“မြေအသုံးချမှုတွေ၊ အထပ်အရေအတွက်တွေ၊ အဆောက်အအုံဖုံးလွှမ်းမှုအချိုး၊ ကြမ်းခင်းဧရိယာအချိုးတွေကို စိစစ်ပြီးတဲ့အချိန်မှာ အဲဒီအခြေအနေတွေကို ဒီပွဲမှာ ချပြဆွေးနွေးတာဖြစ်ပါတယ်၊ ချပြဆွေးနွေးတဲ့အပေါ်မူတည်ပြီးတော့ အားလုံးက လက်ခံနိုင်တဲ့ မြေအသုံးချမှုဇုန်တွေ ထွက်ပေါ်လာမယ်ဆိုရင် အဆောက်အအုံ ပါမစ်တွေပေးတဲ့နေရာမှာ ဆောက်လုပ်တာပဲဖြစ်ဖြစ် ဘယ်နေရာမှာတော့ လုပ်ခွင့်ရှိတယ် မရှိဘူးဆိုတာ ပွင့်လင်းမြင်သာစွာ အားလုံးသိမြင်ရမှာဖြစ်ပါတယ်၊ ခွင့်ပြုချက်တွေပေးတဲ့နေရာမှာလည်း မြန်ဆန်သွက်လက်လာမှာဖြစ်ပါတယ်၊ ခွင့်ပြုချက်တွေ မြန်ဆန်သွက်လက်လာတာနဲ့အမျှ ရန်ကုန်မြို့မှာ ရင်းနှီးမြှုပ်နှံချင်တဲ့ပုဂ္ဂိုလ်တွေအနေနဲ့ ပွင့်လင်းမြင်သာစွာသိရတဲ့အတွက် အချိန်ကုန်သက်သာစွာ ရင်းနှီးမြှုပ်နှံနိုင်ကြမှာ ဖြစ်ပါတယ်”ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးက ပြောသည်။

ရန်ကုန်မြို့ မြေအသုံးချမှုနှင့် ဇုန်များသတ်မှတ်ခြင်းကို ၂၀၁၃ ခုနှစ်တွင် နှစ်ကြိမ်၊ ၂၀၁၄ ခုနှစ်တွင် တစ်ကြိမ် ကျင်းပခဲ့ပြီး စိမ်းလန်းမြေနှင့် ရေပြင်များဇုန်၊ ရွှေတိဂုံဘုရားပတ်ဝန်းကျင် မြို့ပြအမွေအနှစ်ဇုန်၊ ဆိတ်ငြိမ်ရပ်ကွက် (သို့မဟုတ်)လူနေသိပ်သည်းမှုနည်းသည့် လူနေရပ်ကွက်ဇုန်၊ ရန်ကုန်မြို့လယ် ကန့်သတ်ဇုန်၊ လမ်းအလိုက် မြို့မြေအသုံးချမှုဇုန်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မြို့နယ်အချို့၏ အမြင့်ပေကန့်သတ်ချက်များ အစရှိသည်တို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

“အထပ်မြင့်ဆောက်လုပ်ဖို့အတွက် လုပ်ငန်းကို မြန်မြန်ဆန်ဆန်ဆောက်လုပ်နိုင်ဖို့ ဘယ်နေရာမှာ ဆောက်ခွင့်ရှိတယ်၊ မရှိဘူးဆိုတာကို အားလုံးက ညှိနှိုင်းပြီးတော့ သဘောတူထားတဲ့ မြေပုံတစ်ခုထွက်လာမှာ ဖြစ်ပါတယ်၊ လုပ်ငန်းရှင်တွေအတွက်လည်း ဆုံးရှုံးနစ်နာမှုတွေ မရှိနိုင်ပါဘူး၊ ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ မေးတဲ့စကားတစ်ခုရှိပါတယ်၊ တိတိကျကျပြဋ္ဌာန်းထားတဲ့ ဇုန်တွေရှိသလား၊ ဘယ်နေရာမှာ အထပ်မြင့်ဆောက်လို့ရသလဲ၊ ဘယ်နေရာမှာ မရဘူးလဲ ဆိုတဲ့ဟာကို ဒီလိုဇုန်တွေထုတ်ပြီးတဲ့အခါ တိတိကျကျဖြေနိုင်မှာဖြစ်ပါတယ်”ဟု ဒေါ်လှိုင်မော်ဦးက ပြောသည်။

လက်ရှိတွင် လသာ၊ လမ်းမတော်၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ဗဟန်း၊ ကမာရွတ်၊ ဒဂုံ၊ အလုံ၊ စမ်းချောင်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကင်း၊ ဗိုလ်တထောင်၊ တာမွေ၊ ပုဇွန်တောင်၊ ကြည့်မြင်တိုင်မြို့နယ် ၁၅ မြို့နယ်အား အထပ်နိမ့်လူနေဇုန်၊ အထပ်အလယ်အလတ်လူနေဇုန်၊ အထပ်မြင့်လူနေဇုန်၊ အသုံးပြုမှုမျိုးစုံ ရောနှောပါဝင်သောဇုန်၊ စီးပွားရေးဇုန်၊ စက်မှုဇုန်၊ ဆိပ်ကမ်းနှင့် ဆက်စပ်လုပ်ငန်းများ ဇုန်၊ စိမ်းလန်းမြေနှင့် ရေပြင်များဇုန်၊ အစိုးရအဖွဲ့အစည်းနှင့် အခြေခံအဆောက်အအုံများဇုန်၊ မြို့ပြအမွေအနှစ်ထိန်းသိမ်းမှုဇုန်၊ ကမ်းနားအထူးဖွံ့ဖြိုးရေးဇုန် အစရှိသည်ဖြင့် မြို့မြေအသုံးချမှုဇုန်များ ခွဲခြားသတ်မှတ်ခြင်းနှင့်ပတ်သက်၍ ဆွေးနွေးခြင်းဖြစ်ပြီး ရလဒ်များကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြသွားမည်ဖြစ်ကြောင်း ကျန်ရှိသည့်မြို့နယ်များကိုလည်း ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇာနည်မောင်**
**အေးမင်းသူ**

# ရန်ကုန်မြစ်အတွင်း စွန့်ပစ်အမှိုက်များကြောင့် မြစ်အလှ ပျက်စီး

**ရန်ကုန် ဒီဇင်ဘာ ၁၇**
ရန်ကုန်မြစ်ပြင်အတွင်း နံနက်ပိုင်း မြစ်ရေကျချိန်နှင့် ညနေပိုင်း မြစ်ရေတက်ချိန်တို့တွင် နေရာဒေသအသီးသီးရှိ မြစ်၊ ချောင်း၊ မြောင်းများမှတစ်ဆင့် မျောပါလာသော စည်းကမ်းမဲ့ စွန့်ပစ်အမှိုက်များနှင့် ဒိုက်မော်များ၊ ငှက်ပျောရွက်များ မြစ်အတွင်း တစ်နေ့တခြား ပိုမိုများပြားလာလျက်ရှိသည်။

စည်းကမ်းမဲ့ပြည်သူတချို့ မြစ်အတွင်း အမှိုက်များ စွန့်ပစ်ခြင်းတို့ကြောင့် ရန်ကုန်မြစ်၏ အလှကို ပျက်စီးစေပြီး အချိန်မီ ကြပ်မတ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း နေ့စဉ် ခရီးသွားပြည်သူတစ်ဦးဖြစ်သူ ဒေါ်သူဇာထွေးက ဆိုသည်။

လူတစ်ဦးလျှင် နေ့စဉ် အမှိုက်ထွက်ရှိမှုပမာဏမှာ သုည ဒသမ ၃၉၇ ကီလိုဂရမ်ရှိပြီး အိမ်ထောင်စုတစ်စုလျှင် ပျမ်းမျှလူဦးရေ ခုနစ်ဦးရှိပါက တစ်နှစ်အတွက် အမှိုက်ထွက်ရှိမှုပမာဏမှာ တစ်တန် ဖြစ်ပေသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် တစ်ရက်လျှင် အမှိုက်တန် ၁၆၉၀ ထွက်ရှိပြီး စွန့်ပစ်အမှိုက်သိမ်းဆည်းမှုမှာ ၂၀၁၂ ခုနှစ် အမှိုက်စစ်တမ်းများအရ တစ်ရက်လျှင် တန် ၁၅၅၀ ရှိသည်။ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် တစ်ရက်လျှင် အမှိုက် ၁၅၆၃ တန် ထွက်ရှိခြင်းတို့ကြောင့် အမှိုက်စစ်တမ်းသည် အရေးကြီးပြီး စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု၏ တစ်ခုတည်းသော ဖြေရှင်းမှုတစ်ခုဖြစ်ကြောင်း သိရသည်။

ပြည်သူများအနေဖြင့် မိမိပတ်ဝန်းကျင်နှင့် အခြားဒေသများ၊ မြစ်၊ ချောင်း၊ အင်းအိုင်များတွင် အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်းဖြင့် သန့်ရှင်း၊ သပ်ရပ်၊ သာယာလှပ၊ စိမ်းလန်းသော မြို့တော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်သည်။ **နိုင်လင်းကျော်(ဒလ)**



**❖ စာမျက်နှာ ဆ မှ**
ယနေ့ ကလေးဘဝတွင် စည်းကမ်းရှိမှ နောင်လူကြီးဖြစ်လာသည့်အခါ စည်းကမ်းရှိသည့် လူကြီးလူကောင်းများဖြစ်လာမည်ဟု ဆိုသည်။ ဆရာကြီး၏ ပြောဆို ဆုံးမသံများကို ယနေ့ထိတိုင် ပြန်လည်ကြားယောင်နေမိသည်။

ကာယနည်းပြဆရာမ ဒေါ်ခင်စောမူသည်လည်း လူတန်းများ ဘေးသို့ ကပ်လျှောက်လိုက်ပါလာသည်။ အသံကျယ်ကျယ်ဖြင့် အော်ပြောသည်။ လမ်းလျှောက်လျှင် ခြေထောက်ကို ရှပ်ဆွဲမလျှောက်ကြရန်၊ ခြေထောက်ကို မြှောက်ပြီး လက်ကို လေထဲသို့ လွှဲပင့်လျှောက်ကြရန်၊ ရင်ကိုကော့ ခေါင်းကို မော့ပြီး အသက်ပြင်းပြင်း ရှူသွင်းရှူထုတ်ပြုလုပ်ကြရန်၊ သို့မှသာ ရှူသွင်းလိုက်သော အောက်ဆီဂျင်သည် အဆုတ်တွင်းထိရောက်ရှိပြီး လူကို ကျန်းမာစေကြောင်း ရှင်းပြသည်။ လိုက်တုလိုက်လုပ်ရန် နမူနာ လျှောက်ပြရှုပြသည်။

ဆရာမ နမူနာလုပ်ပြသည့်အတိုင်း ခြေထောက်ကိုပင့် လက်ကိုဝင့်ပြီး လိုက်လုပ်လိုက်လျှောက်ကြသည်။ ရင်ကိုကော့ပြီး ခေါင်းကိုမော့ကြသည်။ သည်အထိ ပြဿနာသည် အလျဉ်းမရှိသေး။ ပြဿနာရှိသည်မှာ အသက်ပြင်းပြင်း ရှူသွင်းရှူထုတ်ခြင်းဖြစ်သည်။ ညွန့်ရွှေ၏ညီမ သန်းသန်းဆောင်းရာသီရောက်ပြီဆိုလျှင် နှာစေးနှာယိုဖြစ်လေ့ရှိသည်။ သူ အသက်ပြင်းပြင်းရှူသွင်းစဉ်က အဆင်ပြေသည်။ ရှူထုတ်လိုက်သောအခါ ရှေ့ကပ်လျက် လူတန်းမှ နှင်းပပထွတ်၏ ကျောကုန်းပေါ်သို့ သူ၏ နှာချေးများ အထွေးလိုက် လွင့်ထွက် ကပ်တွယ်သွားကြသည်။ နှင်းပပထွတ် မကျေနပ်၍ သန်းသန်းနှင့် စကားများကြသည်။ ဤကဲ့သို့ နှာချေးစဉ်သည့် ပြဿနာသည် တစ်နှစ်တည်းမဟုတ်။ နှစ်စဉ်ဖြစ်နေကျ ပြဿနာတစ်ခုဖြစ်သည်။

လမ်းလျှောက်နေကြသော လူအုပ်များထဲမှ ခန္ဓာကိစ္စအတွက် မအောင့်အည်းနိုင်သူများ ခန္ဓာကိစ္စဖြေရှင်းရန်အတွက် လမ်းဘေးဝဲ၊ ယာသို့ အလျင်စလို ပြေးကြသည်။ ဖြေရှင်းကြသည်။ ဤသို့သော အခြေအနေမျိုးနှင့် ကြုံကြိုက်လာပါက ညွန့်ရွှေဦးဆောင်သော စာရေးသူတို့ ကလေးများအဖွဲ့ စတင်လှုပ်ရှားကြသည်။ လမ်းဘေးသစ်ပင် ချုံအုပ်များထဲသို့ အပြေးလေး ဝင်သွားကြသည်။ ထို့နောက် လူစုပြီး အသံကျယ်ကျယ်ဖြင့် “အမလေး . . . သရဲ . . သရဲ . . လုပ်ကြပါဦး . . . ” ဟု စုအော်ပြီး ပြေးထွက်လာကြသည်။ ကိစ္စပြီးသူများကော မပြီးသေးသူများပါ အလန့်တကြားပြေးထွက်လာကြသည်။ ဖိနပ်ကျွတ်သူ ကျွတ်၊ မှောက်လျက် လဲသူလဲ ဖြစ်ကြရသည်။ ထိုသူများကို ကြည့်ပြီး ရယ်ပွဲဖွဲ့ခဲ့ကြသေးသည်။

လူကြီးများ သိသွား၍ ဆူသည်။ ငြိမ်ကုပ်ပြီး လမ်းဆက်လျှောက်ကြသည်။ မောလျှင် ဖန်ပုလင်းဖြင့် ထည့်ယူလာသော ရေကို သောက်ကြသည်။ သောက်ရေတစ်ပုလင်းကို ပါးစပ်မျိုးစုံဖြင့် ဝိုင်းစုဝိုင်းသောက်ကြသည်။ “လက်ရည်တစ်ပြင်တည်း”ဟူသော စကားရပ်၏ အနက်အဓိပ္ပာယ်ကို ထိုစဉ်က လုံးဝမသိနားမလည်ခဲ့။ နှီးဒေါင်းလန်းတစ်ခုတည်းတွင် ထမင်းစုပေါင်းစားသောက်ကြသော အညာဒေသရှိ ထန်းတက်သမားမိသားစုအကြောင်း သင်ရသောအခါမှ ထိုစဉ် ငယ်ဘဝအဖြစ်အပျက်များကို သတိရမိပြန်သည်။

ဒုတိယ ပြင်ဦးလွင်ဟု တင်စားခေါ်ဝေါ်ရသည့် သန်လျင်။ တောင်ကုန်းအနိမ့်အမြင့်များဖြင့် လှိုင်းထနေခဲ့သည်။ အင်္ဂလိပ်ခေတ် လက်ကျန် ကုက္ကိုပင်ကြီးများ လမ်းဘေးဝဲ၊ ယာ နှစ်ဖက်လုံး၌ အစီအရီပေါက်ရောက်ခဲ့ကြသည်။ ဘယ်ဘက်ခြမ်းမှ အပင်ကိုင်းဖျားများနှင့် ညာဘက်ခြမ်းမှ အပင်ကိုင်းဖျားများ တစ်ခုနှင့်တစ်ခု ထိယှက်ငြိတွယ်နေခဲ့ကြသည်။ ဝင်္ကပါထဲတွင် လမ်းလျှောက်နေရသကဲ့သို့ ခံစားခဲ့ရသည်။

ဘေးဝဲ၊ ယာ ဝန်းကျင်တွင်လည်း အပင်မျိုးစုံလင်သည်။ မြရာ၊ စိန်ပန်း၊ ရော်ဘာ၊ မျောက်လှုပ်၊ သရက် စသည်ဖြင့် ရှိခဲ့ကြသည်။ မနီးမဝေး ခပ်လှမ်းလှမ်းသို့ လှမ်းကြည့်လိုက်ပါက သူ့အုပ်စုနှင့်သူ ဝိုင်းဖွဲ့ပြွတ်သိပ်နေကြသော စိမ်းရောင်စို ဝါးရုံတောများကိုလည်း တွေ့ရသည်။ ဤသို့သော ရေမြေတောတောင်သဘာဝဖွဲ့စည်းမှုတို့တွင် ဝေဝေဝါးဝါး ဖြူဖြူလွလွ နှင်းတိမ်ထုများကလည်း ပြိုကျအိဆင်းလာကြသေးသည်။ ပီပြင်သက်ဝင်လွန်းလှသည့် ပန်းချီကားတစ်ချပ် ဖြစ်ခဲ့သည်။ ဤသို့သော သဘာဝအနေအထားများတွင် လမ်းလျှောက်၍ရသော ခံစားမှုအရသာမျိုးကို မည်သည့်အခါမျှ ပြန်မရနိုင်တော့ဟု ခံစားမိသည်။

လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာသဖြင့် လမ်းများ ချဲ့ထွင်ကြသည်။ မလွတ်ကင်းသော အပင်များကို ခုတ်ထွင်ဖယ်ရှားခဲ့ကြသည်။ ပြန်လည်အစားထိုးစိုက်ပျိုးခြင်းများ မရှိခဲ့ကြသည့်အတွက် သန်လျင်မြို့၏ သာယာလှပမှုတို့သည် စာထဲပေထဲတွင်သာ ဝမ်းနည်းဖွယ် ကျန်ရစ်ခဲ့ရတော့သည်။

စနေနေ့နံနက်တိုင်း စောစောထ၍ လမ်းလျှောက်ပြိုင်ခြင်းဟူသော ချစ်စရာအလေ့အကျင့်ကောင်းများသည်လည်း အမျိုးမျိုးသောအကြောင်းပြချက်များကြောင့် ကာလအတန်ကြာသည့်တိုင် ငြိမ်သက်တိတ်ဆိတ်နေခဲ့ရသည်။ ယခုတစ်ဖန် ပြန်လည်၍ အသက်ဝင်လာပြန်ပြီ ဖြစ်သည်။ ပြန်လည်ရရှိလာသော ဤအခွင့်အရေးမျိုးကို လက်လွှတ်ခံ၍မဖြစ်။ သားငယ်နှင့် သမီးငယ်တို့ကို နှိုးလိုက်သည်။ မျက်နှာသစ် အဝတ်အစားလဲပေးပြီး လမ်းလျှောက်ထွက်ရန်အတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှိရာဆီသို့ ဦးတည်လျှောက်လာကြသည်။

သားငယ်နှင့် သမီးငယ်တို့အား ဤကဲ့သို့သော အလေ့အကျင့်ကောင်းများကို လက်ဆင့်ကမ်းပေးလိုသည်။ သူတို့လေးတွေ ပျော်ကြမည်မှာ သေချာသည်။ ။